
# အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု



## အသွင်ကူးပြောင်းရေးနှင့် တရားမျှတမှုဆိုင်ရာ ကုလသမဂ္ဂချဉ်းကပ်မှုအပေါ် ပြန်လည်ဆန်းသစ်ခြင်း

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေသည်။




# အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

## အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ကုလသမဂ္ဂချဉ်းကပ်မှုအား ပြန်လည်ဆန်းသစ်ခြင်း

**Brandon Hamber**

ပါမောက္ခ **John Hume** နှင့် **Thomas P. O'Neill in Peace, International Conflict Research Institute** နှင့် **Transitional Justice Institute၊Ulster University၊**

၂၈ စက်တင်ဘာ ၂၀၂၁

ဤစာတမ်းသည် အထွေထွေအတွင်းရေးမှူးချုပ်၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်အား ကုလသမဂ္ဂချဉ်းကပ်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး ပြန်လည်ရှုမြင် သုံးသပ်ထားသော လမ်းညွှန်ချက်များကို စုစည်းတင်ပြထားသည်။ သို့သော်လည်း အဆိုပါစာတမ်း သည် စာရေးသူ၏အမြင်များသာဖြစ်ပြီး ကုလသမဂ္ဂ ရန်ပုံငွေအစီအစဉ်များနှင့် အခြားလုပ်ငန်း ခွဲများအပါအဝင် ကုလသမဂ္ဂ၏ သဘောထားအမြင်များကို အတိအကျကိုယ်စားပြုသည့် စာတမ်း မဟုတ်သကဲ့သို့ ကုလသမဂ္ဂ၏ တရားဝင်မှတ်တမ်းလည်း မဟုတ်ပါ။ ဤစာတမ်းကို ဆွစ်ဇာလန် နိုင်ငံ၏ ပြည်ထောင်စုနိုင်ငံခြားရေးဌာနမှ အဓိက ငွေကြေးပံ့ပိုးမှုဖြင့် ရေးသားပြုစုထားပါသည်။

# မာတိကာ


**မိတ်ဆက်** **5**

**က။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်း ပံ့ပိုးမှုဆိုင်ရာ ဆက်စပ်မှု...** **7**

**ခ။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ဆက်စပ်မှုကို မြှင့်တင်ရန်အတွက် အဓိကအကြောင်းအရာများ။** **13**

**ဂ။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အဓိပ္ပါယ် ဖွင့်ဆိုချက်။** **18**

**ဃ။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ချိတ်ဆက်ခြင်း။** **31**

၁။ ပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးများ အကောင်အထည်ဖော်ခြင်း။

၂။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အထောက်အကူပြု ယန္တရားများ (အတွင်းပိုင်း သွင်ပြင်လက္ခဏာ)

၃။ အရပ်ဘက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်း။

၄။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အစီအစဉ်များ

၅။ ထပ်မံ မဖြစ်ပွားရေး/တကျော့ပြန် မဖြစ်ပွားရေးဆိုင်ရာ အာမခံချက်

၆။ အစီအစဉ် ရေးဆွဲချမှတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရာတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်ဖြင့် ချဉ်းကပ်ခြင်း။

**င။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ကုလသမဂ္ဂစနစ်သို့ ပေါင်းစပ်ခြင်း။** **64**

၁။ ကုလသမဂ္ဂအတွင်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုစွမ်းရည် တည်ဆောက်ခြင်း

၂။ စိတ်ပိုင်းဆိုင်ရာ ရှုထောင့်အမြင်ကို ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ မူဘောင်တစ်ခုအဖြစ် ပေါင်းစပ်ခြင်း

၃။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို စိတ်ကျန်းမာရေး လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုမြှင့်တင်ရာ အထူးနေရာတစ်ခုအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း

၄။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ယန္တရားများ၏ အစိတ်အပိုင်း တခုအဖြစ် မြှင့်တင်ခြင်း

၅။ ရပ်ရွာလူမှုအသိုက်အဝန်းအဆင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များကို ဖြည့်ဆည်းပေးနိုင်ရန် ချိတ်ဆက်ခြင်း

၆။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ
တရားမျှတမှုတို့၏ဆက်စပ်မှု တိုးတက်စေရန် တိုင်ပင်ဆွေးနွေးမှုနှင့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ခြင်း၊
၇။ စိတ်ကျန်းမာရေး လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ
တရားမျှတမှုဆက်စပ်မှုကို တိုးတက်စေရန် ပြင်ပ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို ပံ့ပိုးကူညီခြင်း၊
၈။ ရေတိုရေရှည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတွင် ရင်းနှီးမြှုပ်နှံခြင်း။
၉။ ရပ်ရွာလူမှုအသိုက်အဝန်း စည်းရုံးလှုံ့ဆော်မှု မြှင့်တင်ခြင်းနှင့် ပံ့ပိုးကူညီခြင်း။

**နောက်ဆက်တွဲ ၁ / IASC ချဉ်းကပ်မှု** 71
**အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ကြားဝင်ဆောင်ရွက်ပေးခြင်း ပိရမစ်**

**နောက်ဆက်တွဲ ၂ / ဖြစ်စဉ်လေ့လာမှု** 74
**စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် ပံ့ပိုးကူညီမှုများ၊** ဂမ်ဘီယာ

**နောက်ဆက်တွဲ ၃ / ဖြစ်စဉ်လေ့လာမှု** 78
**စစ်ပွဲဒဏ်ရာများမှသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ မြှင့်တင်ခြင်း၊** ဆီရာလီယွန်

**နောက်ဆက်တွဲ ၄ / ဖြစ်စဉ်လေ့လာမှု** 81
**လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအား လူမှုရေးစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု၊** ကိုဆိုဗို

**နောက်ဆက်တွဲ ၅ / ဖြစ်စဉ်လေ့လာမှု** 85
**လူမှုမိတ်ဖွဲ့ခြင်း၊** မြောက်အိုင်ယာလန်

**နောက်ဆက်တွဲ ၆ / ဖြစ်စဉ်လေ့လာမှု** 87
**မျိုးဆက်အသီးသီးအကြား စိတ်ပိုင်းဆိုင်ရာ လူမှုရေးလုပ်ငန်း၊** ဘူရွန်ဒီ

**နောက်ဆက်တွဲ ၇ / ဖြစ်စဉ်လေ့လာမှု** 90
**ပြန်လည်လွတ်မြောက်လာသော အကျဉ်းသားများ၏ လူမှုအသိုက်အဝန်းနှင့် တစ်ဦးချင်း စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှု၊** ရဝမ်ဒါ

**ကိုးကား** 95

# မိတ်ဆက်

## INTRODUCTION

ဤစာတမ်းသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး (OHCHR) ရုံးနှင့် ပူးပေါင်း၍ အထွေထွေ အတွင်းရေးမှူးချုပ်၏ အမှုဆောင်ရုံးမှ ဦးဆောင်သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ကုလသမဂ္ဂချဉ်းကပ်မှုအား ပြန်လည် ဆန်းသစ်မွမ်းမံခြင်းဆိုင်ရာ ကုလသမဂ္ဂစနစ်တစ်ခုလုံး စီမံကိန်းတွင် ထည့်သွင်းပါဝင်ပြီး၊ ကျွမ်းကျင်သူအတိုင်ပင်ခံ Pablo de Greiff မှ ပံ့ပိုးပေးသည်။[1]

စီမံကိန်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များအတွက် ကုလသမဂ္ဂ၏ ဆောင်ရွက်နေသော ပံ့ပိုးကူညီမှု၊ ခေတ်နှင့်အညီပေါ်ထွက်လာသော အခြေအနေနှင့် လုပ်ငန်းစဉ်၊ ဆောင်ရွက်နေသောမြေပြင်၏ တောင်းဆို ချက်များကို လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းထားသည်။ ယခုစာတမ်းသည် ဤစီမံကိန်းအောက်တွင်ရှိသော လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ခုအတွက် စာရေးသူ၏ ပံ့ပိုးမှု တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု အစီအစဉ်များကို အဓိက အာရုံစိုက်သည်။

ဤစာတမ်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများ မြှင့်တင်ရန်၊ အစပျိုးရန် ရည်ရွယ်ထားပြီး စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအား ပေါင်းစပ်ချိတ်ဆက်ရန် လမ်းညွှန်ချက်နမူနာများ ပေးအပ်ရန် ရည်ရွယ်သည်။

ဤစာတမ်းတွင်

၁။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့၏ ဆက်စပ်မှု ခြုံငုံသုံးသပ်ချက်ကို ဖော်ပြထားသည်။

၂။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့၏ ဆက်စပ်မှုကို မြှင့်တင်ရန်အတွက် အရေးကြီးသော

[1]ဤစာတမ်းနှင် ပတ်သက်၍ ၂၀၂၁ မတ်လ United Nations consultation meeting တွင် ဆွေးနွေးအကြံပြုကြသူများ အားလုံး၊ Mental Health & Psychosocial Support Network (MHPPS.net)မှ ၂၀၂၁ ဇူလိုင်လတွင် ကျင်းပခဲ့သည့် consultation သို့ တက်ရောက်ခဲ့သူများ၊ အလားတူ United Nations Advisory Group တို့အား တန်ဖိုး မဖြတ်နိုင်သည့် အကြံပြုချက်များအတွက်ငင်း၊ ၎င်းတို့၏ စဉ်းစားချင့်ချိန် အသေးစိတ် အကြံပြုချက်များအတွက် Lorena Mellado (UNDP)၊ Emily Kenney (UN Women)တို့အားငင်း၊ ဤစာတမ်းအတွက် ရေးသား အကြံပြုချက်များပေးပို့ကြသည့် Ruth Marsden၊ Ananda Galappatti နှင့် Rama Mani တို့အားငင်း၊ project team မှ Pablo de Greiff ၊ Julia Raue နှင့် Sebastiaan Verels တို့အား လုပ်ငန်းစဉ်တလျှောက် ၎င်းတို့၏ပံ့ပိုးမှု၊ စိတ်ရှည်မှု၊ နက်နဲသည့် အသေးစိတ် အကြံပြုချက်များအတွက်ကျေးဇူးတင်ရှိပါကြောင်း။

စာတမ်း ပြုစုသူ၏ ဆက်သွယ်ရမည့် လိပ်စာ b.hamber@ulster.ac.uk

အကြောင်းအရာများကို မီးမောင်းထိုးပြသည်။

၃။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို အဓိပ္ပါယ်ဖွင့်ဆိုသည်။

၄။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့ကြား ဆက်စပ်မှုများကို အကျဉ်းချုပ်ဖော်ပြထားသည်။

၅။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပိုမိုကောင်းမွန်စွာ ပေါင်းစည်းနိုင်စေရန် ကုလသမဂ္ဂအတွက် အကြံပြုချက်များ ပါရှိသည်။

ဤစာတမ်းတလျောက် ဖြစ်စဉ်နမူနာများကို အသုံးပြုသည်။ သက်ဆိုင်ရာ ဖြစ်ရပ်နမူနာများ၏ အကျဉ်းချုပ်များကို နောက်ဆက်တွဲအခန်းတွင် ဖော်ပြထားပြီး စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖြင့် ပေါင်းစပ်ခြင်းသည် မျက်နှာစာရှုထောင့်စုံ၊ နယ်ပယ်စုံပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး သီးခြား လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်များ *specific programmatic areas* အောက်တွင် အမြဲတမ်း အလွယ်တကူ သီးသန့်အမျိုးအစား ခွဲခြားခြင်းမျိုး မဟုတ်သည်ကို ပြသထားသည်။

သရုပ်ဖော် (နောက်ဆက်တွဲ ၂ - ၇ တွင် ရှု)

# က. စိတ်ကျန်းမာရေးနှင့်ဆက်စပ်သော လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု

## A. THE RELEVANCE OF MENTAL HEALTH AND PSYCHOSOCIAL SUPPORT



လက်နက်ကိုင်ပဋိပက္ခနှင့် ၎င်းမှ စီးဆင်းလာသည့် နိုင်ငံရေးအကြမ်းဖက်မှုများသည် နက်ရှိုင်းစွာဆက်စပ်နေသည်။ ပြင်းထန်သည့် လက်နက်ကိုင်နိုင်ငံရေး ပဋိပက္ခကြောင့် အသက်ဆုံးရှုံးမှုများ၊ ထိုအကြမ်းဖက်မှုများနှင့် ကြုံတွေ့ရသူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေသည်။ အကြမ်းဖက်မှုသည် ဘဝစက်ဝန်းတစ်လျှောက် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ (ကမ္ဘာ့ဘဏ် 2018) မတူညီသောအုပ်စုများ (ဥပမာ အမျိုးသမီးများ၊ လူငယ်များနှင့် ဒုက္ခသည်များ) ကို နည်းလမ်းအမျိုးမျိုးဖြင့် သက်ရောက်လေ့ရှိသည်။ စိတ်ကျရောဂါ၊ စိုးရိမ်စိတ်နှင့် စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှုကဲ့သို့သော တဦးချင်းစီအလိုက် ကျယ်ကျယ်ပြန့်ပြန့် အတိုင်းအတာ သက်ရောက်မှုများကို ပဋိပက္ခဒဏ်ခံရသော လူများတွင် ပုံမှန်အားဖြင့် တွေ့ရှိရတတ်သည်။ (Murthy, 2007; Tol and others, 2013)။ ၎င်းသည် "ဆုံးရှုံးမှုအတွက် ပုံမှန်မဟုတ်သော ပူဆွေးမှုများ” *complicated bereavement reactions*, အရက်၊ မူးယစ်ဆေးဝါးအသုံးပြုမှု ပုံမမှန်မှုများ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့မှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှု၊ ဇီဝကမ္မဖြစ်စဉ် ပုံမှန်မဟုတ်ခြင်း၊ စိတ်ကြောင့်ကြမှုကြောင့်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှု *somatization,* ဒေါသထိန်းချုပ်မှု၊ ပုံမှန်လုပ်ဆောင်မှုများ ပျက်စီးလာခြင်းနှင့် ကလေးများအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာများမှာ ဆက်စပ်နေသည် (Mur-thy, 2007, p. 183)။

တစ်ချိန်တည်းမှာပင်၊ ဤအကျိုးသက်ရောက်မှုများသည် တစ်ပုံစံတည်း ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ စိတ်ဒဏ်ရာခံစားနေရသူများအနေဖြင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော အကြမ်းဖက်ခံရမှု၊ မလုံခြုံမှု၊ ဆုံးရှုံးမှုနှင့် ဝမ်းနည်းပူဆွေးမှုများအပြင် နိစ္စဓူဝ ဒုက္ခအခက်အခဲများနှင့် ပံ့ပိုးကူညီမှုစနစ်များမှ တဦးချင်း အတွေ့အကြုံအလိုက် အမြစ်တွယ်နေခြင်းဖြစ်ပြီး ၎င်းတို့ခံစားနေရမှုများအပေါ် အပြည့်အဝ သက်ရောက်နေသော အကြောင်းအရာများဖြစ်သည်ဟု နားလည်ထားရမည်ဖြစ်သည်။

မည်သည့် လက်နက်ကိုင် ပဋိပက္ခမဆို စစ်ပွဲများအပြင် ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့၊ လူမှုရေး ချန်လှပ်ထားမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ လျင်မြန်သော မြို့ပြအသွင်ဆောင်မှု၊ ပညာရေးညံ့ဖျင်းမှု၊ အိမ်ရာမလုံလောက်မှု၊ ရာဇဝတ်မှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးအရပါဝင်မှု အခွင့်အလမ်းများဆုံးရှုံးမှု၊ ကျားမတန်းတူမညီမျှမှု၊ အကြမ်းဖက်မှု (ဤမျှသာ အကန့်အသတ်မဟုတ်ပါ) တို့အပြင် ပုဂ္ဂိုလ်ရေးနှင့် လူသားများ၏ လုံခြုံရေးကင်းမဲ့မှု စသည့်တို့သည် ၎င်းနှင့် ဆက်စပ်ဖြစ်ပေါ်နေသော လူမှုပြဿနာများကြောင့် ပို၍ ဆိုးရွားပြင်းထန်လာသည် (ကမ္ဘာ့ဘဏ်၊2018 )

နိုင်ငံရေး အကြမ်းဖက်မှုများသည် ရပ်ရွာလူမှု အသိုက်အဝန်းနှင့် နိုင်ငံရေးဆိုင်ရာ အခြေခံအဆောက် အအုံများကို ဖျက်ဆီးခြင်းအပြင် တစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှုသဘော *individual sense of belonging* ကိုလည်း ထိခိုက်စေသည် (Hamber, 2009)။ လက်နက်ကိုင် ပဋိပက္ခကြောင့် ပြည်သူ့အင်စတီကျူးရှင်းများကို ဖျက်သိမ်းခြင်းသည် စံနှုန်းများ၊ စံတန်ဖိုးများနှင့် အခြေခံမှုများကို ထိခိုက်စေနိုင်ပြီး လူမှုအသိုက်အဝန်း တည်ဆောက်ထားမှုကို ထိခိုက်နိုင်သည် (Beristain, 2006; Lykes, 2000)။ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူမှုဆက်ဆံရေးနှင့် ကိုယ်ပိုင်စရိုက်လက္ခဏာများ ရိုက်ခတ်ခံရပြီး မကြာခဏဆိုသလို အုပ်စုအချင်းချင်းကြားနှင့် အုပ်စုတွင်း တင်းမာမှုများ တိုးလာစေသည့် (Arthur, 2011) ယေဘုယျအားဖြင့် လူမှုရေးနှင့် နိုင်ငံရေး ကွဲလွဲမှုများကို ဖန်တီးခြင်း သို့မဟုတ် ပိုမိုဆိုးရွားခြင်းတို့ကို ဖြစ်စေသည်။ (Bracken and Petty 1998) တွင် "ခေတ်သစ်စစ်ပွဲသည် အသက်ကို ဖျက်ဆီးရုံသာမက ဘဝနေထိုင်မှုပုံစံကိုပါ ထိခိုက်စေသည်" ဟု ကိုးကားဖော်ပြသည် (စာ ၃)။

ဤအရာအားလုံး၏ ဆိုလိုရင်းမှာ လက်နက်ကိုင်ပဋိပက္ခ အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လူမှုအသိုက်အမြုံ *social fabric* ကို ပြန်လည်တည်ဆောက်ရန်နှင့် တစ်ဦးချင်းစီ၏ စိတ်ကျန်းမာရေး လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည် (bubenzer and Tankink, 2017a)။ လက်နက်ကိုင် ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ပြန်လည်ထူထောင်ရန်အတွက် လူတစ်ဦးချင်းနှင့် ရပ်ရွာအဆင့်များတွင် ပံ့ပိုးကူညီပေးခြင်း၊ ကျယ်ပြန့်သော လူမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် တရားမျှတမှုရရှိရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ လုံခြုံရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို ဖန်တီးပေးခြင်းအပါအဝင် အသက်ရှင်လွတ်မြောက်လာသူများအား ပံ့ပိုးကူညီရန် လိုအပ်သည်။ အဓိကအားဖြင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်သည့် မက်ခရို *macro* အဆင့် လုပ်ငန်းများကို အလေးပေးလုပ်ဆောင်သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ခြင်းကဲ့သို့သော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွင် (Rokhideh,2017) စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဘေးဖယ်ထားလေ့ရှိကြသည် (A/HRC/36/50/Add.1 တွင်ရှု)။

ပဋိပက္ခ အကျိုးသက်ရောက်မှုနှစ်ခုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့ကို ချိတ်ဆက်ရာတွင် အထူးသက်ဆိုင်ဆက်စပ်မှုရှိသည်။

**အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အခြေအနေများတွင် ပျံ့နှံ့နေသော လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ**

ပြင်းထန်သော လက်နက်ကိုင်ပဋိပက္ခမှ ပေါ်ပေါက်လာသော လူ့အဖွဲ့အစည်းများရှိ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်၊ ယန္တရားများနှင့် ထိတွေ့ဆက်ဆံကြသူ အားလုံးမဟုတ်သည့်တိုင် အများအပြားသည် အထက်တွင်ဖော်ပြထားသော သက်ရောက်မှုအချို့တွေ့ ကြုံနိုင်သည်ဟု ဆိုနိုင်သည်။ ထိုကဲ့သို့သော သက်ရောက်မှုများတွင် တိုက်ရိုက်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ ပျက်စီးနေသော လူ့အဖွဲ့အစည်းများတွင် နေထိုင် အသက်ရှင်သန်ရခြင်း၏ သက်ရောက်မှုများနှင့် ၎င်းတို့၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သည့်

နစ်နာနိုင်ခြေများလည်းပါဝင်သည်။ ထိခိုက်နစ်နာသူ *victims*[2] များသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် အဓိကကိုင်တွယ်ရမည့် ပြဿနာကိစ္စ ဖြစ်သော်ငြားလည်း၊ လူထုကြားတွင်လည်း ထိုကဲ့သို့သော သက်ရောက်မှုများကို ခံစားရနိုင်ဖွယ်ရှိနိုင်သည်။ ထို့ပြင် နိုင်ငံရေး အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်ပတ်သက်သူများ (နိုင်ငံရေးသမားများ၊ အစိုးရဝန်ထမ်းများ၊ လက်နက်ကိုင်အဖွဲ့ ကိုယ်စားပြုသူများနှင့် ခေါင်းဆောင်များအပါအဝင်) နှင့် ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် လုပ်ပိုင်ခွင့်ရှိသူများ (ဥပမာ - ဒေသဆိုင်ရာအရာရှိများ၊ ရဲအရာရှိများနှင့် လူမှုဝန်ထမ်း) တို့လည်း ပါဝင်သည်။ ထို့ကြောင့် ထိုအကျိုးသက်ရောက်မှုများသည် တစ်ဦးချင်း ကောင်းမွန်ပြည့်စုံမှုဘောင်ထက် ကျော်လွန်၍ လူ့အဖွဲ့အစည်းအနှံ့ နယ်ပယ်များစွာတလျောက်၊ အထူးသဖြင့် အသွင် ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် လက်လှမ်းမီခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ ကဏ္ဍများတွင် အကျိုးဆက်များစွာ ရှိလာနိုင်သည်။

ဥပမာအားဖြင့်၊ ပဋိပက္ခမဖြစ်ပွားမီနှင့် ပဋိပက္ခအလွန်ကာလ လူ့အဖွဲ့အစည်းများစွာတွင် တရားမျှတမှုရရှိရန် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဂျန်ဒါအလိုက် ယဉ်ကျေးမှု၊ စီးပွားရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အတားအဆီးများရှိသည် (Reiger, 2016)။ (လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ အပါအဝင်) အထီးကျန်မှု *isolation* နှင့် ခွဲခြားဆက်ဆံ ကဲ့ရဲ့ရှုံ့ချခြင်း *stigmatization* များသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များမှတစ်ဆင့် သတ်မှတ်ပေးထားသည့် ခံစားခွင့်ရှိသူ တစ်ဦးချင်းစီ၏ အခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်နှင့် လက်တွေ့ အကျိုးခံစားခွင့် ရရှိနိုင်ရန်အတွက် သက်ရောက်မှုရှိနိုင်သည်။ ဤစာတမ်းနောက်ပိုင်းတွင် လေ့လာဖော်ထုတ်ထားသည့် ဖြစ်စဉ်နမူနာများအပေါ် အခြေခံ၍ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (UNDP) ၏ လေ့လာတွေ့ရှိချက်များအရ လူမှုစိတ်ပိုင်း

[2] ဤစာတမ်းတွင် အသုံးပြုထားသည့် ထိခိုက်နစ်နာသူ “victim” ဝေါဟာရမှာ အတိတ်တွင် တပါးသူများ လက်ချက်ကြောင့် ချိုးဖောက်မှုများ တွေ့ကြုံ ခံစားခဲ့ရသူများကို ရည်ညွှန်းသည်။ အများအသိအမှတ် ပြုထားသည့် တရားဝင် ဝေါဟာရ ဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် လက်ခံ အသိအမှတ်ပြုထားသည်။ ထိုသို့ဆိုရာတွင် ထိခိုက်နစ်နာသူ “victim” ဝေါဟာရ အသုံးပြုခြင်းသည် အကန့်အသတ်ရှိသည့် အေဂျင်စီ အစုအဖွဲ့ agency သို့မဟုတ် ခံနိုင်ရည်စွမ်းရှိမှု resilience ထို့အတူ ဂျန်ဒါ၊ လူတန်းစား အဆင့်အတန်းနှင့် လူမျိုးစုစသည့် နွယ်ယှက်သည့် အခြေအနေအကြောင်းတရားများအလိုက် သိသာထင်ရှားစွာ ကွဲပြားခြားနားနိုင်သည့် ဒုက္ခခံစားမှုများ၊ ဘုံနားလည်သဘောပေါက်မှုများကိုလည်း ရည်ညွှန်းနိုင်သည်။ ဤသည်မှာ စာရေးသူ၏ သဘောဆန္ဒ ရည်ရွယ်ချက် မဟုတ်ပါ။ စာရေးသူ အသုံးပြုသည့် ထိခိုက်နစ်နာသူ “victim” ဝေါဟာရတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ အသုံးပြုသည့် အသက်ရှင်ကျန်ရစ်သူများ survivor သို့မဟုတ် မည်သည့် ဝေါဟာရ သတ်မှတ်ချက် တစုံတရာမဟုတ် စသည့် မိမိကိုယ်ကို (အခြား) သတ်မှတ်ဖော်ပြချက်များကို ချန်လှပ်မည် မဟုတ်ပါ။ ထို့အပြင် ထိခိုက်နစ်နာသူ “victim” များအတွက် မူဝါဒ၊ ပံ့ပိုးမှုများ အကောင်အထည်ဖော် လည်ပတ်ရာတွင် အခြေအနေ အကြောင်းတရား ဆက်စပ်မှုများကို နက်နဲစွာ ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။

ဆိုင်ရာ ပံ့ပိုးကူညီမှုကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ထိခိုက်နစ်နာသူများပါဝင်မှုကို အားပေးသည့် နောက်ဆက်တွဲ အဖြစ်သာ မကြာခဏ ထည့်သွင်း စဉ်းစားနေကြသော်ငြားလည်း ၎င်းသည် အမှန်အားဖြင့် အရေးကြီးသောလုပ်ငန်းဖြစ်၍ ပူးပေါင်းပါဝင်မှု တိုးလာစေရန်အတွက် အရေးကြီးသော မောင်းနှင်အား *critical vehicle* လည်းဖြစ်သည် (UNDP၊ 2020)။ အခြားဥပမာတစ်ခုမှာ အိမ်တွင်းမှု နယ်ပယ် (အဓိကအားဖြင့် အမျိုးသမီးများနှင့်မိန်းကလေးငယ်များ အပေါ် အကြမ်းဖက်မှု) နှင့် ရာဇဝတ်မှုနယ်ပယ်အပေါ် သက်ရောက်မှုရှိသည့် ကြမ်းတမ်းသော ဖိုသဘာဝအပေါ် အခြေခံသည့်အပြုအမူ *violent masculinities* များ ဆက်လက် တည်ရှိနေခြင်းဖြစ်သည်။

တိုက်ပွဲဝင်စစ်သားဟောင်းများသည် အစုအဖွဲ့ ဖွဲ့စည်းပုံ ပုံစံဖြင့် ဆက်လက်တည်ရှိပြီး၊ ပြန်လည် ပေါင်းစည်းခြင်း နှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ မရရှိပါက ကြမ်းတမ်းသော ဖိုသဘာဝအပြုအမူများ ဆက်လက် တည်ရှိနေခြင်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ တည်မြဲနိုင်မည် မဟုတ်ဘဲ နောက်ထပ်တကျော့ပြန် မဖြစ်ပွားစေရေး *non-repetition* ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။ တရားဝင် နိုင်ငံရေးအလွှာတစ်ခုတွင် ပုံမှန် နိုင်ငံရေးတာဝန်များကို ပြောင်းလဲထမ်းဆောင်နေသော တိုက်ပွဲဝင် စစ်သားဟောင်းအချို့နှင့် ပဋိပက္ခကာလ အတွင်း ပါတ်ဝန်းကျင်အခြေအနေအရ နိုင်ငံရေးကို ခါတော်မီ ပါဝင်ခဲ့သူများတွင် ကြမ်းတမ်းသော ဖိုသဘာဝ လွှမ်းမိုးသည့် ပဋိပက္ခ စရိုက်လက္ခဏာများ တည်ရှိနေပြီး ၎င်းအခြေအနေသည် မကြာခဏဆိုသလို နိုင်ငံရေးစနစ် အတွင်းရှိ ခေါင်းဆောင်မှုပုံစံများတွင် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုပဋိပက္ခများ ပြီးဆုံးသွားသည့်တိုင်အောင် ရေရှည် ဆက်လက်စိမ့်ဝင်နေတတ်သည်။ (Ashe, 2015, 2019)။

နောက်ပြဿနာတစ်ခုမှာ အထက်တွင်ဖော်ပြခဲ့တဲ့ အတိုင်း အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုနှင့် မယုံကြည်မှုများကြောင့် ပိုမိုဆိုးရွားလာတတ်သည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများ တွင် မည်သူတို့ပါဝင်ပတ်သက်သည်နှင့် အဓိက ပါဝင် ပတ်သက်သူများ၏ နိုင်ငံရေးနောက်ခံများပေါ် မူတည်၍ ဤမယုံကြည်မှုကို ဆက်လက် တည်ရှိစေနိုင်သည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများ နှင့် ထိတွေ့ဆက်ဆံသည့် ထိခိုက်နစ်နာသူများ၊ နိုင်ငံရေး သမားများနှင့် ပြည်သူအများ အပါအဝင် လူတစ်ဦးချင်း စီအလိုက် လူ့အဖွဲ့အစည်းအတွင်းရှိ အခြားအုပ်စုများနှင့် ပတ်သက်သည့် ၎င်းတို့၏ ခံယူချက်၊ သဘောထားနှင့် အမြင်များလည်း ရှိလိမ့်မည် (မကြာခဏဆိုသလို ဆုံးရှုံး နစ်နာ မတရားမှု *victimization* နှင့် အမြစ်တွယ် တင်းမာသော အယူအဆ *hardened narratives* များ ဖြင့် ပုံသွင်းခံရလေ့ရှိတတ်သည်)။ ယင်းတို့သည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအခင်းအကျင်း နှင့် ခံယူချက်များကို အစဉ်အမြဲ လွှမ်းမိုးသည်။ တရားစီရင်ရေးများသည် ဖောက်ဖျက်မှုကျူးလွန်သူများ အား တရားစွဲဆို အရေးယူခြင်းဖြင့် နိုင်ငံသားများ၏ ယုံကြည်မှုကို တည်ဆောက်နိုင်သည့် အမျိုးသားရေး အယူအဆသစ် *new national narrative* ဖန်တီးနိုင် သည် (Fletcher and Weinstein, 2002)။ တစ်ချိန်တည်းမှာပင် ပြစ်မှု ကျူးလွန်သူများသည် သီးခြားလူမျိုးစုတစ်စုကို ကိုယ်စားပြုပါက တရားစွဲဆိုမှု

များသည် အုပ်စုအချင်းချင်း ပေါင်းသင်းဆက်ဆံရေး တိုးမြင့်လာစေလိမ့်မည်ဟု အာမခံချက် မရှိပါ။ အုပ်စု တစ်စုသည် ကျူးလွန်သူများကို အပြစ်ရှိသူများအဖြစ် မြင်နေပြီး၊ တဖက်တွင် အခြားအုပ်စုဝင်များက ထိုသူများ ကို အာဇာနည်များဟု ရှုမြင်ခြင်း သို့မဟုတ် ၎င်းတို့သည် နောက်တက်လာမည့် အစိုးရ၏ သားကောင်အသစ်များ ဖြစ်သည်ဟု ရှုမြင်လာပါက အုပ်စုများအကြားပေါင်းစည်း မှု မဖြစ်စေပဲ ပို၍ ကွာဟသွားစေနိုင်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့်ပတ်သက် သော ပါဝင်ဆောင်ရွက်မှု *interventions* များသည် အုပ်စုအချင်းချင်း ဆက်ဆံရေးနှင့် မည်သို့ချိတ်ဆက်နေ ပုံများကို အတွေးအခေါ် သဘောတရားများ၊ သုတေသန လေ့လာမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန် လိုအပ်နေ သေးသည်။ (ဥပမာ Aiken၊ 2010၊ နှင့် Arthur၊ 2011)။


ကိုင်တွယ် မဖြေရှင်းနိုင်သော လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များသည် ထိခိုက်မှုနှင့် နစ်နာမှုများကို ပိုမို ဆိုးရွားစေသည်။

အုပ်စုများအပေါ်နှင့် လူတစ်ဦးချင်းစီအပေါ် အစုလိုက် အပြုံလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အကျိုး သက်ရောက်မှုကို ဖြေရှင်းရန် ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များကို လက်လှမ်းမီရယူခံစားခွင့် မရှိခြင်း၊ ကျူးလွန်ခံရသူများကြုံတွေ့ခဲ့ရသော အတိတ်ကာလ၏ မမျှတမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခြင်းများ၊ သို့မဟုတ် သီးခြား ကိုယ်ပိုင်စရိုက်လက္ခဏာရှိသည့် အုပ်စုများသည် ဘေးဖယ်ခံရခြင်း သို့မဟုတ် ပြောရေး ဆိုခွင့် မရှိခြင်း ဆိုသည့် ခံစားချက်များသည် အနာဂတ် အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် ခြိမ်းခြောက်မှုတို့ဖြစ် သည်။ ကမ္ဘာ့ဘဏ်၏ *Pathways for Peace* စာတမ်းတွင်ပါရှိသော အကြမ်းဖက်မှုပဋိပက္ခ တားဆီး ကာကွယ်ရန် အများပါဝင်နိုင်သော ချဉ်းကပ်မှုများတွင် ဆုံးရှုံးနစ်နာမှုများ အထူးသဖြင့် အခွင့်အာဏာ၊ သဘာဝ အရင်းအမြစ်များ၊ လုံခြုံမှုနှင့် တရားမျှတမှုအခွင့်အရေး များ လက်လှမ်းမီ ရယူသုံးစွဲခံစားခွင့် မရှိခြင်း၊ ဖယ်ကျဉ်ခံ ရခြင်းတို့နှင့် ပတ်သက်သည့် မကျေနပ်ချက်များကို ပဋိပက္ခ မောင်းနှင်အားအဖြစ် အလေးပေးဖော်ပြထား သည် (ကမ္ဘာ့ဘဏ် ၂၀၁၈)။ အခြားသူများက “မိသားစု နှင့် ရပ်ရွာလူမှုအသိုက်အဝန်းများအပေါ် (Holocaust အသက်ရှင်ကျန်ရစ်သူများ၊ ကနေဒါရှိ ဌာနေလူမျိုးများ အတွက် ဘော်ဒါဆောင် ကျောင်းအစီအစဉ်များ) မျိုးဆက်အဆက်ဆက် နှစ်ရှည်လများ အကျိုးသက် ရောက်မှုများ ရှိနေသော စိတ်ဒဏ်ရာသည် ဂလဲ့စားခြေ လက်တုံ့ပြန်မှု၊ အကြမ်းဖက်မှုသံသရာကို တွန်းအားပေး သည်” ဟု အချို့က ထောက်ပြကြသည် (Arthur and Monnier, 2020၊ p. 1)။ ပဋိပက္ခ၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများသည် “လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ခြင်းအပေါ် သက် ရောက်မှုရှိမည်ဖြစ်ပြီး အကြမ်းဖက်မှုနှင့် ယဉ်ပါးလာစေ ပြီး အကြမ်းဖက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်သည်” (Arthur and Monnier, 2020, p. 3)။ “ကြီးမားကျယ်ပြန့်သော အကြမ်းဖက်မှု၊ ပျက်စီးမှု၊ အိုးမဲ့အိမ်မဲ့နှင့် တဦးချင်းဆုံးရှုံး မှု” များ တွေ့ကြုံခဲ့ရပြီး ထိုလိုအပ်ချက်များကို ကိုင်တွယ် ဖြေရှင်းခြင်း မရှိသော ပဋိပက္ခလွန် နိုင်ငံများ၌ အကြမ်းဖက်မှုများ ပြန်လည် ဖြစ်ပွားနိုင်ဖွယ်ရှိသည် (Bubenzerand Tankink, 2017a, p. 199)။ ထိုသို့သော မကျေနပ်ချက်များသည် မျိုးရိုးစဉ်ဆက် အချိန်ကြာမြင့် စွာ၊ တစ်ခါတစ်ရံတွင် နစ်ရာနှင့်ချီ၍ ဆက်လက်တည်ရှိ နိုင်ပြီး ၎င်းတို့အား လောလောလတ်လတ် တွေ့ကြုံခံစား နေရသည့် ပြဿနာများအဖြစ် သတ်မှတ်ထား၍ မရပါ။

**ဤအချက်ကြောင့် (ကြောက်ရွံ့မှု၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် ရှုတ်ချခြင်းကဲ့သို့သော ပုဂ္ဂိုလ်ရေး ဆိုင်ရာ ထိခိုက်မှု) ကျဉ်းမြောင်းသော ရှုထောင့်မှသည် (အုပ်စုအချင်းချင်း မယုံကြည်မှု၊ စွဲမြဲနေသည့် အကြမ်း ဖက် ယဉ်ကျေးမှုများ၊ အမြစ်တွယ်နေသော သဘောထား အမြင်များနှင့် အကြမ်းဖက်မှု သံသရာများ စသည့်) ပိုမို ကျယ်ပြန့်သည့် ရိုတ်ခတ်မှုများအထိ ပဋိပက္ခ၏ စိတ် ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို လူမှုအသိုက်အဝန်း နှင့် နိုင်ငံအဆင့်တွင် ကျွန်ုပ်တို့ မည်သို့ ကိုင်တွယ်ဖြေရှင်း မည်နည်းဆိုသည့် မေးခွန်းသည် အသွင် ကူးပြောင်းရေး ကာလ တရားမျှတမှုတွင် ထည့်သွင်း စဉ်းစားရမည့် အဓိကပြဿနာဖြစ်သည်။** ဤနေရာတွင် လူမှုစိတ်ပိုင်း ဆိုင်ရာ ချဉ်းကပ်မှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအကြား အဓိကဆက်စပ်မှု တည်ရှိနေသည်။

## ခ။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ် ဆက်စပ်မှုကို မြှင့်တင်ရန်အတွက် အဓိကပြဿနာများ

B. KEY ISSUES FOR ENHANCING THE NEXUS OF MENTAL HEALTH AND PSYCHOSOCIAL SUPPORT AND TRANSITIONAL JUSTICE



စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့အကြား ဆက်စပ်မှုအပေါ် ယနေ့အထိ အနည်းငယ်သာ အာရုံစူးစိုက်မှု ရှိသော်ငြားလည်း ချိတ်ဆက်မှုများကို လေ့လာရာတွင် ကျယ်ပြန့်သည့် ဖြစ်နိုင်ချေ အလားအလာ သုံးခုကို တွေ့ရှိခဲ့သည်။

**စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် ကုထုံးနည်း *therapeutic interventions* ဖြင့် ပါဝင်ဆောင်ရွက်ခြင်းထက် ပိုမိုကျယ်ပြန့်သည်။**

ပဋိပက္ခ တိုက်ရိုက် ရိုက်ခတ်ခံရသူများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ထပ်မံဖြည့်စွက်ပေးသည့်လုပ်ငန်းတစ်ခုအဖြစ် တစ်ခါတစ်ရံ ရှုမြင်လေ့ရှိသည်။ အထူးသဖြင့် ပြင်ပအဖွဲ့အစည်းများမှ သို့မဟုတ် ပဋိပက္ခကို နိုင်ငံရေးရှုထောင့်မှ ဖြေရှင်းရန် အတွေ့အကြုံမရှိသေးသော ပုဂ္ဂိုလ်များ အနေဖြင့် ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ကျဉ်းမြောင်းသောအမြင်၊ ချဉ်းကပ်မှုများဖြင့် ဆေးဘက်ဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း *counselling* များစသည်တို့ကိုသာ ထောက်ပံ့ပေးလေ့ရှိသည်။ **ဤအရာသည် အခြေအနေများစွာတွင် ယဉ်ကျေးမှုအရ မသင့်လျော်သလို ပဋိပက္ခမှ လွတ်မြောက်သူများကို ရောဂါတံဆိပ်ကပ်ခြင်း၊ ဆင်းရဲဒုက္ခများကို နောက်ခံ အခြေအနေများမှ သီးခြားခွဲထုတ်ခြင်းနှင့် ဆင်းရဲဒုက္ခ ဖြစ်စေသော အကြောင်းနှင့် အကျိုးတရားနှစ်ခုလုံးကို နိုင်ငံရေးမှ ခွဲထုတ်ခြင်းများ ဖြစ်စေသည်** (Pupavac, 2002)။ ပဋိပက္ခဖြစ်ပွားရာ ဒေသများနှင့် လူသားများအပေါ်ကျရောက်သည့် ကပ်ဘေးကာလများအတွင်း စိတ်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအချို့မှာ ဒုက္ခဝေဒနာကို တုံ့ပြန်သည့် အခြားနည်းလမ်းများထက် စိတ်ခံစားမှုဆိုင်ရာ ကုသရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ပြီး ထိခိုက်နစ်နာစေသော နိုင်ငံရေးအခြေအနေ ဖြစ်ပေါ်စေခဲ့သည်ဟု ဝေဖန်စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည် (Rehberg, 2014)

ထိခိုက်နစ်နာမှုနှင့်ပတ်သက်သည့် ပိုမိုပြည့်စုံသော ရှုထောင့်အမြင်တွင် မျက်မှောက်ခေတ်၊ ခေတ်ပြိုင် သမိုင်းဆိုင်ရာ မမျှတမှုများ၏ အခြားအရေးကြီးသော ရှုထောင့်များဖြစ်သည့် ကိုလိုနီနယ်ချဲ့စနစ်၊ လူမျိုးရေး ခွဲခြားမှုနှင့် မြေယာသိမ်းယူမှုကဲ့သို့သော ဆင်းရဲဒုက္ခများအတွက် ထိခိုက်မှုအန္တရာယ်များ ပံ့တင်ထပ်လေ့ရှိပုံကို မီးမောင်းထိုးပြသည်။ လွှမ်းခြုံပြည့်စုံသည့် ဆင်းရဲဒုက္ခ မှုဘောင်ဆိုသည်မှာ နေရာဒေသတစ်ခုမှ ရွှေ့ပြောင်းသွားခြင်း၏ အရေးပါသော သွင်ပြင်လက္ခဏာ (အထူး

သဖြင့် ဒုက္ခသည်များအတွက်)၊ လက်နက်ကိုင်ပဋိပက္ခကြောင့် ဂေဟဗေဒဆိုင်ရာ ထိခိုက်နစ်နာမှုများ ဆိုသည်မှာ ဘိုးဘွားပိုင်မြေများပျက်စီးဆုံးရှုံးခြင်း၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ရေမြေတောတောင်သဘာဝများကို ဖျက်ဆီးခံရခြင်း၊ ဒေသဆိုင်ရာ တန်ဖိုးများနှင့် သမိုင်းကြောင်းများ (မွေးမြူထားသည့် တိရိစ္ဆာန်နှင့် တောရိုင်းတိရိစ္ဆာန်များသတ်ဖြတ်ခြင်း အပါအဝင်၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာပစ္စည်းများ ဖျက်ဆီးခံရခြင်း၊ မြစ်များနှင့် မြေယာကောင်းများပျက်စီးခြင်း) စသည်တို့နှင့် ဂေဟာစနစ်အထွေထွေ ပျက်စီးခြင်းများကို ဆိုလိုခြင်းဖြစ်သည်။

ပြီးခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်း၊ လက်နက်ကိုင်ပဋိပက္ခ၏သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် မည်သည့်နည်းလမ်းဖြင့်ဆောင်ရွက်ခြင်းသည် သင့်လျော်ထိရောက်မှုရှိကြောင်း စိတ်ကျန်းမာရေး အသိုက်အဝန်းနယ်ပယ်အတွင်း အချေအတင် ဆွေးနွေးမှုများ ဖြစ်ပေါ်ခဲ့သည်။ ရှုပ်ထွေးသော ထိုဆွေးနွေးမှုကို ရိုးရှင်းလွယ်ကူစွာ ဖော်ပြရမည်ဆိုလျှင် နိုင်ငံရေးအကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုအတွက် မတူညီသော ကုစား၊ ကုသမှုအမျိုးမျိုးကို ဆောင်ရွက်ကြသူများအကြား အမြင်မတူသော သဘောထားကွဲလွဲမှုများဟု ဆိုနိုင်သည်။ ***သိမှုအပြုအမူဆိုင်ရာကုထုံး cognitive behavioral therapy (CBT) ကဲ့သို့ ပြင်းထန်စိတ်ဖိစီးမှုဒဏ်သင့်ဝေဒနာ post-traumatic stress disorder (PTSD)*** **ဆေးကုသမှုကုထုံးကို ဦးစားပေးလိုသူများနှင့် ဆေးကုသမှု ကုထုံးထက်စာလျှင် ကုထုံးအနည်းငယ်နှင့် ကိုယ်ထူကိုယ်ထအစီအစဉ်၊ ခံနိုင်ရည်စွမ်းရှိမှုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို အသုံးပြုခြင်းဖြင့် လူမှုပြန်လည်တည်ဆောက်ရေးကို အကျိုးပြုနိုင်သည်ဆိုသည့် ရပ်ရွာလူထုကို တွန်းအားပေးသည့် ချဉ်းကပ်မှုသဘောတရားကို အလေးပေးကြသူများအကြား** ဆန့်ကျင်ဘက်အယူအဆများဖြစ်စေသည် (Saul, 2013)။ **သို့သော် "ပြဿနာအားလုံးကို နည်းလမ်းတခုတည်းဖြင့် ပျောက်ကင်းစေသည်"** ***one size fits all*** **ဟု ညွှန်းဆိုခြင်းမဟုတ်ပါ** (Inter-Agency Standing Committee (IASC) 2007)။ ဆေးပညာကုထုံးဆိုင်ရာ ချဉ်းကပ်မှုသည် အထက်တွင် ဖော်ပြထားသော လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးသက်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် မလွှမ်းခြုံနိုင်သည့် နောက်ခံအကြောင်းအရာနှင့်မသက်ဆိုင်ဘဲ ဒေသခံလူထုများနှင့် တစ်ဦးချင်းစီ၏ ပုံမှန်ခံစားနေရမှုတခုသာဖြစ်သည်ဟု သတ်မှတ်သည့်ဖက်ကို ဦးတည်စေသည့် အန္တရာယ်ရှိနိုင်သည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု လုပ်ငန်းအများအပြားသည် ရပ်ရွာအတွင်း စည်းရုံးလှုံ့ဆော်မှု *community mobilization,* လူမှုအသိုက်အဝန်းနှင့် မိသားစုထောက်ပံ့မှု အားကောင်းခြင်းတို့ ပါဝင်သည့် ကျယ်ပြန့်ပြီး မျှခြေရှိသော လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအပိုင်းထက်စာလျှင် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းနှင့် အခြား ပရော်ဖက်ရှင်နယ် ကုသမှုများကဲ့သို့သော စိတ်ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများကိုသာ ဦးစားပေး လုပ်ဆောင်လိုနေကြဆဲဖြစ်သည်။ ထို့ကြောင့် "ကွဲပြားသော နယ်ပယ်အသီးသီးမှ ကျွမ်းကျင် ပညာရှင်များအကြား၊ စိတ်ကျန်းမာရေးပံ့ပိုးမှုကို ဦးစားပေးလိုသူများ (ပုံမှန်အားဖြင့် စိတ်ပညာရှင်များ၊ စိတ်ရောဂါအထူးကုများနှင့် အခြားသော စိတ်ကျန်းမာရေး ပညာရှင်များ) နှင့် လူမှုရေးလုပ်ငန်းများကို အလေးပေး လိုသူများ (အထူးသဖြင့် လူမှုဝန်ထမ်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်သူများနှင့် အခြားသော

အလွတ်သဘောကျွမ်းကျင်သူများ *paraprofessionals* များ) အကြား အငြင်းပွားမှုနှင့် ပြိုင်ဆိုင်မှုများဖြစ်ပေါ်ခဲ့သည်။” (Wessells and van Ommeren, 2008; Ager, 2008, rehberg, 2014, p.3)။ အလားတူစွာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်ကို သီးသန့်ပံ့ပိုးကူညီနေသူများ (ဥပမာ ဥပဒေဝန်ဆောင်မှုများ သို့မဟုတ် လူ့အခွင့်အရေး အသိပညာပေးရေးကဲ့သို့) အများစုက ၎င်းတို့၏အလုပ်သည် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုရှိသည်ကို ထည့်သွင်း စဉ်းစားလေ့မရှိခြင်း၊ သို့မဟုတ် သီးခြား အထူးပြုလုပ်ငန်းအဖြစ်သာ ရှုမြင်ကြသည်။ **တနည်းဆိုရလျှင် ပဋိပက္ခ တားဆီးကာကွယ်ခြင်း သို့မဟုတ် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုသို့ ချိတ်ဆက်ခြင်းသည် “အစုလိုက် တည့်မတ်ပြုပြင်သော လူမှုစိတ်ပိုင်းဆိုင်ရာကုထုံး” *mass corrective psychosocial therapy* မဟုတ်ပါ။ (Pupavac, 2001, p. 366) သို့သော် အလုံးစုံလွှမ်းခြုံသော အဖွဲ့အစည်းနှင့် အင်စတီကျူးရှင်းဆိုင်ရာ၊ လူမှုရေး၊ နိုင်ငံရေးနှင့် လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများနှင့် ချဉ်းကပ်မှုများကို ရောနှောထည့်သွင်းစဉ်းစား၊ အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ ရေရှည်တည်တံ့သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် ရပ်ရွာအခြေပြု ပါဝင်ဆောင်ရွက်မှုများ community-based interventions အပေါ်တည်မှီသည်။**

ထိခိုက်နစ်နာသူများ၏ ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အရင်းအမြစ်များ မလုံလောက်ခြင်း သို့မဟုတ် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများနှင့် ပေါင်းစည်းနိုင်ခြင်း မရှိသည့် အခြေအနေများတွင် လစ်ဟာသည့်ကွက်လပ်များကို အရပ်ဘက်အဖွဲ့အစည်းများက ပါဝင်ဖြည့်ဆည်းပေးနိုင်သည်ဟု ဆိုရမည်။ အဆိုးရွားဆုံးအခြေအနေများတွင် ဤလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ပြင်ပအဖွဲ့အစည်းများလည်း ပါဝင်ရန် ဖိတ်ခေါ်နိုင်သည်။ ဤသည်မှာ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကို " ပြင်ပမှ ပါဝင်သူများ " သို့ လွှဲပြောင်းပေးခြင်းဖြင့် ဒုက္ခဝေဒနာ ဖြစ်စေသည့် အခြေအနေအကြောင်းတရား *structural conditions* များကို အာရုံလွှဲလိုက်သည့်သဘော ဖြစ်စေတတ်သည် (Lykes and Crosby, 2015)။ ပြင်ပမှ ဝင်ရောက်ဆောင်ရွက်မှု *external interventions* များ သို့မဟုတ် ချဉ်းကပ်မှုများအပေါ် အလွန်အကျွံအားကိုးခြင်းသည် လူမှုအသိုက်အဝန်းအတွင်း ရှိပြီးဖြစ်သော အရင်းအမြစ်များနှင့် ခံနိုင်ရည်စွမ်းအား *resiliencies* များကို ထိခိုက်စေနိုင်သည်။ ပြင်ပမှ ဝင်ရောက်ဆောင်ရွက်မှုများသည် လူတစ်ဦးချင်းစီအား လက်ခံရယူသူသက်သက် *passive recipient* အဖြစ်သို့ ပြောင်းလဲစေပြီး စိတ်ဒဏ်ရာရနေသော လူနာများအဖြစ် တံဆိပ်ကပ်လျက် ပဋိပက္ခအပေါ် နိုင်ငံတကာအမြင်နှင့် ကျယ်ပြန့်သောစနစ်၏ တည်ဆောက်ပုံဆိုင်ရာ ပြဿနာများကို မှေးမှိန်ဝေဝါးစေပြီး ကိုယ်ပိုင်စီမံအုပ်ချုပ်မှု *self-governance* စွမ်းရည်ကို ထိခိုက်စေသည် (Pupavac, 2001)။

ထို့အပြင် တစ်ဦးချင်းစီ၏ကောင်းမွန်ပြည့်စုံမှုရရှိခြင်းသည် လူမှုရေး၊ နိုင်ငံရေး လုပ်ငန်းစဉ်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်ခြင်း၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများနှင့် စီးပွားရေးပြည့်စုံကြွယ်ဝမှု



ဆက်စပ်ချက်၊ ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် နိုင်ငံရေး တည်ဆောက်ပုံ *social and political structures* များသည် ပဋိပက္ခဖြစ်ပေါ်စေသော အဓိကအကြောင်း ရင်းများ ဖြစ်တတ်လေ့ရှိပြီး ထိုအချက်များသည် ပဋိပက္ခ လွန်အခြေအနေများတွင်ပင် အဓိကအန္တရာယ်များဖြစ် တတ်လေ့ရှိသည်ဟူသော အချက်များကို ထိုသို့သော ချဉ်းကပ်မှုက လစ်ဟာလွဲချော်သွားစေနိုင်သည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု သည် အခြားသော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ (ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဲ့သို့သော ပြဿနာများ) နှင့် ဆက်စပ်မှုရှိနေသည်။ သီးသန့်ပြင်ပဆောင်ရွက်မှုများ (ဥပမာ၊ နှစ်သိမ့် ဆွေးနွေး အကြံပေးခြင်း) မှတစ်ဆင့် တစ်ဦးချင်းနှင့် ရပ်ရွာကျန်းမာ ရေးရလဒ်များကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်များကို အပိုအစီအစဉ်တစ်ခုအဖြစ် မဟုတ်ဘဲ ဘက်စုံနှင့် ဖြည့်စွက်အစီအစဉ်များအဖြစ် ထည့်သွင်းပါက ၎င်းတို့၏ အပြန်အလှန်ဆက်နွယ်မှုများသည် တကျော့ ပြန် မဖြစ်ပွားရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရား

မျှတမှုအတွက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်များ ရရှိရန် သော့ချက်တခုဖြစ်သည်။ ဤရည်မှန်းချက် အကောင်အထည်ဖော်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဓိက ပူးပေါင်းလုပ်ဆောင်မှုများ ဆောင်ရွက်ရမည့်အပြင် လူမှုအသိုက်အဝန်းအတွင်း ရှိပြီးသား စွမ်းရည်များနှင့် အရင်းအမြစ်များကိုလည်း အသုံးချရန် လိုအပ်သည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ ပြန်လည်ထူထောင်ရေးနှင့် တကျော့ပြန် မဖြစ်ပွားရေး *non-repetition* တို့ကို သိသာထင်ရှားစွာ ဦးတည်ထည့်သွင်းထားခြင်းဖြစ်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ပိုမိုပြည့်စုံသော လူမှုရေးဆိုင်ရာ လုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခြင်းထက် အစီအစဉ်တကျ သတ်မှတ်ထားသော နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်အဖြစ် ရှုမြင်လေ့ရှိသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ထိခိုက်နစ်နာသူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုမှု တိုးတက်လာစေခြင်းနှင့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို အရေးပါစေခြင်းသည် ထိခိုက်နစ်နာသူများအနေဖြင့် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုလုပ်ငန်းစဉ်အပေါ်" ထင်သာမြင်သာဖြစ်မှု *visibilization*" ကို တိုးတက်စေသည် (A/HRC/36/50/Add.1 တွင်ရှု)

သို့သော်လည်း အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်ကုစားပေးလျော်ရေးနှင့် အာမခံချက်များ မြှင့်တင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် ထောက်ပြထားသည့်အတိုင်း အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များကို ပြောင်မြောက်သည့် အင်စတီကျူးရှင်းဒီဇိုင်းအပေါ်အခြေခံ၍ ပညာရှင်များ၏ နည်းပညာဆန်သည့်လုပ်ငန်း *technocratic exercise* တရပ်အဖြစ် ရှုမြင်မီခိုမှု ဆက်လက်အားကောင်းဆဲဖြစ်သည်။ (A/HRC/30/42 တွင်ရှု)။

"အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ အဆုံးစွန်သော အောင်မြင်မှုသည် ယဉ်ကျေးမှုအဆင့်အတန်းနှင့် လူတစ်ဦး ချင်းစီ၏ ခံယူချက် သဘောထားများဆိုင်ရာ အပြောင်းအလဲများအပေါ် ထင်ဟပ်နေသည် (ထို့အပြင် မူတည်သည်)။ ဒုနှင့်ဒေး၊ စနစ်တကျ ချိုးဖောက်မှုများပြီးနောက် လူမှုပေါင်းစည်းမှု မြင့်မားစွာရရှိနိုင်ရန်အတွက် ဥပဒေပါအခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းအပြင် လူတစ်ဦးချင်းစီနှင့် ရပ်ရွာလူမှုအသိုက်အဝန်း ဘဝများရှိ အဆိုပါချိုးဖောက်မှုများ၏ ဆိုးမွေအသီးသီးကို စူးစမ်းရှာဖွေဖော်ထုတ်ပေးသည့် စာနာမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို လှုံ့ဆော်ပေးပြီး၊ သည်းခံမှုနှင့် လေးစားမှုအဆင့်သစ်များ ရရှိစေသည့် ပံ့ပိုးကူညီမှု အမျိုးအစားများစွာ ပါဝင်ရမည်ဖြစ်သည်။ ပညာရေး၊ ယဉ်ကျေးမှုပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်မှုများ၊ ပွင့်လင်းမြင်သာပြီးအများသူငှာ လက်လှမ်းမီနိုင်သော နယ်ပယ်အဝန်းအဝိုင်းတို့သည် ၎င်းတို့ ထိုက်တန်သလောက် အာရုံစိုက်မှုမရရှိသေးသော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ နယ်ပယ်များဖြစ်သည်" ဆိုသည်ကို (A/HRC/36/50/Add. 1, p. 17) *technocratic exercise* ချဉ်းကပ်မှုမျိုးက လျစ်လျူပြုသွားနိုင်သည်။

ဤစာတမ်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ တစ်ဦးချင်းစီနှင့်ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များအပေါ် အဓိကအာရုံစိုက်ပြီး စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအပေါ် အလေးပေးကာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ပိုမိုတိကျစွာ ချိတ်ဆက်၍ အစုလိုက်အပြုံလိုက် ချိုးဖောက်မှုများ

၏ သက်ရောက်မှုကို အလုံးစုံ ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်သည်ဟု အဆိုပြုထားသည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ကျယ်ပြန့်သည့်ရှုထောင့်သည် ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများ၏ ဆင်းရဲဒုက္ခနှင့် အမည်းစက် *stigma* များ၊ ဆင်းရဲဒုက္ခဖြစ်စေသည့် လက်ရှိ အသွင်ကူးပြောင်းရေးကာလ ပြဿနာ (ဥပမာ တရားမျှတမှု ကင်းမဲ့ခြင်း၊ မညီမျှမှုနှင့် ဆင်းရဲမွဲတေမှု) များကို မြင်ယောင်နိုင်စေရန်နှင့် နောက်ထပ် ထိခိုက်မှုအန္တရာယ်ကို ရှောင်ရှားနိုင်ရန် အထောက်အကူပြုသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (အထူးသဖြင့် နည်းပညာ ပညာရှင်ဆန်စွာ ပိုမိုအလေးပေး ဒီဇိုင်းဆွဲထားလျှင်) အတွက်လည်း သက်ရောက်စေသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များအပေါ်၊ လူမှုစိတ်ပိုင်းဆိုင်ရာ ဝေဒနာဒုက္ခများ ကိုင်တွယ် ဖြေရှင်းရာတွင် ၎င်းတို့၏ ပံ့ပိုးမှုများအပေါ် ဝေဖန်ပိုင်းခြားနိုင်သော အခွင့်အလမ်းဖွင့်ပေးခြင်းဖြင့် ပြန်လည်ထူထောင်ရေး *rehabilitation* ကို အလေးပေး အာရုံစိုက်နိုင်သည်။ ထို့အပြင် ပဋိပက္ခဒဏ်ခံရသူများအား ကူညီရန် ကိုယ်ကျင့်တရား၊ တာဝန်ဝတ္တရား လိုအပ်ချက်များ အပြင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့နှင့် ပတ်သက်သော ခွဲခြမ်းစိတ်ဖြာမှုတို့ကို ပေါင်းစပ်ကာ လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ပေးမှုများသည် တကျော့ပြန် မဖြစ်ပွားစေရေး *non-repetition* နှင့် တိုက်ရိုက် ဆက်စပ်နေသည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို အုပ်စုများအကြား သဘောထားအမြင်များ မြှင့်တင်ရန်နှင့် အကျဉ်းသားများ ပြန်လည်ဝင်ဆံ့ရေး အစီအစဉ်များကဲ့သို့ ပြန်လည်ထူထောင်ရေးအပေါ် အလေးပေးသည့်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်တလဲလဲမဖြစ်စေရေးအပေါ် သက်ရောက်မှုရှိနိုင်မည့် သီးခြားလုပ်ဆောင်မှုများနှင့် တွဲဖက်အသုံးပြုနိုင်သည်။

ထို့အပြင် တကျော့ပြန် မဖြစ်ပွားစေရေး *non-recurrence* ပိုမိုထိရောက်စေရန်အတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု နည်းလမ်းများကို ပြန်လည် ကုစားပေးလျော်ရေး *reparations* အစီအမံများအတွင်း ထည့်သွင်း တည်ဆောက်နိုင်သည်။

အချုပ်ဆိုရသော် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွင်း ပိုမိုပြည့်စုံစွာ ပေါင်းစပ်ခြင်းသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီဆောင်ရွက်မှုနယ်ပယ် ကျယ်ပြန့်စေကာ ပြန်လည်ကုစားပေးလျော်ရေးနှင့် ပြန်လည် ထူထောင်ရေးတို့ကို အတိုင်းအတာ တခုအထိ နက်ရှိုင်းစေပြီး၊ အကျိုးသက်ရောက်မှုအလား အလာ မြင့်မားစေသည်။


# ဂ။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အဓိပ္ပါယ်ဖွင့်ဆိုခြင်း။

## C. DEFINING MENTAL HEALTH AND PSYCHOSOCIAL SUPPORT

လူမှုစိတ်ပိုင်းဆိုင်ရာဟူသော ဝေါဟာရသည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးလုပ်ငန်းစဉ်များကြား အပြန်အလှန်ဆက်နွယ်မှု၊ တစ်ခုနှင့်တစ်ခု စဉ်ဆက်မပြတ် အပြန်အလှန်ဆက်နွယ်နေပုံနှင့် လွှမ်းမိုးမှုတို့ကို ရည်ညွှန်းသည်။ အရေးပေါ်အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ (IASC. 2007) တွင် ကနဦးအသုံးပြုခဲ့သည့်" စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု " ပေါင်းစပ်အသုံးအနှုန်းကို ယခုအခါတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးနှုန်းလျက်ရှိပြီး " လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုကို ကာကွယ်စောင့်ရှောက်ရန် သို့မဟုတ် မြှင့်တင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ကုသရန် ရည်ရွယ်သည့် ဒေသဆိုင်ရာ သို့မဟုတ် ပြင်ပပံ့ပိုးမှုအမျိုးအစားတခုခုကို ညွှန်းဆိုဖော်ပြသည်"(IASC. 2010) ဤကဲ့သို့သော ဆောင်ရွက်မှုများတွင် ရပ်ရွာလူမှုအသိုက်အဝန်းနှင့် မိသားစုပံ့ပိုးကူညီမှုများ အားကောင်းလာစေရေး၊ (လူတစ်ဦးမှတစ်ဦး) အလေးပေးအာရုံစူးစိုက်ပြီး အထူးပြုမဟုတ်သော ပံ့ပိုးမှုများ *non-specialized supports* ၊ စိတ်ပညာရှင်၊ စိတ်ရောဂါ အထူးကုများနှင့် သူနာပြုများမှ ပံ့ပိုးပေးသော အထူးပြု ဝန်ဆောင်မှုများ ပါဝင်နိုင်သည် (IASC. 2007)။ သို့ရာတွင် နွယ်ယှက်ချဉ်းကပ်မှု *overriding approach* သည် ပရော်ဖက်ရှင်နယ်ဝန်ဆောင်မှုများကိုအားကိုးမည့်အစား၊ အားလုံးပါဝင်ဆောင်ရွက်သည့် *participatory processes* လုပ်ငန်းစဉ်များမှတစ်ဆင့် သဘောသဘာဝအလျောက် ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ခံနိုင်ရည်အရင်းအမြစ်များ၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဖော်ထုတ်ခြင်းဖြင့် ရပ်ရွာလူမှုအသိုက်အဝန်းနှင့် လူ့အဖွဲ့အစည်းအတွင်း စွမ်းရည်မြှင့်တင်ခြင်းကို အလေးပေးသည်။ (IASC. 2010) ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင်၊ အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု ရည်ညွှန်းအကိုးအကားအဖွဲ့ Inter-Agency Standing Committee (IASC) ချဉ်းကပ်မှုသည် ဒေသဆိုင်ရာယဉ်ကျေးမှု အရေးပါခြင်းအား ရှင်းလင်းပြတ်သားစွာ အသိအမှတ်ပြုပြီး ရပ်ရွာလူမှုအသိုက်အဝန်း အားကောင်းလာစေရေးနှင့် စွမ်းရည်မြင့်မားရေးတို့ကို ရှေ့ရှုသည်။ လူမှုအထောက်အပံ့များရယူ၊ ပေးဆောင်ရာတွင် ပညာရှင်ဟုဆိုသည့် ပြင်ပမှ ပုဂ္ဂိုလ်များကို အားကိုးမှီခိုခြင်းထက် ရပ်ရွာလူမှုအသိုက်အဝန်း (ဥပမာ၊ ကျောင်းဆရာများ၊



**IASC** ပိရမစ်ကို အောက်ပါအတိုင်း ကိုယ်စားပြုဖော်ပြနိုင်သည်။




ပုံ ၁။ **IASC** စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ပိရမစ် (အရင်းအမြစ်- **GIZ**)၊ **2018**။ **IASC** မူရင်းစာသားအတွက် နောက်ဆက်တွဲ ၁ တွင်ရှု။

ရပ်ရွာလူထုခေါင်းဆောင်များ *civic leaders* သို့မဟုတ် ဘာသာရေးခေါင်းဆောင်များမှတဆင့်) ကိုပို၍ အလေးထားသည် (Rehberg. 2014)။ ထို့အပြင် (IASC ပိရမစ် ၂၀၀၇) အရည်အသွေး အရေးကြီးမှု အတိုင်းအတာ ထက်အောက်၊ နိမ့်မြင့် အဆင့်အတန်း *qualitative hierarchy* ရည်ညွှန်းသတ်မှတ်ထားခြင်း မရှိပါ။ ၎င်းအစား စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို အလွှာလေးခုလုံးတွင်တစ်ပြိုင်နက်တည်း အကောင်အထည်ဖော် လုပ်ဆောင်ရန် မျှော်မှန်းထားပြီး (Deutsche Gesellschaft für Internationale Zusammenarbeit (GIZ),2018)၊ သို့သော် လိုအပ်သော ပံ့ပိုးမှု အရေအတွက်ပမာဏနှင့် နက်နဲမှု အတိုင်းအတာ ကွဲပြားခြားနားမည်ဖြစ်သည်။

### စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဆောင်ရွက်ချက်များ

လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အခြေအနေများ (လက်နက်ကိုင်ပဋိပက္ခများ၊ စစ်ပွဲများနှင့် ဘေးအန္တရာယ် ကပ်ဒုက္ခများအပါအဝင်) အတွင်း ရှင်သန်လွတ်မြောက်လာသူများ survivors အား ပံ့ပိုးကူညီရာတွင် ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်နိုင်ငံများတွင် အများဆုံး အသုံးပြုလေ့ရှိသည့် ဆောင်ရွက်ပေးမှုများမှာ နှစ်သိမ့်ဆွေးနွေး အကြံဉာဏ်ပေးခြင်း၊ ရပ်ရွာအခြေပြု လူမှုပံ့ပိုးခြင်းနှင့် ကူညီခြင်း၊ ဖွဲ့စည်းတည်ဆောက်ထားသော လူမှုရေးလုပ်ငန်းများ structured social activities (ကလေးများနှင့်အဆင်ပြေသည့် နေရာအဝန်းအဝိုင်းများအပါအဝင်)၊ သတင်းအချက်အလက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာပညာရေးနှင့် အသိပညာပေးခြင်းများဖြစ်သည်ဟု ကမ္ဘာလုံးဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ် ချက်တွင် ဖော်ပြထားသည် (Tol and others, 2011)။ **IASC သည် ထိုကဲ့သို့သော ဆောင်ရွက်မှုများ (IASC. 2012)ပေါင်းစပ်ရန် ကြိုးပမ်းခဲ့ပြီး စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာကို ပုံဖော်ရန်အတွက် 4Ws နည်းလမ်းနိဿယ (မည်သူသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သည်ကို လုပ်ဆောင်နေသည် who is where, when, doing what) ဖော်ထုတ်ခဲ့သည်။** လူသားချင်းစာနာမှုဆိုင်ရာ အခင်းအကျင်းများတွင် ကဏ္ဍအသီးသီး တစ်လျောက် ပါဝင်ဆောင်ရွက်သူများအကြား ပေါင်းစပ်ညှိနှိုင်းမှု မြင့်တင်ရန်၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု

အပေါ် တုံ့ပြန်မှုပမာဏ အတိုင်းအတာနှင့် သဘော သဘာဝကို ပိုမို နားလည်သိမြင်ရန် ရည်ရွယ်သည်။ IASC (2012) သတ်မှတ်ထားသော အဓိက လုပ်ဆောင်ချက် အမျိုးအစားများမှာ -

**(က)** လူထုအား ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက် အလက်များ ဖြန့်ဝေခြင်း (ဥပမာ-အပြုသဘောဆောင် သော ရင်ဆိုင်ဖြေရှင်းမှုများနှင့် ရရှိနိုင်သော အထောက် အပံ့များအကြောင်း သတင်းစကားများမှ တဆင့် စိတ် ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်းနှင့် ပတ်သက်သော အသိပညာပေးမှုများအား မြှင့်တင် ပေးခြင်း)၊

**(ခ)** ရပ်ရွာလူမှုအသိုက်အဝန်း စည်းရုံးလှုံ့ဆော်ရေး၊ ရပ်ရွာ ဖွဲ့စည်းမှု community organization ရပ်ရွာလူမှုအသိုက်အဝန်း ပါဝင်ပတ်သက်ပိုင်ဆိုင်မှု community ownership သို့မဟုတ် အရေးပေါ် ကယ်ဆယ်ရေး အခြေအနေများအပေါ် ရပ်ရွာလူမှု အသိုက်အဝန်း ထိန်းချုပ်မှု community control များကို ယေဘုယျ လွယ်ကူချောမွေ့စေခြင်း၊

**(ဂ)** ရပ်ရွာနှင့် မိသားစုပံ့ပိုးမှု အားကောင်းစေခြင်း (ဥပမာ - မိဘအုပ်ထိန်းမှု အားကောင်းစေရေး ပံ့ပိုးမှုများ၊ ဖွဲ့စည်းတည်ဆောက်ထားသော လူမှုရေး၊ အပန်းဖြေမှု သို့မဟုတ် ဖန်တီးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ ရပ်ရွာအသိုက် အဝန်းအလိုက် ကုစားမှုအလေ့အထများ) အပါအဝင် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာ၊ ယုံကြည်ကိုးကွယ်မှု သို့မဟုတ် ဘာသာရေးဆိုင်ရာပံ့ပိုးကူညီမှုများ၊

**(ဃ)** ဘေးကင်းလုံခြုံသောနေရာများ (ဥပမာ - ကလေး များ မွေ့ပျော်အဆင်ပြေသော နေရာအဝန်းအဝိုင်းများ ဖန်တီးခြင်း)၊

**(င)** ပညာရေးကဏ္ဍတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီ မှု (ဥပမာ ကျောင်းများရှိ ဆရာ၊ ဆရာမများအတွက် ပံ့ပိုးမှု)၊

**(စ)** ကာကွယ်စောင့်ရှောက်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ အာဟာရ၊ အစားအသောက်အကူအညီ၊ အမိုးအကာ၊ နေရာစီစဉ်ခြင်း သို့မဟုတ် ရေနှင့် သန့်ရှင်းမှုများတွင် လူမှုရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားခြင်း များအပါအဝင် ပံ့ပိုးကူညီမှုပေးခြင်း၊

**(ဆ)** လူကိုအာရုံစိုက်သည့်လုပ်ငန်း (ဥပမာ စိတ်ပိုင်း ဆိုင်ရာ ရှေးဦးသူနာပြုစုခြင်း သို့မဟုတ် ထိခိုက်လွယ် သော လူတစ်ဦးချင်း/မိသားစုများအား အရင်းအမြစ်များ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာအကူအညီ သို့မဟုတ် ရပ်ရွာအရင်းအမြစ်များနှင့် ချိတ်ဆက်ခြင်းနှင့် ပံ့ပိုးကူညီမှုများ ရရှိပြီးခြင်း ရှိ၊ မရှိ နောက်ဆက်တွဲဆောင်ရွက်ချက်အပါအဝင် လူမှု စိတ်ပိုင်းဆိုင်ရာလုပ်ငန်း၊)

**(ဇ)** စိတ်ပိုင်းဆိုင်ရာဆောင်ရွက်မှုများ (ဥပမာ လူတစ်ဦးချင်း၊ အစုအဖွဲ့များ သို့မဟုတ် မိသားစုများ အတွက် အခြေခံ နှစ်သိမ့်ဆွေးနွေး အကြံဉာဏ်ပေးခြင်း basic counselling၊ အရက်သေစာ /မူးယစ်ဆေးဝါး သုံးစွဲခြင်းကဲ့သို့သော သီးခြားပြဿနာများအတွက် ဆောင်ရွက်ပေးမှုများ၊)

**(ဈ)** အထူးပြုမဟုတ်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများမှ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များကို ဆေးဝါးကုသခြင်း စီမံခန့်ခွဲမှု၊ (ဥပမာ -အထူးပြုမဟုတ် သော ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများမှ စိတ်ပိုင်း ဆိုင်ရာချို့ယွင်းမှုများအား ဆေးဝါးဗေဒ ဆိုင်ရာစီမံခန့်ခွဲ မှု၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများ ခွဲခြားသတ်မှတ်ရန်နှင့် ရည်ညွှန်းလွှဲပြောင်းပေးရန် ရပ်ရွာဝန်ထမ်းများ၏ ဆောင်ရွက်ချက်။ )

**(ည)** အထူးပြု စိတ်ကျန်းမာရေး စောင့်ရှောက်မှုပေးသူ များမှ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များကို ဆေးဝါးကုသ ရေးစီမံခန့်ခွဲမှု၊ (ဥပမာ - အခြေခံကျန်းမာရေး စောင့် ရှောက်မှု၊ အထွေထွေကျန်းမာရေး သို့မဟုတ် စိတ် ကျန်းမာရေးဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အလုပ် လုပ်သော စိတ်ရောဂါအထူးကု ဆရာဝန်များ၊ စိတ်ရောဂါ သူနာပြုများနှင့် စိတ်ပညာရှင်များ)

**(ဋ)** စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီ မှုများကို အထွေထွေ ထောက်ပံ့ပေးသည့် လုပ်ငန်းများ၊ (ဥပမာ - အခြေအနေ လေ့လာသုံးသပ် ခွဲခြမ်းစိတ်ဖြာ ခြင်း၊ စောင့်ကြည့်ခြင်း သို့မဟုတ် အကဲဖြတ်ခြင်း သင်တန်း နှင့် သုတေသနလုပ်ငန်းများ။) အသွင်ကူး

ပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များကို ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်သည့် ထိုကဲ့သို့သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီ မှုများကို သတ်မှတ် ခွဲခြား ဖော်ထုတ်ခြင်းများ ယနေ့အထိ ဖြစ်ပေါ်လာခြင်း မရှိသေးပါ။ အမှန်တရားကော်မရှင်များ ကဲ့သို့သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ် ကာလအတွင်း နစ်နာဒုက္ခရောက်သူများကို မည်ကဲ့သို့ ပံ့ပိုးပေးမည်ကို အဓိကအာရုံစိုက်ခြင်းဖြင့်သာ စိတ်ကျန်းမာရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ချိတ်ဆက်ခြင်းကို အကန့်အသတ်ဖြင့် အလေးပေးဆောင်ရွက်ကြသည် (Byrne, 2004; Hamber, 2009;Phakathi and van der Merwe, 2007)။ သို့သော် မကြာသေးမီကာလများအတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့ကို ချိတ်ဆက်ခြင်းအပေါ် အာရုံစူးစိုက်မှု အရှိန်အဟုန် တစုံတရာ ရရှိခဲ့သည်။ **" ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး" ၂၀၂၀ ခုနှစ် အစီရင်ခံစာတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ပေါင်းစပ်ဆောင်ရွက်ချက်များ ဆက်လက်လိုအပ်နေဆဲဖြစ်ကြောင်း ထောက်ပြထားသည်။** ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ပေါင်းစပ်ဆောင်ရွက်ချက်များသည် လူများနှင့် လူမှုအသိုက်အဝန်းများ၏ ခံနိုင်ရည်စွမ်းအား၊ ပြောင်းလဲမှုများကို မြှင့်တင်ရန် ရည်ရွယ်သည်။)" A/74/976-5/2020/773, p.11)။

ကုလသမဂ္ဂအေဂျင်စီ အတော်တော်များများသည် ဤတောင်းဆိုချက်ကို တိုက်ရိုက် ထည့်သွင်းစဉ်းစားလာကြသည်။ ဥပမာအားဖြင့်၊ ၂၀၂၁ ခုနှစ်တွင် Peacebuilding Fund ၏ Gender and Youth Promotion Initiative မှ" ပြည်တွင်း ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသမီးများနှင့် လူငယ်များအတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှု မြှင့်တင်ရေးနှင့် အားကောင်းစေရေးအပါအဝင် ကဏ္ဍစုံအပေါ် အလေးပေးသည့် အဆိုပြုချက်များကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ [3]

ဤသို့သော ကမ္ဘာကြီး၏ တုံ့ပြန်မှုများသည် နှစ်အတော်ကြာ ဖြစ်တည်နေခဲ့သည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကြား ချိတ်ဆက်ခြင်း၏ အရေးပါမှုကို မြှင့်တင်ပေးသည့် ပညာရှင်ဆန်သော အယူအဆသဘောထားများပေါ်တွင် တည်ဆောက်ထားသည် (Hart, 2008;Hamber, Palmary and Núñez, 2014; Gallagher and Hamber, 2015; IASC, 2007;Vinck နှင့် အခြားများ၊ ;2007 Wessells နှင့် Monterio, 2000, အခြားများစွာ။) Lambourne နှင့် Gitau (၂၀၁၃)တွင် **လူမှုစိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများသည်" ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များအပြင် တစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆီသို့ အလုံးစုံချဉ်းကပ်ရာတွင် အဓိကအစိတ်အပိုင်းအဖြစ် ရှုမြင်သင့်သည်" ဟု ဖွင့်ဆိုထားသည်။** (စာ ၂၄) ထို့အပြင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အေဂျင်စီများက မကြာသေးမီနှစ်များအတွင်း မူဘောင်တရပ်၊ လုပ်ငန်းစု အစီအစဉ်တရပ်အဖြစ် လက်ခံကျင့်သုံးလာခဲ့ကြသည် (GIZ. 2018) ၊ ကုလသမဂ္ဂ ကလေးများရံပုံငွေ (UNICEF 2020၊) ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR 2013၊ UNHCR နှင့် Welton-Mitchell. 2013၊ Reiger 2016, ကုလသမဂ္ဂ ကျား/မ တန်းတူညီမျှမှုနှင့် *gender equality* အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး (UN Women) 2015,

[3] www.un.org/peacebuilding/content/gypi-en .တွင်ရှု


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် UNHCR 2012 ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပဋိပက္ခ အသွင်ကူးပြောင်းမှု အခြေအနေများတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ လမ်းပြမြေပုံရေးဆွဲခြင်း၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ရှာဖွေဖော်ထုတ်ခြင်းများကို တစတစ ပို၍ အလေးပေး အာရုံစိုက်လာကြသည် (Bubenzer and Tankink, 2017a)။ ငြိမ်းချမ်းရေးတည်ဆောက်မှု အခြေအနေရှိ လူမှုစိတ်ပိုင်းဆိုင်ရာ လုပ်ငန်း ကမ္ဘာလုံးဆိုင်ရာ စစ်တမ်းတစ်ခုတွင် အထက်ဖော်ပြပါ ချဉ်းကပ်မှုအချို့အပြင် အခြားသောချဉ်းကပ်မှုများ အထူးသဖြင့် အမှန်တရား ထုတ်ဖော်ပြောဆိုခြင်း *truth-telling* နှင့် ဇာတ်ကြောင်းပြန်ချဉ်းကပ်မှု *narrative approaches* များ ပေါ်ထွက်လာခဲ့သည်ဟု ဖော်ပြသည် (Bubenzer and Tankink 2017b) အဖြစ်အပျက်ဇာတ်ကြောင်းပြန် ပြောပြရုံအဆင့်မှ ကျော်လွန်၍ ဤသည်မှာ လူမှုအသိုက်အဝန်းနှင့် အခြားပံ့ပိုးကူညီမှုများ မပါဝင်ပါက အထီးကျန်ခြင်း *isolation* နှင့် ပြစ်တင်ရှုံ့ချကဲ့ရဲ့ခြင်း *stigmatization* ဖြစ်စေနိုင်သည်။ တရားမျှတမှု လုပ်ငန်းစဉ်များတွင် အသိအမှတ်ပြုမှုနှင့် ပါဝင်ပတ်သက်နိုင်မှုတို့၏ အရေးပါပုံကို အခြားသူများက မီးမောင်းထိုး ထောက်ပြထားသည် (Samarasinghe, 2015)။ ယုံကြည်မှု ပြန်လည်ရယူခြင်းနှင့် လူမှုအသိုက်အဝန်းများကြား အပြန်အလှန်ဆက်ဆံရေးများ ပြန်လည်တည်ဆောက်ခြင်းသည် အခြားသောဘုံချဉ်းကပ်မှုတမျိုးဖြစ်သည် (Bubenzer and Tankink၊ 2017)။ ဆောင်ရွက်မှုများသည် ကနဦးကတည်းက ကျန်းမာရေးနယ်ပယ်တွင် အခြေခံထားပါက **ကျန်းမာရေးသည် တစ်ဦးချင်း၊ လူမှုရေးနှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှုများကို ဦးတည်ပေးနိုင်လေ့ရှိကြောင်း စစ်တမ်းတွင် တွေ့ရှိခဲ့သည်** (Bubenzer and Tankink, 2017b)။

Weyermann (၂၀၀၃)တွင် နီပေါနိုင်ငံရှိ ကျန်းမာရေးအာဟာရဆိုင်ရာ ပရောဂျက်တစ်ခုသည် ကလေးငယ်များအတွက် ပြည့်ဝသော အာဟာရရရှိရေး တိုက်ရိုက်ကျန်းမာရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးရုံသာမက ထိုထက်ပို၍ ချဉ်းကပ်ထားပုံကို ဖော်ပြထားသည်။ မိခင်များနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် ကျယ်ပြန့်သော လူမှုစီးပွားရေး အခြေအနေများ၊ ပဋိပက္ခများ၏ ရိုက်ခတ်သက်ရောက်မှု၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှု၊ နေအိမ်ရှိ အစားအသောက်ဓလေ့နှင့် ကလေးများကို ပြုစုစောင့်ရှောက်ခြင်းစသည့် ထိတွေ့ဆောင်ရွက်မှုများသည် မိသားစုများကို ချိတ်ဆက်ပေးသည်။ ဤစာတမ်းနောက်ပိုင်းတွင် တွေ့ရမည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပရောဂျက်များ(နောက်ဆက်တွဲ ၄ နှင့် ၇ တွင်ရှု) သည် လူတစ်ဦးချင်းစီ၏ ကောင်းမွန်ပြည့်စုံမှုကို တိုးတက်မြှင့်တင်ပေးသည့် နောက်ထပ် လမ်းကြောင်းတစ်ခုဖြစ်သည်။

ထို့ကြောင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအား ဆောင်ရွက်ချက် အစုတစ်ခုအဖြစ် မှတ်ယူနားလည်နိုင်သည်။ ဤကြားဝင်ဆောင်ရွက်ချက်မှုများကို လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးခြင်းနှင့် အရေးပေါ်အခြေအနေများ (မူလအယူအဆ)၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကဲ့သို့သော နယ်ပယ်များစွာတွင် အသုံးပြုခဲ့သည်။

လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များသည် ဤနယ်ပယ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နယ်ပယ်များတွင် တသီးတသန့် ဖြစ်တည်နေမည် မဟုတ်ဘဲ ထိုနယ်ပယ်များ အားလုံးတွင် တွေ့ရှိနိုင်မည်ဖြစ်သည်။ သို့ရာတွင် အောက်တွင် ဖော်ပြထားသည့်အတိုင်း အချို့သော ဆောင်ရွက်ချက်များသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း (ညာဘက်ရှိလုပ်ငန်းများ) နှင့် ပိုမိုလွယ်ကူစွာ ပေါင်းစပ်ထားသည်။

## MHPSS ကြားဝင်ဆောင်ရွက်မှုများ




**မကုန်နိုင်မခမ်းနိုင် အကန့်အသတ်မဲ့ MHPSS ကြားဝင်ဆောင်ရွက်ပေးမှုများစာရင်း**
**Brandon Hamber ၂၀၂၁**

**ထွက်ပေါ်လာမည့်ရလဒ်အပေါ် အခြေခံ၍ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အဖြစ် အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်ခြင်း။**

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနယ်ပယ်တွင် အထူးအားဖြင့်၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွါးမှု မဖြစ်စေရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးရာတွင် ခိုင်မာသော ချိတ်ဆက်မှုကို တွေ့ရှိရသည်။ **အကြမ်းဖက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ပါဝင်ဆောင်ရွက်ချက်များအဖြစ် ထင်ရှားစွာ သတ်မှတ်နိုင်သည့် ကွဲပြားသော ခေါင်းစဉ်အမျိုးမျိုးကို အသုံးပြုလေ့ရှိသည်။** ဥပမာအားဖြင့်၊ အကြမ်းဖက်မှုသံသရာကို ချိုးဖျက်ရန်နှင့် ထပ်တလဲလဲ မဖြစ်စေရန် ကြိုးပမ်းမှုများကို ရည်ညွှန်းရာတွင် ကမ္ဘာ့ဘဏ် (၂၀၁၈) သည် နိုင်ငံတော် အင်စတီကျူးရှင်း အဖွဲ့အစည်းများသာမက လူ့အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကို အားကောင်းစေမည့် လူထုဗဟိုပြု ချဉ်းကပ်နည်းနှင့် ချိတ်ဆက်ခြင်းများကို အကြမ်းဖက်မှု တားဆီးကာကွယ်ခြင်းဟု ရှုမြင်သည်။

ထိုသို့သောချဉ်းကပ်မှုမျိုးသည် -

> **"ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် ဒေသဆိုင်ရာ ပဋိပက္ခဖြေရှင်းရေးများတွင် လူများနှင့် ထိတွေ့ဆက်ဆံမှု *people's engagement* ကို ပင်မရေစီးကြောင်းအဖြစ် ထည့်သွင်းပါဝင်သင့်သည်။ အမျိုးသမီးများ၊ လူငယ်များနှင့် ပစ်ပယ်ခံအုပ်စုများကဲ့သို့သော ကိုယ်စားပြုမှုနည်းပါးသည့် အသံများကို မြှင့်တင်ရန်နှင့် လူများ၏ ထိတွေ့ဆက်ဆံမှု အရည်အသွေးကို မြှင့်တင်ရန် အရေးကြီးသည်။ မတူကွဲပြားသော အုပ်စုများမှ ကိုယ်စားလှယ်များကို ရွေးချယ်ရန်အတွက် အများပါဝင်သော လုပ်ငန်းစဉ်သည် ယုံကြည်မှုတည်ဆောက်ရန်နှင့် အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်မှုကို ဖန်တီးရန်အတွက် အခရာကျသည်" (ကမ္ဘာ့ဘဏ်၊၂၀၁၈၊ စာ ၂၈၂)။**

ကမ္ဘာ့ဘဏ် (၂၀၁၈) သည် တွေ့ဆုံဆွေးနွေးရေးနှင့် အပြန်အလှန်ဖလှယ်မှုများ၊ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး အစီအမံများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ပံ့ပိုးကူညီမှု၊ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများနှင့် အတိတ်ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုများအတွက် ယုံကြည်လောက်သော ဖိုရမ်များ၏ အရေးပါမှုကို မီးမောင်းထိုးပြထားသည်။ ဤလုပ်ငန်းများ အားလုံးသည် ရပ်ရွာလူမှုအသိုက်အဝန်းအဆင့်တွင် ဖြစ်တည်နေသင့်ပြီး ဆုံးရှုံးနစ်နာမကျေနပ်ချက်များ *grievances* ကို လျော့ပါးသက်သာစေရန် ရည်ရွယ်သင့်သည်။ ထိုလုပ်ငန်းများကို ကမ္ဘာ့ဘဏ်က လူမှုစိတ်ပိုင်းဆိုင်ရာဆောင်ရွက်မှုအဖြစ် မသတ်မှတ်သော်ငြားလည်း အထက်ဖော်ပြပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အမျိုးအစား သတ်မှတ်ချက်များအရ စိတ်ကျန်းမာရေးနဲ့ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဆောင်ရွက်မှုများအဖြစ် ရှုမြင် နိုင်သည်။

အလားတူပင်၊ UN Women for Gender Equality and the Empowerment of United Nations (UNWomen) (၂၀၁၅) သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့ပြီး အထူးသဖြင့် ကာကွယ်တားဆီးရေးတွင် အစီအစဉ်များစွာဖြင့် (ဥပမာ - လူမှုစံနှုန်းများကိုပြောင်းလဲရန် ရပ်ရွာလူမှုအသိုက်အဝန်းစည်းရုံးလှုံ့ဆော်ခြင်း၊ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအတွက် ဂျန်ဒါ တန်းတူရေးသင်တန်းနှင့် ဂျန်ဒါရေးရာ ထိခိုက်လွယ် အကဲဆတ်သင်တန်းများနှင့်အတူ အသေးစားငွေကြေး လုပ်ငန်းများမှ တဆင့် စီးပွားရေး မြှင့်တင်ပေးခြင်း) တက်ကြွစွာပါဝင် ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ဖော်ပြထားသည်။ UN Women သည် ထိုလုပ်ငန်းများကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအတွက် ပါဝင်ဆောင်ရွက်မှုများအဖြစ် ရည်ညွှန်းထားခြင်း မရှိပါ။ အလားတူဆောင်ရွက်မှုများအတွက် " ပြည်သူလူထုမှ ငြိမ်းချမ်းရေး တည်ဆောက် ခြင်းလုပ်ငန်း **people-to-people peace-building work**" " အုပ်စုအချင်းချင်း ထိတွေ့ဆက်ဆံခြင်း"၊ “စွမ်းဆောင်ရည်တည်ဆောက်ခြင်း" နှင့် “ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး" စသဖြင့် အခြားအမည်ခေါင်းစဉ်များဖြင့်လည်း ညွှန်းဆိုကြသည်ကို တွေ့ရသည်။

ဤအကြောင်းကြောင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနယ်ပယ် ပညာရှင်များသည် လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများကို ၎င်းတို့၏ သဘောသဘာဝနှင့် ကွဲပြားသော လုပ်ငန်းပုံစံ အမျိုးအစားအလိုက်ထက်စာလျှင် ၎င်းတို့၏ ရည်ရွယ်ထားသော ရလဒ်များအရ အဓိပ္ပါယ်ဖွင့်ဆိုလိုကြသည်။ ထိုကဲ့သို့သောရလဒ်များသည် လူမှုရေး၊ ရုပ်ဝတ္ထု၊ စိတ်ပိုင်းဆိုင်ရာ၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်ရာ ကဏ္ဍနယ်ပယ်များရှိ ကောင်းမွန်ပြည့်စုံမှုနှင့် ညီမျှသည်ဟု ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည် (Gallagher and Hamber, 2015)။ လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများဆိုသည်မှာ လူများကို ၎င်းတို့၏ စွမ်းဆောင်ရည် အမြင့်မားဆုံး ဆောင်ကျဉ်းပေးသည့်၊ ၎င်းတို့ကို အပြုသဘော အကျိုးဖြစ်ထွန်းစေပြီး ငြိမ်းချမ်းသော ဘဝများဆီသို့ ဦးတည်စေသည့်လုပ်ငန်းများဟု အချို့က ဖော်ပြကြသည် (Christensen and Edward, 2015; Gutlove and Thompson, 2004, Bubenzer and Tankink, 2017b)။

ထို့ကြောင့် လူမှုစိတ်ပိုင်းဆိုင်ရာချဉ်းကပ်မှု အဓိပ္ပါယ်ကို အရည်အချင်းပြည့်မီစွာ နောက်ထပ်ဖွင့်ဆိုရမည်ဆိုလျှင်[4]

[4]Hamber and others (2015) တွင် ဖော်ပြထားသည့် ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို International Development Research Centre မှ ပံ့ပိုးသည့် နှစ်ရှည် သုသေတန လေ့လာမှု တစ်စိတ်တစ်ပိုင်းအဖြစ် Brandon Hamber ဦးဆောင်ကာ Inger Agger၊ Sokha Bova၊ Glynis Clocherty၊ Alison Crosby၊ Sumona DosGupta၊Mauricio Gabarit၊ Elizabeth Gallagher၊ Victor Igreja၊ M. Brinton lykes၊ R. Srinivaso Murthy၊ Lorena Niñez၊ Dudu zhe ယခု၊ Ingrid Palmory၊ GomeelaSomarasinghe၊ Jack Soul၊ Shobra Sanpar၊ Nadera Shalhoub Kevorkian၊ Steven M Weine နှင့် Mile Wess တို့၏ ပူးပေါင်းဆောင်ရွက် အကြံပြုချက်များကို အခြေခံ၍ ပြုစုထားသည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေး အကြား ဆက်စပ်မှုကို အသိအမှတ်ပြုခြင်းအားဖြင့် ကောင်းမွန်ပြည့်စုံမှုကို မြှင့်တင်ပေးသည့် ဆောင်ရွက်မှု သို့မဟုတ် အလေ့အထ လုပ်ငန်းတစ်ခုအဖြစ် မှတ်ယူနိုင်သည်။ ဤဆောင်ရွက်မှုများနှင့် အလေ့အထလုပ်ငန်းများသည် အစုအဖွဲ့အသီးသီး (ဥပမာ - ထိခိုက်နစ်နာသူအဖွဲ့များ၊ ဒုက္ခသည်များ၊ လူငယ် သို့မဟုတ် အမျိုးသမီးများ) နေရာအထွေထွေ (ဥပမာ တရားခွင်၊ ဌာနေတိုင်းရင်းသား ကုသရေးဓလေ့ထုံးတမ်းများ၊ ကုခန်း သို့မဟုတ် ဘုရားကျောင်းများ၊) အကောင်ထည်ဖော်သူ အမျိုးမျိုး (ဥပမာ စိတ်ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံ အသိုင်းအဝန်း သို့မဟုတ် တက်ကြွလှုပ်ရှားသူများ) ဖြင့် မောင်းနှင်ဖြစ်တည်နိုင်သည် (Hamber and others, 2015)။

အထက်ဖော်ပြပါ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်" ဆောင်ရွက်ပေးမှုများနှင့် အလေ့အထ လုပ်ငန်း " *intervention and practices* ကို ဖော်ပြထားသည်ကို သတိပြုရန် အရေးကြီးသည်။

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လုပ်ကိုင်ခဲ့သော ပရောဂျက်အဖွဲ့ (Gallagher and Hamber၊ 2015 နှင့် အောက်ခြေမှတ်စု 4) သည် "ပရိုဂရမ်များ" သို့မဟုတ် "ဆောင်ရွက်မှု" အခြေအနေများအောက်တွင် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု နှင့်ပတ်သက်၍ တွေးတောခြင်းမှာ အကန့်အသတ်ရှိသည်။ အကြောင်းမှာ ၎င်းတို့သည် တရားဝင်ရန်ပုံငွေ ထောက်ပံ့ထားသော ပရောဂျက်များကို ဆိုလိုရင်းသာဖြစ်သည်။ သို့သော်လည်း **လက်နက်ကိုင်ပဋိပက္ခ ရိုက်ခတ်ခံရသော လူ့အဖွဲ့အစည်းအများအပြားသည် ပရောဂျက်များ သို့မဟုတ် ပရိုဂရမ်များအဖြစ် လုပ်ဆောင်ခြင်းမဟုတ်သည့် လူ့အဖွဲ့အစည်းအတွင်းနှင့် တစ်စိတ်တစ်ပိုင်းအဖြစ် တည်ရှိနေသည့် ကောင်းမွန်ပြည့်စုံမှုကို ရည်ရွယ်သည့် အလေ့အထများ** (ဥပမာ - ကုစားရေး ထုံးတမ်းများ၊ ဝမ်းနည်းပူဆွေး အောက်မေ့ဖွယ်လုပ်ငန်းစဉ်များ၊ ဘုရားကျောင်းများ၊ အခမ်းအနားများနှင့် အထိမ်းအမှတ်ပွဲများ) နှင့် ထိတွေ့ဆက်ဆံကြသည့် "စိတ်ပိုင်းဆိုင်ရာ အလေ့အထများသည် "ပါဝင်ဆောင်ရွက်မှု" ထက် ပိုမိုကျယ်ပြန့် ထိရောက်စွာ အကြုံးဝင် ထင်ဟပ်သည်ဟု ထောက်ပြခဲ့ကြသည်။



## လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်

လူမှုစိတ်ပိုင်းဆိုင်ရာအယူအဆသည် အထက်တွင် ဖော်ပြထားသည့် လက်တွေ့ဆောင်ရွက်မှု အစုအဝေး နှင့် ဆက်စပ်နေသော်ငြားလည်း၊ နိုင်ငံရေးအကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုကို နားလည်ရန်အတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်အဖြစ် ထည့်သွင်း စဉ်းစားမှုများ တစထက်တစ ကြီးထွားလျက်ရှိသည် (Gallagher and Hamber, 2015)။

အခြေခံအကျဆုံးအဆင့်တွင် လူမှုစိတ်ပိုင်းဆိုင်ရာဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးလုပ်ငန်းစဉ်များကြား အပြန်အလှန်ချိတ်ဆက်မှု၊ တစ်ခုနှင့်တစ်ခု ခွဲခြား၍မရနိုင်ဘဲ စဉ်ဆက်မပြတ် အပြန်အလှန် လွှမ်းမိုးသက်ရောက်ပုံများကို ရည်ညွှန်းသည်။[5] လူမှုစိတ်ပိုင်းဆိုင်ရာကို နိုင်ငံရေးပဋိပက္ခအား ရှုမြင် နားလည်စေနိုင်သည့် ကျယ်ပြန့်သောရှုထောင့်တစ်ခုအဖြစ် ယူဆမှတ်ယူနိုင်သည်။ ဤလူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်သည် လူမှုရေး၊ ရုပ်ဝတ္ထု၊ စိတ်ပိုင်းဆိုင်ရာ၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ နယ်ပယ်များတွင် ကျယ်ပြန့်စွာ ဖွင့်ဆိုထားသည့် ကောင်းမွန်ပြည့်စုံမှု ဝေါဟာရ အဓိပ္ပါယ်ကို အခြေခံ၍ နိုင်ငံရေးအကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုနှင့် ဖြေရှင်းနည်းများကို နားလည် နိုင်စေသည့် သုံးဖက်မြင် prism ဖြစ်သည်။

ထိုသို့သော ရှုထောင့်သည် နိုင်ငံရေးအကြမ်းဖက်မှု၏ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို နားလည် သဘောပေါက်ရန် သော့ချက်အဖြစ် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းတရားများအပေါ် အဓိက အခြေခံသည်။ လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းသည် နိုင်ငံရေးအကြမ်းဖက်မှုမှ ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများကို စဉ်းစားသုံးသပ်ရာတွင် နောက်ခံ အခြေအနေ *context* များမှာ အဓိက အခရာဖြစ်သည်။ ဖြည့်စွက် စဉ်းစားချက်မျိုး မဟုတ်ပါ။

လူမှုစိတ်ပိုင်းဆိုင်ရာချဉ်းကပ်မှုသည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများ၏ ကူးလူးပြောင်းလဲနေသော ပတ်ဝန်းကျင်များတွင် ပြောင်းလဲမှုကို ပုံဖော် ဖန်တီးပေးနိုင်သည့် အရင်းအမြစ်ကြွယ်ဝသူများအဖြစ် *resourceful and active agents* အသိအမှတ်ပြုသည်။ ဤအချက်သည် ထိုသို့သော အခြေအနေများတွင် ဖြစ်ပျက်နေသည့် အရာများကို ရင်ဆိုင်ရန်၊ လိုက်လျောညီထွေ ဖြစ်စေရန်၊ ကိုင်တွယ်ဖြေရှင်းရန်နှင့် တွန်းလှန်ရန် ၎င်းတို့၏ နည်းလမ်းများကို ပိုမိုအား ကောင်းစေသည်။ ဤခံနိုင်ရည်အားသည် တစ်ဦးချင်း ဝိသေသလက္ခဏာမျိုး မဟုတ်ဘဲ၊ မတူညီသော အသိုင်းအဝန်းများ၏ လူမှု

[5] အယူအဆ ဘောင်သတ်မှတ်ရန်အတွက်" လူမှုစိတ် "ဝေါဟာရကို အသုံးပြုသော်ငြားလည်း၊ ၎င်းသည်" စိတ်ပညာ "နှင့်" လူမှုရေး"ကြား ဒွိဘောင်တစ်ခုတည်းကိုသာ လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုသင့်ဟု စိတ်လူမှုရေးမှန်ဘီလူးရှုထောင့်က အသိအမှတ်ပြုသည်။ လက်တွေ့တွင် တစ်ခု သို့မဟုတ် အခြားတစ်ခုကို ပစ်မှတ်ထားသည့် ဆောင်ရွက်မှုများ၊ ပရောဂျက်များကြောင့် ကောင်းမွန်ပြည့်စုံမှုကို ထိပါး ယုတ်လျော့ခြင်း မရှိစေရ။ ( Frosh၊ 2014 နှင့် ;2019 Gallagher and Himber၊ :2015 Hamber, Godligher and Ventevogel, 2014 Williamson and Robinson, 2006)။ Rokhideh (2017)မှတ်ချက် " စိတ်ပိုင်းဆိုင်ရာ" နှင့် " လူမှုရေးဆိုင်ရာ " ရှုထောင့်အချို့ကို သာ ဦးစားပေးခြင်းသည် လူသားအတွေ့အကြုံ၏ နက်နဲရှုပ်ထွေးမှုနှင့် ပုံဖော်ဖြစ်တည်မှုများနှင့် လုံးဝဆန့်ကျင်ရာရောက်သည် (စာ ၂၂၀)။ ဤသဘောတရားရေးရာ ဆွေးနွေးငြင်းခုံမှု အသေးစိတ်အချက်များသည် လက်ရှိအာရုံစူးစိုက်မှုဘောင်ထက် ကျော်လွန်သည်။

အလွှာ၊ ယဉ်ကျေးမှုနှင့် အင်စတီကျူးရှင်းများတွင် အမြစ်တွယ် ရှင်သန်ခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခနှင့် ၎င်း၏အကျိုးဆက်များကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ခွဲခြမ်းစိတ်ဖြာရာတွင် ကျယ်ပြန့်သောစိတ်ဖြင့် လူမှုရေးရှုထောင့်အမြင်ကို ကိုင်စွဲသင့်သည်။ ဤရှုထောင့်အမြင်သည် လူတစ်ဦးချင်း (အချို့ကိစ္စများတွင်စုပေါင်း) ကောင်းမွန်ပြည့်စုံမှုနှင့် ပိုမိုကျယ်ပြန့်သော လူမှုရေး၊ ရုပ်ဝတ္ထု၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ ချိတ်ဆက်မှုများနှင့် ရှုပ်ထွေးနက်နဲသည့် ဆက်စပ်မှုများအပေါ် ပိုမိုနားလည် သဘောပေါက်ခြင်းကို အားကောင်းစေသည်။ ကောင်းမွန်ပြည့်စုံမှုကို အကျယ်တဝင့်



အဓိပ္ပါယ်ဖွင့်ဆိုခြင်းသည် ဤဆန်းစစ်သုံးသပ်မှု၏ ဗဟို ချက်ဖြစ်သည်။ ထိုကဲ့သို့ သောချဉ်းကပ်မှုသည် ဆက်စပ် အကြောင်းအရာကို ဖြေရှင်းရန်နှင့် ကောင်းမွန်ပြည့်စုံမှု ကို မြှင့်တင်ရာတွင် အသုံးပြုနိုင်မည့် ရှိနေပြီးသား လူတစ်ဦးချင်း၊ မိသားစု၊ ရပ်ရွာလူမှုအသိုက်အဝန်းနှင့် လူသားအရင်းအမြစ်များ၊ ခံနိုင်ရည်စွမ်းရှိမှု၊ စွမ်းဆောင် ရည်များနှင့် အခွင့်အလမ်းများကိုလည်း ရှာဖွေဖော်ထုတ် ပေးနိုင်သည်။ လူမှုစိတ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုတွင် ထိုကဲ့သို့သော ခံနိုင်ရည်အား တည်ဆောက်ခြင်းနှင့် မြှင့်တင်ခြင်းသည် ငြိမ်းချမ်းရေးရရှိရန်၊ ကောင်းမွန်ပြည့်စုံ မှုကို ထိန်းသိမ်းရန်၊ အန္တရာယ်ဖြစ်စေသော အကြောင်း ရင်းများကို ဖြေရှင်းရန်နှင့် အနာဂတ်အကြမ်းဖက်မှုများ ကို ကာကွယ်ရန် အဓိကသော့ချက်ဖြစ်သည်ဟု ကောက် ချက်ချသည်။ တစ်ချိန်တည်းမှာပင်၊ အချို့သော အခြေ အနေများတွင် နိုင်ငံရေး အကြမ်းဖက်မှု အတိုင်းအတာ အတိမ်အနက်အရ ရှိရင်းစွဲ ဒေသဆိုင်ရာ အရင်းအမြစ် များ အားကောင်းလာစေရေး အပါအဝင် အန္တရာယ်၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ တိုက်ရိုက် ထိခိုက်သက် ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသ တွင်းနှင့် ပြင်ပအကူအညီများ ပံ့ပိုးပေးရမည်ကို နားလည်ရန်လိုအပ်သည်။ ကောင်းမွန်ပြည့်စုံမှုကို ထိခိုက်စေနိုင်သော လက်ရှိခြိမ်းခြောက်မှုများ၊ စိတ်ဖိစီးမှု များ သို့မဟုတ် ထိခိုက်စေနိုင်သော အန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းသည် ဤချဉ်း ကပ်မှု၏ အခရာ ဖြစ်သည်။ [6]

ထိုသို့သော ကျယ်ပြန့်သောရှုထောင့်အမြင်ကို အသွင် ကူးပြောင်းရေးကာလ တရားမျှတမှုတွင် အသုံးချခြင်း သည် ဥပမာအားဖြင့် အမှန်တရားကော်မရှင်များတွင် ပါဝင်သူများ၏ ကောင်းမွန်ပြည့်စုံမှု ဆိုသည်မှာ အတိတ် က ကြုံတွေ့ခဲ့သည့် တိုက်ရိုက် နိုင်ငံရေးအကြမ်းဖက်မှု များ၏ စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများ သို့မဟုတ် ရင်ဆိုင်ကျော်လွှားရန်အတွက် တစ်ဦးချင်းစီ ရရှိသည့် အထောက်အပံ့ (ဥပမာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်အတွင်း ထိခိုက်နစ်နာသူ အထောက်အပံ့ သို့မဟုတ် ရပ်ရွာအခြေပြု ဆောင်ရွက် ချက်များ) ကိုသာ ရည်ရွယ်ခြင်းမဟုတ်ပါ။ လူမှုစိတ်ပိုင်း ဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်ဆိုသည်မှာ နိုင်ငံရေး အကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုနှင့် ပြန်လည် ထူထောင်ရေးတို့သည် ကျယ်ပြန့်သော အကြောင်းခြင်း ရာ အခြေအနေ *wider context* များနှင့် ခွဲခြား၍မရ ကြောင်း၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များသည် ဤအကြောင်းခြင်းရာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း နားလည်သဘောပေါက် ရန် လိုအပ်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများ တွင် သက်သေခံချက်ပေးခြင်း၏ တိုက်ရိုက် စိတ်ပိုင်း ဆိုင်ရာ သက်ရောက်မှုများ သို့မဟုတ် သီးခြားကိစ္စရပ် တစ်ခုတွင် တရားမျှတမှု ဆောင်ကျဉ်းပေးခြင်းကဲ့သို့ သော တစ်ဦးချင်းစိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိနိုင်သည်။ သို့သော် စစ်မှန်သည့် လူမှုစိတ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုဆိုသည်မှာ အကြောင်းခြင်းရာအခြေအနေ *context* ကို ပြောင်းလဲခြင်းသည် စိတ်ကျန်းမာရေး ဆိုင်ရာ ဆောင်ရွက်ချက်တစ်ခုဖြစ်သည် (Hamber, 2009)။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများသည် တာဝန်ယူမှု၊ တာဝန်ခံမှု၏ ဆက်စပ် အကြောင်းခြင်းရာ အခြေအနေကို ပြောင်းလဲခြင်း၊ တရားဥပဒေစိုးမိုးရေး မြှင့်တင်ခြင်း၊ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ နိုင်ငံရေးတည်ငြိမ်မှုနှင့် လုံခြုံ ရေးကို မြှင့်တင်ပေးခြင်း စသည်တို့ကိုသာ ဦးတည် ဆောင်ရွက်လျက်ရှိသည်။ ကျယ်ပြန့်သော လူမှု စိတ်ပိုင်း ဆိုင်ရာရှုထောင့်ကို အသုံးချခြင်းဆိုသည်မှာ နက်ရှိုင်း သောအကြောင်းအရာနှင့် ကွဲပြားခြားနားသော

[6] စိတ်ခံစားလူမှုရေးမှန်ဘီလူးရှုထောင့်အမြင်အယူအဆ စိတ်ကူးပုံဖော်ရန် ကူညီပေးခဲ့သော Ruth Marsden နှင့် Ananda Galappatti တို့ကို ကျေးဇူးတင်ရှိပါကြောင်း။

နည်းလမ်းပုံစံများဖြင့် တစ်ကိုယ်ရည် ကောင်းမွန်ပြည့်စုံမှု အပေါ် သက်ရောက်မှုများ (ဥပမာ စိတ်ကျန်းမာရေး ဆိုင်ရာ သက်ရောက်မှုများ၊ ပြည်သူလူထု ယုံကြည်မှုနှင့် အုပ်စုအချင်းချင်းကြား အမြင်ခံယူချက် သဘောထားများ အပေါ် သက်ရောက်မှုများ၊) ကျယ်ပြန့်သော အကြောင်း ခြင်းရာအခြေအနေကို ပုံဖော်ခြင်းအဖြစ် အသွင်ကူး ပြောင်းရေးကာလ တရားမျှတမှုကို မိမိတို့ ရှုမြင်ရန် လိုအပ်သည်။

ထို့ကြောင့် ကျယ်ပြန့်သောလူမှုဆိုင်ရာရှုထောင့်သည် အလုံးစုံ ထောင့်စုံ တွေးခေါ်စဉ်းစားရန် ရည်ညွှန်းသည်။ **လူမှုစိတ်ပိုင်းဆိုင်ရာရှုထောင့်သည် အသွင်ကူးပြောင်း ရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များကို မိမိတို့ အစီအစဉ်ဆွဲပုံနှင့် အယူအဆ တွေးခေါ်ပုံဆိုင်ရာတို့ အပေါ် သက်ရောက်မှုများအပြင်၊ အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုလုပ်ငန်းစဉ်အတွင်း ကျွန်ုပ်တို့ ဖော်ဆောင်မည့် အပြောင်းအလဲကို လူမှုရေးနှင့် နိုင်ငံရေး အဆင့်များတွင် မည်ကဲ့သို့ ပိုမိုကျယ်ပြန့်စွာ ဆောင်ကျဉ်း နိုင်ပုံများအပေါ် နားလည်သဘောပေါက်မှုနှင့် ကျယ်ပြန့် သည့် macro (ယဉ်ကျေးမှု)၊ meso (နိုင်ငံရေး) နှင့် micro (တဦးချင်း) လူမှုစိတ်ပိုင်းဆိုင်ရာ အမြင်ရှုထောင့် တန်ဘိုးများအပေါ် သက်ရောက်တာသွားသည်။**

## နိဂုံး

ပဋိပက္ခဆိုးမွေများ၏ သက်ရောက်မှုကို ယနေ့အထိ အပြည့်အဝ မကိုင်တွယ်နိုင်သေးသည့် အသွင်ကူးပြောင်း ရေးကာလ တရားမျှတမှုနယ်ပယ်သို့ လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်မှ ချဉ်းကပ်မှုက အကျိုးကျေးဇူးများစွာ ဆောင် ကျဉ်းပေးနိုင်မည်မှာ သံသယဖြစ်ဖွယ် မရှိပါ။ ကြီးလေး ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ အတွက် ပြန်လည်ထူထောင်ရေး ပံ့ပိုးမှုများနှင့် အတူ ထိုသို့သော လူမှုစိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်း ပုံနည်းလမ်းများသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများနှင့် တကျော့ပြန် မဖြစ်ပွား စေရေးကို အာမခံမည့် ကြိုးပမ်းမှုများကို အားကောင်းစေ မည်ဟု အပြည့်အဝ အခိုင်အမာ မသတ်မှတ်ရသေးပေ။ **စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု သည် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည့် ကြားဝင် ဆောင်ရွက်မှုများနှင့် အလေ့အကျင့်များဖြင့် ဖြည့်စွက် ပံ့ပိုးပေးပြီး သင့်လျော်ပါက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် သို့မဟုတ် ပေါင်းစပ်နိုင် သည်မှာ သိသာထင်ရှားသည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့သည် အသွင်ကူး ပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်း၏ လူတစ်ဦး ချင်း၊ လူမှုရေး၊ ရုပ်ဝတ္ထုပစ္စည်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများ (ယခုအထိ အလေးပေး အာရုံစိုက်မှု နည်းပါး နေသေးသည့်) အကြား ဆက်စပ်မှုကို ထည့်သွင်းစဉ်းစား ရန် ဘက်စုံမြင်မှန်ဘီလူး တစ်ခုအဖြစ်လည်း ပံ့ပိုးပေး သည်။** နောက်ဆုံးအနေဖြင့်၊ (အောက်တွင် ဆက်လက် ဖော်ပြထားသည်အတိုင်း) လူမှု စိတ်ပိုင်းဆိုင်ရာချဉ်းကပ် မှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ထိတွေ့ပါဝင်နေသူများ၏ စိတ် ကျန်းမာရေးကို မြှင့်တင်ပေးပြီး တချိန်တည်းမှာပင် အထူးသဖြင့် တကျော့ပြန်မဖြစ်ပွားရေးနှင့် ပြန်လည် ကုစားပေးလျော်ရေး အာမခံချက်များကို အားကောင်း ခိုင်မာစေသည်။

# ဃ။ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ချိတ်ဆက်ခြင်း။

D. LINKING MENTAL HEALTH AND PSYCHOSOCIAL SUPPORT AND TRANSITIONAL JUSTICE

ဤအခန်းတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်နိုင်ပုံကို သုံးသပ်ထားသည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့အကြား ချိတ်ဆက်မှု၏ အဓိကနယ်ပယ်ခြောက်ခုကို အောက်တွင်ဖော်ပြထားသည့်အတိုင်း အမျိုးအစားခွဲခြားထားသည်။ ဤကဏ္ဍတစ်ခုစီကို အလှည့်ကျဆွေးနွေးမည်ဖြစ်ပြီး၊ လက်တွေ့ကျင့်သုံးမှုများနှင့် စိန်ခေါ်မှုများကို နမူနာဖြစ်စဉ်များဖြင့် မီးမောင်း ထိုးပြထားသည်။

| ၁။ ပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးများအား သိရှိနားလည် အကောင်အထည်ဖော်ခြင်း။ | ၂။ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု အထောက်အကူပြု ယန္တရားများ (အတွင်း ပိုင်း သွင်ပြင်လက္ခဏာ) | ၃။ အရပ်ဘက် အဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်း။ | ၄။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုဆိုင်ရာ အစီအစဉ်များ | ၅။ ထပ်မံ မဖြစ်ပွားရေး မပေါ်ပေါက်စေရေး အာမခံချက် | ၆။ အစီအစဉ် ရေးဆွဲချမှတ်ရာတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သော ရှုထောင့်psychosocial lens ဖြင့် ချဉ်းကပ်ခြင်း။ |
|---|---|---|---|---|---|
| နစ်နာသူများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးခြင်း | ထိရောက်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုမူဆက်ဆံခြင်း | Third-party ပြင်ပမှ အဖွဲ့အစည်းများကို စည်းရုံးလှုံ့ဆော်မှုနှင့် ပံ့ပိုးမှု | လူမှုအသိုင်းအဝိုင်း အခြေပြု လူမှုစိတ်ပိုင်းဆိုင်ရာ psychosocial interventions ဆောင်ရွက်ချက်များ | လူမျိုးရေး ကွဲပြားမှုနှင့် မျိုးဆက်များအကြား ဖြစ်ပွားသည့် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း။ | ခွဲခြမ်းစိတ်ဖြာ အစီအစဉ်ရေးဆွဲခြင်း နည်းနိဿယအဖြစ် လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့် ကိုအသုံးပြုခြင်း။ |
| | | | ပြန်လည်ကုစား ပေးလျော်မှု reparation အဖြစ် ပြန်လည်ထူထောင်ရေး rehabilitation | | |
| အခွင့်အရေးများ ပိုမိုလက်လှမ်းမီစေခြင်း | တိုက်ရိုက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု ၊ ဥပမာ - စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးကူညီမှု emotional support ၊ လွှဲပြောင်းပေးခြင်း referral ၊ follow-up နောက်ဆက်တွဲ ဆောင်ရွက်ချက်များ | လူထု စည်းရုံး လှုံ့ဆော်ခြင်း။ | ပြန်လည်ကုစား ပေးလျော်မှု reparations ပုံစံ အမျိုးအစားများ၏သက်ရောက်မှုကို ချဲ့ထွင်ခြင်း။ | ပြန်လည်ထူထောင်ရေး rehabilitation နှင့် ပြန်လည်ပေါင်းစည်းရေး reintegration | လူမှု စိတ်ပိုင်း ဆိုင်ရာ ချမ်းသာသုခ psychosocial well-being ကို အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု မျှော်မှန်းချက် ရလဒ်တခုအဖြစ် ပေါင်းထည့်ခြင်း။ |

## ၁။ ပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးများကို အကောင်အထည်ဖော်ခြင်း။

ဤအခန်းတွင် ထိခိုက်နစ်နာသူများ၏ ပူးပေါင်းပါဝင်မှု၊ အခွင့်အရေးများ ပိုမို လက်လှမ်းမီရရှိရေးအတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို မည်ကဲ့သို့ အသုံးချ၍ မြှင့်တင်နိုင်ပုံများကို ဖော်ပြထားပြီး ၎င်းတို့နှစ်မျိုးစလုံးသည် စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုလားရာပုံစံများနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများစွာ ပါဝင်သည်။

### ထိခိုက်နစ်နာသူများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးခြင်း

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနယ်ပယ်တွင် ထိခိုက်နစ်နာသူများကို ဗဟိုပြုသည့် အယူအဆ *victim-centered discourse* ကြီးထွားလာခဲ့ပြီး မူဝါဒများထဲတွင် အမြစ်တွယ်လာပြီဖြစ်သည် (Ferstma, 2011)။ (Bonacker၊ Form နှင့် Pfeiffer (2011)။ အောင်မြင်မှုအချို့ ရှိသော်ငြားလည်း၊ ပညာရှင်အများစုက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် ထိခိုက်နစ်နာသူများအား ပြုမူဆက်ဆံမှုအပေါ် ဝေဖန်ထောက်ပြကြသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် **ထိခိုက်နစ်နာသူဗဟိုပြုမှု အခြေခံမူကို ယေဘုယျအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်ပြုထားသော်လည်း၊ အပြည့်အဝ ပူးပေါင်းပါဝင်မှုသည် အပေါ်ယံသာ ဖြစ်လေ့ရှိသည်** ( De Waardt and Weber, 2019)။ သို့ရာတွင် ထိခိုက်နစ်နာသူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အမှန်တကယ် အကောင်အထည်ဖော်နိုင်သည့် အခြေအနေများတွင် စွမ်းဆောင်ရည်မြှင့်မားလာခြင်းနှင့် အင်အားမဲ့မှုကို ကျော်လွှားနိုင်ခြင်း၊ စိတ်ဒဏ်ရာများကို ပိုမိုကောင်းမွန်စွာ ကုစားနိုင်ခြင်း *enhanced trauma healing* ၊ အထီးကျန်မှုနှင့် ဖယ်ကျဉ်ထားမှု လျှော့ကျခြင်း၊ ရပ်ရွာလူထုလက်ခံနိုင်မှုနှင့် ပြန်လည် ပေါင်းစည်းခြင်းအတွက် အခွင့်အလမ်းပေးခြင်းနှင့် ထိခိုက်နစ်နာသူများကိုယ်တိုင် ဂုဏ်သိက္ခာရှိစွာ တန်ဖိုးထားခံရခြင်း၊ အခွင့်အရေးရထိုက်သူများအဖြစ် အသိအမှတ်ပြုခံရသည်ဟု ခံစားရခြင်း အပါအဝင် တဦးချင်းစီအလိုက် အကျိုးကျေးဇူးများစွာ ရရှိခံစားကြရသည် (Redress, 2012; Sprenkels, 2017; Taylor၊ 2014)။

ထိခိုက်နစ်နာသူများ ပူးပေါင်းပါဝင်မှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ဒေသဆိုင်ရာအဆင့်တွင် ပိုမိုသိမြင်နားလည် လာစေခြင်း၊ အင်စတီကျူးရှင်းများအပေါ်နှင့် အစုအဖွဲ့များအကြား ယုံကြည်မှု မြှင့်မားစေခြင်း၊ ထိခိုက်နစ်နာသူများ ရှေ့ထွက် ပြောဆိုလာစေရန် အားပေးခြင်း၊ ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ သတ်မှတ်ဖော်ထုတ်နိုင်ခြင်းဖြင့် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်မှုကို ပံ့ပိုးပေးနိုင်သည်ဟုဆိုသည် (Sprenkels, 2017; Taylor၊ 2014)။ ဥပမာ၊ လုပ်ငန်းစဉ် process တလျှောက် ထိခိုက်နစ်နာသူများ၏ အသံကြားနာခွင့်ရရှိခြင်းသည် (Gibson, 2002)၊ ၎င်းတို့၏ အဖြစ်အပျက် ဇာတ်ကြောင်း ပြောပြခွင့်ရသဖြင့် လုပ်ထုံးလုပ်နည်းအရ ထိခိုက်နစ်နာသူများက မျှတမှုရရှိသည်ဟု ခံစားကြရသဖြင့် တောင်အာဖရိက အမှန်တရားနှင့် ပြန်လည် သင့်မြတ်ရေးကော်မရှင်၏ လွတ် ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ လူအများကြားတွင် တရားမျှတမှုအပေါ် သဘောထားအမြင်များ လက်ခံမှုနှင့်ထောက်ခံမှု ပို၍ ရရှိလာခဲ့သည် (Phakathiand van der Merwe, 2007)။

ထိခိုက်နစ်နာသူများသည် အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲ *institutional changes* များတွင် ပါဝင် နိုင်သည့် အခန်းကဏ္ဍရှိသောကြောင့် ထိခိုက်နစ်နာသူများ ပူးပေါင်းပါဝင်မှုသည် နောက်ထပ်တဖန် ဖြစ်ပွားနိုင်ခြေကို လျော့ကျစေနိုင်သည် (Correa,Guillerat and Magarrell, 2009)။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ထိခိုက်နစ်နာသူများ၏ စစ်မှန်သော ပူးပေါင်းပါဝင်မှုနှင့်[7] တွေ့ဆုံတိုင်ပင် ဆွေးနွေးမှု consultations များသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို

ပြည်သူဗဟိုပြု စိတ်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အကျိုး သက်ရောက်မှုကို မြှင့်တင်ရာတွင် အဓိက အစိတ်အပိုင်းများဖြစ်သည်။ **စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် ပူးပေါင်းပါဝင်မှုနှင့် ဆက်စပ်နေသော ဆင်းရဲဒုက္ခ *distress* နှင့် လူမှုစိတ်ပိုင်းဆိုင်ရာအန္တရာယ် *psychosocial risks* များကို ကြားခံပေးပြီး ထိုကြားခံပေးမှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ ဆုတ်ယုတ်မှု သို့မဟုတ် မအောင်မြင် သည့်အခါများတွင် ပို၍အရေးပါသည်။** အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အသွင်ကူးပြောင်းကာလတရားမျှတမှု လုပ်ငန်းစဉ်များတွင် ထိခိုက် နစ်နာသူ၏ ပူးပေါင်းပါဝင်မှုကို အားပေးရာတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် မကြာခဏဆိုသလို နောက်ပိုင်းကာလ များကျမှသာ ထည့်သွင်း စဉ်းစားတွေးခေါ်မှု afterthought တစ်ခု ဖြစ်လေ့ရှိသည့်အတွက် ပါဝင်မှု တိုးတက်မြှင့်တင်ရေး၌ အခရာကျကြောင်း ပြဆိုထား သည် (UNDP, 2020)

ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ကိုလံဘီယာ၊ ခရိုအေးရှား၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂွာတီမာလာနှင့် ဆီရာလီယွန်တို့မှ အတွေ့အကြုံအသီးသီးကို ထုတ်နုတ်အခြေခံ၍၊ **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု ကဲ့သို့သော ဂုဏ်သိက္ခာကို ပြင်းထန်စွာ စွန်းထင်းစေသည့် ရာဇဝတ်မှု *highly stigmatized crimes* များကို ကိုင်တွယ်ဖြေရှင်းရာတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေါင်းစပ် ထည့်သွင်းခြင်းသည် ပူးပေါင်းပါဝင်မှုကို သိသိသာသာ တိုးလာစေကြောင်း UNDP မှ တင်ပြထားသည်** (UNDP၊ 2020)။ ထိုကဲ့သို့ သော လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရား၏ ဝန်ထမ်းများအတွက် လေ့ကျင့်ပေးခြင်းများ ပါဝင်ပြီး၊ ၎င်းတို့သည် လူမှုစိတ်ပိုင်းဆိုင်ရာအရ အကဲခတ် နားလည်အာရုံခံနိုင်စွမ်းရှိစေရန် *psychosocially sensitive* ၊ တွေ့ဆုံသည့်အချိန်နှင့် နေရာများ စီစဉ်ပေးရာတွင် ထိခိုက်နစ်နာသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးလိုအပ်ချက်များ၏ အရေးပါမှုကို နားလည်ထည့်သွင်းစဉ်းစားနိုင်ရန်၊ ထိတွေ့ဆက်ဆံမှု လုပ်ငန်းစဉ်များတွင် ယုံကြည်ရသော ကြားခံများကို အသုံးပြုခြင်း၊ ထိခိုက်နစ်နာသူများအား ဌာနေ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

[7]ဤသည်မှာ လက်ရှိစာတမ်း၏ အတိုင်းအတာထက် ကျော်လွန်နေသော်ငြားလည်း ထိခိုက်နစ်နာသူဖြစ်ရခြင်း၏ သဘောတရားကို ခွဲခြမ်းစိတ်ဖြာမှုနှင့် ဆက်စပ်နားလည်မှု လိုအပ်ကြောင်း အသိအမှတ်ပြုရန် အရေးကြီးသည်။ ပါဝင်ပတ်သက်မှုအပေါ် လွှမ်းမိုးသည့်အချက်များစွာ - ဖွဲ့စည်းပုံဆိုင်ရာအချက်များ (ဥပမာ ဂျန်ဒါ။ ဂျန်ဒါကိုယ်ပိုင်လက္ခဏာ၊ ဇာတ်အနိမ့်အမြင့်၊ လူတန်းစား) နှင့် လူမှုရေးပြဿနာများ (ဥပမာ ပြစ်တင်ရှုံ့ချကဲ့ရဲ့မှု အမည်းစက်နှင့် ယဉ်ကျေးမှုဆိုင်ရာတားမြစ်ချက်များ၊) အင်စတီကျူးရှင်းများသို့ လက်လှမ်းမီထိတွေ့ဝင်ရောက်နိုင်မှု၊ သို့မဟုတ် ဘာသာစကား ကျွမ်းကျင်မှုကဲ့သို့သော လက်တွေ့အကြောင်းအရာ၊ အကြမ်းဖက်မှု၏ အကြောင်းရင်းများနှင့် တရားဝင်မှုကို အမျိုးမျိုးသော နားလည်မှုများဖြင့် ဝိရောဓိ ပြိုင်ဆိုင်နေကြပြီး နိုင်ငံရေးခေါ်စာခံဖြစ်မှု အခြေအနေများတွင် ထိခိုက်နစ်နာသူများပါဝင်ခြင်းမှာ ရိုးရှင်းသောလုပ်ငန်းစဉ်မဟုတ်ပါ။ နိုင်ငံတော်မှ (နှင့် ထိခိုက်နစ်နာသူအုပ်စုများပင်) ဆင်းရဲဒုက္ခ အတန်းအစားအနိမ့်အမြင့် သတ်မှတ်တတ်ပြီး အခြေအနေအတော်များများတွင် ထိခိုက်နစ်နာသူ မတူညီသည့် အုပ်စုများအကြား ပူးပေါင်းပါဝင်မှု ကင်းမဲ့စေတတ်သည်။ ထိခိုက်နစ်နာသူသားကောင်နှင့် ကျူးလွန်သူကြား ပိုင်းခြားထားသည့်မျဉ်းသည် ပါးလွှာပြီး တခုနှင့်တခုရော ထွေးနေတတ်ကာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားအသီးသီးရှိ ပူးပေါင်းပါဝင်မှုကို ပိုမိုရှုပ်ထွေးစေသည်။

ကွန်ရက်များနှင့် ချိတ်ဆက်ခြင်း၊ အချို့ကိစ္စများတွင် ဆေးဘက်ဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု အထောက်အကူပြုဌာနများနှင့် ဥပဒေအထောက်အကူပြု အဖွဲ့အစည်းများအပါအဝင် တနေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် one-stop စင်တာများ ဖော်ဆောင်ပေးခြင်းများပါဝင်သည် (UNDP. 2020)။

## အခွင့်အရေးများ ပိုမိုလက်လှမ်းမီ ရရှိစေခြင်း။

အစုလိုက်အပြုံလိုက်အကြမ်းဖက်မှု *mass violence* များသည် အထီးကျန်ခြင်းနှင့် ခွဲခြားဆက်ဆံပြစ်တင်ရှုံ့ချခံရခြင်း *stigmatization* (ဥပမာ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ လွတ်မြောက်သူများအပေါ်) နှင့် တရားဝင်အဖွဲ့အစည်း အင်စတီကျူးရှင်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် မကြာခဏ ပတ်သက်ဆက်နွယ်နေသောကြောင့် အင်စတီကျူးရှင်းဆိုင်ရာ မယုံကြည်မှုများအဖြစ် ဖြစ်တည်နေနိုင်သည်။ ဤသည်မှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များမှတစ်ဆင့် ပေးအပ်ထားသည့် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုကျင့်သုံးနိုင်မှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ ထို့ကြောင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တစ်လျှောက်လုံး (ယန္တရားစနစ်များ ချမှတ်မတည်ထောင်မီ တည်ထောင်စဉ်၊ တည်ထောင်ပြီးနောက်) အသိပညာပေးခြင်းနှင့် ရပ်ရွာလူထု ထိတွေ့ဆက်ဆံခြင်းများကို အထူးအလေးထားရန် လိုအပ်သည်။ အခွင့်အရေးများနှင့် အခွင့်အရေးများ ခံစားကျင့်သုံးမည့် လူမှုရေးအခြေအနေ အခွင့်အလမ်းများ လက်လှမ်းမီရရှိနိုင်မှုသည် (အထူးသဖြင့် ချိုးဖောက်ပြီးနောက်နှင့် ဆက်လက်ကျူးလွန်မှုများ သို့မဟုတ် လူမှုရေးဆိုင်ရာ အရေးယူဒဏ်ခတ်မှုများ *social sanctions* အတွင်း) အမျိုးသမီးများအပေါ် အချိုးမညီမျှစွာ တဖက်စောင်းနင်း ထိခိုက်သက်ရောက်စေနိုင်သည့်အတွက် ဂျန်ဒါရှုထောင့် *gendered lens* မရှိမဖြစ်လိုအပ်သည်။ တစ်ချိန်တည်းမှာပင်၊ မျှော်လင့်တောင့်တချက်များကို စီမံခန့်ခွဲခြင်းသည် တရားမျှတမှုစသည့် အခွင့်အရေးများကို ရယူရာတွင် အရေးပါလှသည်။ **လူတစ်ဦးချင်းနှင့် ရပ်ရွာအဆင့်ရှိ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု လုပ်ငန်းစဉ်များသည် မျှော်လင့်တောင့်တ ချက်များကို စီမံခန့်ခွဲခြင်း၊ ပါဝင်ပတ်သက်ခြင်းဆိုင်ရာ အသိပေး ဆုံးဖြတ်ချက် *informed decisions* များ ချမှတ်နိုင်ရေးအတွက် လူတစ်ဦးချင်းစီနှင့် ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူ ပြုနိုင်သည်။** ပါဝင်ရန် ရည်ရွယ်ချက်ကို အသေးစိတ်ဆန်းစစ်ခြင်း၊ စိုးရိမ်ကြောက်ရွံ့စိတ်များကို အသိအမှတ်ပြုခြင်းနှင့် ဖြေရှင်းနိုင်ရန် လမ်းညွှန်ပေးခြင်း *navigation of fears* ဖြစ်နိုင်ချေရှိသော ဆိုးကျိုးများအကြောင်း ဆွေးနွေးခြင်း (ကဲ့ရဲ့ပြစ်တင်ရှုံ့ချခြင်းနှင့် သက်သေ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက် အပါအဝင်) နှင့် မိသားစုဝင်များ၏ ငြင်းဆန် မလိုလားမှု *resistance from family members* ကဲ့သို့သော ကျယ်ပြန့်သော လူမှုအသိုက်အဝန်းအတွင်း ထည့်သွင်း စဉ်းစားမှုများ ပါဝင်သော ရှုပ်ထွေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ထိုအရာများသည် အသိပညာပေးမှုနှင့် ထိတွေ့ ဆက်ဆံမှုမှတစ်ဆင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ထားသော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သင့်သည်။

ဥပမာ သီရိလင်္ကာတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ် သဘောသဘာဝကို တွေ့ဆုံတိုင်ပင်ဆွေးနွေးရန် ၂၀၁၆ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းရေးလုပ်ငန်းစဉ်ဖြစ်သည်။ သီရိလင်္ကာ လူ့အခွင့်အရေးကော်မရှင်သည် ပါဝင်သူများအား အကာအကွယ်ပေးထားပြီး နှစ်သိမ့်ဆွေးနွေး အကြံပေး ဝန်ဆောင်မှုများ ရရှိစေသည့်အပြင် ထောက်ပံ့ကူညီပေးမှု *support services* များနှင့် လွှဲပြောင်းပေးသည့်လမ်းကြောင်း *referral pathways* များဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးခဲ့ သည် (UNDP. 2020)။

**ထိခိုက်နစ်နာသူများကို အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း၊ စည်းရုံးလှုံ့ဆော်မှုပြုလုပ်**

**ခြင်းတို့ဖြင့် ထိခိုက်နစ်နာသူများ၏ အခွင့်အရေးများကို အာမခံချက် ရရှိစေရန်၊ ကျန်းမာရေး ကောင်းမွန်ပြည့်စုံမှု အတွက် အကူအညီ ရရှိစေရန် ကမ်းလှမ်းခြင်းများသည် အခြေခံကျသော လုပ်ငန်းများဖြစ်သည်။** ထိုသို့သော ပံ့ပိုးမှုများသည် ထိခိုက်နစ်နာသူများ ခံစားရသည့် ဒုက္ခများကို လျော့ချနိုင်ပြီး လူမှုစိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးတွင် အထောက်အကူဖြစ်စေသကဲ့သို့ အင်စတီကျူးရှင်း ပြုပြင်ပြောင်းလဲမှုအပေါ် ယုံကြည်မှု တိုးပွားစေနိုင်သည်။ ရပ်ရွာလူမှုအသိုက်အဝန်းအဆင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများသည် တရားမျှတမှုဟူသည့် အဓိပ္ပါယ်ကို ဒေသအလိုက် ထိတွေ့ဖွင့်ဆိုရန် အခွင့်အလမ်းများလည်း ဆောင်ကျဉ်းပေးနိုင်သည်။ **စွမ်းဆောင်ရည် မြှင့်တင်ခြင်းအတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီပေးမှု၏ အရေးပါသည့်သာဓကမှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တွင်လည်းကောင်း၊ လူတို့အား ၎င်းတို့၏ အခွင့်အရေးများကာကွယ်နိုင်ရန် စွမ်းအားမြှင့်တင် ပေးရန်အတွက်လည်းကောင်း စိတ်ကျန်းမာရေးသည် မဖြစ်မနေ လိုအပ်ချက်ဖြစ်သည်။** (Laplante and Holguin, 2006)။

ဘူရွန်ဒီ၊ လိုက်ဘေးရီးယားနှင့် ဆိုမာလီယာတို့တွင် "အသက်ရှင်ကျန်ရစ်သူများအား ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း၊ စုံစမ်းစစ်ဆေးရေးရဲအရာရှိများအား လက်လှမ်းမီ ထိတွေ့နိုင်ခြင်းနှင့် ဥပဒေရေးရာအကူအညီများကို တနေရာတည်းတွင် ရရှိနိုင်သည့်ဌာနများ *one – stop center* ဖော်ဆောင်ပေးခြင်းသည် နောက်ဆက်တွဲ ထိခိုက်နစ်နာမှုများကို *secondary victimization* လျော့နည်းစေခြင်း၊ တရားရုံးများ၏ နှောင့်နှေးကြန့်ကြာမှုများ နည်းပါးလာစေခြင်းနှင့်အတူ ပြစ်ဒဏ်စီရင်မှုနှုန်းကို ပိုမိုအားကောင်းလာစေခြင်းတို့သည် (Reiger 2016, p. 71) စိတ်ကျန် မာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု ပေါင်းစပ်ချဉ်းကပ် ခြင်း၏ အရေးပါပုံကို ဥပမာအဖြစ် ပြဆိုသည်။ နမူနာ အနေဖြင့် ဂွာတီမာလာနိုင်ငံ၏ *Sepur Zarco case* ဖြစ်စဉ်တွင် ဌာနေတိုင်းရင်းသား အသိုက်အဝန်းများနှင့်အတူ လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုး ကူညီမှုအလုပ်များသည် တရားရေးလုပ်ငန်းစဉ်နှင့် အခွင့်အရေးများ လက်လှမ်းမီ ရရှိမှု မြှင့်တင်ပေးသည်ဟု UNDP(2020) တွင် ကိုးကား ဖော်ပြသည်။

### ဖြစ်စဉ်နမူနာ - UNDP လက်တွဲဖေးမ ပံ့ပိုးမှုအစီအစဉ်၊ ဂွာတီမာလာ[8]

UNDP ၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လက်တွဲဖေးမ ပံ့ပိုးမှုအစီအစဉ် (PAJUST-Programa de Acompañamiento a la Justicia de Transición) သည် Sepur Zarco (လိင်အကြမ်းဖက်မှုနှင့် လိင်ကျွန်ပြုမှု) အမှုအကြောင်းအရာများ ဆက်လက် ဖြစ်ပေါ်တိုးတက်မှုနှင့် ဥပဒေနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု အပေါ် အခြေခံသည့် - စံနမူနာပုံစံမှ တဆင့် အသက်ရှင်ကျန်ရစ်သူ အမျိုးသမီးများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု *survivors' empowerment* တို့ကို ပံ့ပိုးပေးခဲ့ပြီး အမျိုးသမီးများ မိမိကိုယ်ကို ယုံကြည်မှုရှိစေရန်၊ ၎င်းတို့ အဖြစ်အပျက်များအကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်စေရန်၊ တရားမျှတမှု ရှာဖွေရယူရန်နှင့် အခြားသော အသက်ရှင်ကျန်ရစ်သူများ၏ ရေငုံနှုတ်ပိတ်မှုကို ရိုက်ချိုးကျော်လွှားရန် လှုံ့ဆော်ပေးသည့် စွမ်းအားများ ရရှိစေသည်။ ထိုအစီအစဉ်ကို Women Transforming the

[8] # UN Women ၏ အမှုဖြစ်စဉ် အကျဉ်းချုပ် ဖော်ပြချက်မှာ" အေးချမ်းသာယာသည့် ကျေးလက် Sepur Zarco ရွာသည် ၁၉၈၂ မှ ၁၉၈၈ ခုနှစ်အထိ ဌာနေတိုင်းရင်းသား Q'eqchi' အမျိုးသမီးများအပေါ် စနစ်တကျ အဓမ္မမုဒိမ်းကျင့်၊ အမြတ်ထုတ်သည့် ဖြစ်ရပ်ဖြစ်ခဲ့သည်။ Sepur Zarco ဒေသခံအမျိုးသမီးများသည် ဂွာတီမာလာစစ်တပ်၏ အိမ်အကူများအဖြစ် အသုံးချခံကြရပြီး အဓမ္မမုဒိမ်းကျင့်၊ ကျွန်သဖွယ် ပြုမူနေထိုင်ခဲ့ရသည်။ မြေယာတောင်းဆိုကြသည့် ၎င်းတို့၏ခင်ပွန်းများသည် အတင်းအကြပ်အစအန ပျောက်ဖျက်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် သတ်ဖြတ်ခံရသည်။

World (MTM), National Union of Guatemalan Women (UNAMG)နှင့် Community Studies and Psychosocial Action Team (ECAP) တို့ ပူးပေါင်းဖွဲ့စည်းထားပြီး အမှန်တရား၊ တရားမျှတမှုနှင့် ပြန်လည်ကုစားပေးလျော်မှု ရှာဖွေရယူရာတွင် အသက်ရှင်ကျန်ရစ်သောအမျိုးသမီးများကို ကူညီ ပံ့ပိုးပေးမည့် Alliance Breaking Silence and Impunity အဖွဲ့အဖြစ် ပူးတွဲအကောင်အထည်ဖော်ခဲ့သည်။

အသုံးပြုသည့် နည်းစနစ်တွင် တစ်ဦးချင်းနှင့် စုပေါင်းလုပ်ဆောင်မှု၊ ပံ့ပိုးကူညီမှုအဖွဲ့များနှင့် ကိုယ်ထူကိုယ်ထ နည်းနိသယများ ပါဝင်သည်။ ဤလုပ်ငန်းကို Maya Q'eqchí လူမှုအသိုက်အဝန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသမီးများ၏ ယဉ်ကျေးမှုဆိုင်ရာအခြေအနေ၊ ဘာသာစကားနှင့် တန်ဖိုးထားမှုများကို အခြေခံ၍ အကောင်အထည်ဖော်ခဲ့သည်။ တိတ်ဆိတ်မှုကို ချိုးဖျက်ရာ *Breaking the silence* တွင် တွေ့ကြုံနိုင်မည့် အန္တရာယ်များကို အသိအမှတ်ပြုပြီး Sepur Zarco ဖြစ်ရပ်မှ အမျိုးသမီးများဘေးကင်းလုံခြုံရေးအတွက် ပံ့ပိုးကူညီမှုများ ပေးအပ်ခဲ့သည် (UNDP၊2020, စာမျက်နှာ 49)

သို့သော် ထိခိုက်နစ်နာသူများကို ထိခိုက် နစ်နာစေသောနိုင်ငံရေးအမြင်များတွင် အားဖြည့်ခြင်း၊ သို့မဟုတ် လူ့အခွင့်အရေးအဖွဲ့များသည်ပင်လျှင် အထူးပြု ပြဿနာတစ်ခုခုအား လူကြိုက်များအောင် လုပ်ဆောင်လိုခြင်း၊ ကိုယ်ကျိုးစီးပွားအကြောင်းပြချက်များဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများတွင် ပူးပေါင်းပါဝင်မှုကို အလေးမထားခြင်းကဲ့သို့သော ကျယ်ပြန့်သော အစီအစဉ်များတွင် အသုံးပြုခြင်းမှ ကာကွယ်ရန် သတိမူသင့်သည်။ ကျူးလွန်ခံရသော ထိခိုက်နစ်နာသူများအားလုံးအတွက် တစ်ဦးချင်းအနေဖြင့်သာ လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်သူ တစ်ဦးထံမှ အနည်းငယ် ပြန်လည်ရရှိရန် ဖြစ်နိုင်သော အခြေအနေဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အထူးကျွမ်းကျင်ပညာရှင်များ၊ အလှူရှင်များနှင့် အစိုးရများသည် ထိခိုက်နစ်နာသူများ၏ စွမ်းဆောင်ရည်ကို ယုတ်လျော့စေပြီး၊ စစ်မှန်သော ပူးပေါင်းပါဝင်မှုကို အဟန့်အတားဖြစ်စေသည့် ၎င်းတို့ကိုယ်စား ပြောဆိုပေးမှုများကို သတိထား ရှောင်ကျဉ်သင့်သည် (Gready and Robins, 2014; Madlingozi, 2010, p. 210)။

လွတ်လပ်သော စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ ပံ့ပိုးကူညီမှု *advocacy support,* ရပ်ရွာစည်းရုံးလှုံ့ဆော်မှုများနှင့် အတူ မူလအစမှာကတည်းကပူးပေါင်းပါဝင်မှုကို မြှင့်တင်ထားခြင်းနှင့် ထိခိုက်နစ်နာသူများ၏ ပါဝင်ပတ်သက်မှု တိုးမြှင့်ခြင်းတို့ပါဝင်သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုယန္တရားများကို ပူးတွဲဒီဇိုင်း ရေးဆွဲထားလျှင် ဤအန္တရာယ်ကို အတိုင်းအတာတစ်ခုအထိ လျော့ပါးသွားနိုင်စေသည်။

နှစ်ပေါင်းသုံးဆယ့်လေးနှစ်အကြာ ကြားနာမှု ၂၂ ခု ပြီးနောက် ဂွာတီမာလာ High Risk Court နာယက၊ တရားသူကြီး Iris Yassmin Barrios Aguilar က အသက်ရှင်ကျန်ရစ်သူ ဌာနေတိုင်းရင်းသား Q'eqchi' အမျိုးသမီး ၁၁ ဦးသည် အဆုံးသတ်တွင် တရားမျှတမှု ရထိုက်စေဟု အမိန့်ချမှတ်ခဲ့သည်။ Sepur Zarco တွင် မုဒိမ်းမှု၊ လူသတ်မှုနှင့် ကျွန်ပြုမှုစသည့် စွဲချက်များဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် စစ်တပ်အရာရှိဟောင်းနှစ်ဦးကို တရားရုံးက ပြစ်ဒဏ်စီရင်ခဲ့ပြီး၊ Esteelmer Reyes Girón နှင့် Heriberto Voldez Asij တို့ ထောင်ဒဏ် အနှစ် ၁၂၀ နှင့် ၂၄၀ အသီးသီး ကျခံရသည်။ အရေးကြီးသည့်အချက်မှာ Sepur Zarca အဖွားများနှင့် ၎င်းတို့၏ ရပ်ရွာလူထုတစ်ရပ်လုံးအား ပြန်လည် ကုစားပေးလျော်ရမည်ဟု တရားရုံးက ထပ်ဆင့် အမိန့်ချမှတ်ခဲ့သည် (ကုလသမဂ္ဂအမျိုးသမီး၊ ၂၀၁၇ မှ တိုက်ရိုက်ကိုးကား ချက်)။

## ၂။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအား ပံ့ပိုးပေးသည့် ယန္တရားများ၏ အတွင်းပိုင်းသွင်ပြင်လက္ခဏာ

ဤအခန်းတွင် အမှန်တရားကော်မရှင်များ၊ စုံစမ်းမေးမြန်းမှုများနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကဲ့သို့သော အသွင်ကူးပြောင်းရေးကာလ တရားမျှတရေးယန္တရားများ၏ လုပ်ငန်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုရလဒ်များ တိုးတက်ကောင်းမွန်လာစေရန်အတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များထဲမှ လုပ်ဆောင်နိုင်မည့်နည်းလမ်းများကို စူးစမ်းလေ့လာထားသည်။

### ထိရောက်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုမူ ဆက်ဆံဆောင်ရွက်မှု

နိုင်ငံရေးအကြမ်းဖက်မှုများသည် ထိခိုက်နစ်နာသူများအတွက် တရားဝင်အဖွဲ့အစည်းများအပေါ် မယုံကြည်မှုကို နက်ရှိုင်းစွာ ဖြစ်ပေါ်စေပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များသည် ရည်ရွယ်ချက်မည်သို့ပင်ရှိစေကာမူ ယေဘုယျအားဖြင့် ထိုအမြင်သဘောထားကို တွေ့ရနိုင်သည်။ **ကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့် ပေါင်းစပ်ထားသည့် ပံ့ပိုးပေးမှုများ (ဤနေရာတွင် ထိရောက်သောလုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုမူ ဆက်ဆံဆောင်ရွက်မှု *Effective procedural treatment* အဖြစ် ရည်ညွှန်းသည်) သည် ထိုသို့သော သဘောထားအမြင် ခံယူချက်များကို တိုးတက် ပြောင်းလဲပေးနိုင်သည်။** ထိုသို့ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းသည် နိုင်ငံတော်၏လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်မှုကို ကြုံတွေ့ဖူးသူများ၏ ဖိနှိပ်ညှဉ်းပန်းခံရမှုနှင့် ပစ်ပယ်ခံရခြင်းဆိုင်ရာ ခံစားချက်များကို တိုးပွားလာစေနိုင်သည်။ လက်တွေ့အားဖြင့် လုပ်ထုံးလုပ်နည်းစနစ်များစွာ ပါရှိပါက ပူးပေါင်းပါဝင်ခြင်းအတွက် ရှင်းလင်းသောနည်းလမ်းများရှိရန်နှင့် ထိရောက်ပြီး ပုဂ္ဂိုလ်ရေးအရ ချိတ်ဆက် ဆက်သွယ်မှုများပါဝင်သော မျှော်မှန်းထားသည့် စီမံခန့်ခွဲ လုပ်ဆောင်မှုအပေါ် အဓိပ္ပါယ်ရှိရှိ အာရုံစိုက်ရန် လိုအပ်သည်။ (ဥပမာ - တောင်အာဖရိက လွတ်ငြိမ်းချမ်းသာခွင့် လုပ်ငန်းစဉ်နှင့် ထိခိုက်နစ်နာသူ ကြားနာခြင်းလုပ်ငန်းစဉ်)၊ ထိရောက်သော သတင်းအချက်အလက် စီမံဆောင်ရွက်မှုနှင့် ပါဝင်ပတ်သက်သူများအပေါ် စီမံခန့်ခွဲမှုတို့သည် သာမန် လုပ်ရိုးလုပ်စဉ်ကိစ္စအဖြစ် ထင်ရသော်ငြားလည်း မရှိမဖြစ် လိုအပ်သော အလုပ်များဖြစ်သည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုယန္တရားနှင့် အပြန်အလှန်ဆက်ဆံမှုများအပေါ် အခြေခံ၍ ထိခိုက်နစ်နာသူများသည် တရားဝင်လုပ်ငန်းစဉ်တစ်ခု၏ အတွေ့အကြုံကို အကဲဖြတ်ကြမည်ဖြစ်သောကြောင့် ဒုတိယအချက်ဖြစ်သည့် ပါဝင်သူအပေါ် စီမံခန့်ခွဲမှုမှာ အခရာကျသည်။ ဤကိစ္စတွင် အမှန်တရားကော်မရှင်နှင့် ၎င်းတို့၏ ဆက်သွယ်မှု၊ ပြန်လည်ဖြေကြားတုံ့ပြန်မှုရရှိရန်ကြာချိန်၊ သတင်းအချက်အလက် ရယူမှုနှင့် ပြန်လည် ကုစားပေးလျော်ရေး *reparation* အစီအစဉ်နှင့် ထိတွေ့ဆက်စပ်မှုများအားလုံး အကျုံးဝင်သည်။

ယေဘုယျအားဖြင့် ထိခိုက်နစ်နာသူများအပေါ် စီမံခန့်ခွဲရေးဆိုင်ရာ ဆက်ဆံမှုကို ပိုမိုကောင်းမွန်စေခြင်း (Hamber, 2009) သည် အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုနှင့် ထိုအင်စတီကျူးရှင်းများက စိတ်ကျန်းမာရေး အကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးနိုင်ချေရှိမည်ဆိုသောအမြင်ကို မြင့်မားစေနိုင်သည်။

ထို့ကြောင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုယန္တရားများတွင် ပါဝင်သည့် ဝန်ထမ်းများအားလုံးသည် ၎င်းတို့ ဝန်ဆောင်မှုလုပ်ငန်းများ၏ စိတ်ကျန်းမာရေးဆိုင်ရာ ရှုထောင့်သဘောတရား၊ ထိခိုက်နစ်နာသူ victims များအပေါ် ကူညီထောက်ပံ့ရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ထိတွေ့ဆက်ဆံမှု၏ အရေးပါမှုများကို နားလည်သဘောပေါက်ရန် အရေးကြီးသည်။

**စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ တိုက်ရိုက်ဝန်ဆောင်မှုများပေးခြင်း။**

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များတွင် ပါဝင်သူများအတွက်၊ တိုက်ရိုက်ဝန်ဆောင်ပေးမှုများစွာတို့သည် အပြုသဘောဆောင်သော စိတ်ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးမြင့်လာစေနိုင်သည်။

*ဇာတ်ကြောင်းပြန်ပြောပြရန်နှင့် တွေ့ဆုံမေးမြန်းမှုများ*

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် ပံ့ပိုးပေးနိုင်မှုအခင်းအကျင်း လုပ်ငန်းစဉ်အမျိုးမျိုးတွင် အထူးသဖြင့် အမှန်တရားကော်မရှင်များ၊ ထိခိုက်နစ်နာသူများက ၎င်းတို့၏ အဖြစ်အပျက်များအား ဇာတ်ကြောင်းပြန် ပြောပြရန် အခြေအနေများ၊ ထိုသို့ မျှဝေပြောပြရန် အထောက်အကူပြု အဝန်းအဝိုင်းများ ဖန်တီးပေးခြင်းဖြင့် စိတ်ကျန်းမာရေး အကျိုးကျေးဇူးရလဒ်များကို မီးမောင်းထိုးပြခဲ့သည် (Bar-Tal, Oren and Nets-Zehngut, 2014; Brockmeier, 2002; de la Rey and Owens,1998; Minow, 2010)။ **သို့သော် သက်သေခံချက်ပေးသည့် လုပ်ငန်းစဉ်များတွင် ဇာတ်ကြောင်းပြန်ပြောပြခြင်း သို့မဟုတ် ပြန်လည်မျှဝေခြင်းများကို လက်ငင်းကုစားခြင်းအဖြစ် ရိုးရှင်းစွာ မှတ်ယူ၍ မရနိုင်ပါ** (Moon, 2006; Hamber, 2009)။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ပါဝင်နေသည့် လူတစ်ဦးချင်းစီအတွက် ကုထုံးဆိုင်ရာ ဖြစ်နိုင်ချေများကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များစွာ လိုအပ်သည်။ ထို့အပြင် အချို့ကိစ္စများတွင် ကျူးလွန်သူများက တုန့်ပြန်မည့်အပေါ် ကြောက်ရွံ့မှုကို ထုတ်ဖော်သူများဘက်မှ ပြောဆိုခဲ့သည်။

နီပေါရှိ လူအချို့တွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ထိတွေ့ ဆက်ဆံမှုများကြောင့် လူမှုအဆင့်အတန်း ဆုံးရှုံးခြင်း၊ ပြစ်တင်ရှုံ့ချ ကဲ့ရဲ့ခံရခြင်းနှင့် အထီးကျန်ခြင်းတို့ ကြုံတွေ့ခဲ့ရသည် (Robins, 2011)။ ဤအရာအားလုံးသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများနှင့် ထိတွေ့ပတ်သက်နေသူများအား အခြေခံကျကျ အသိပေး ပံ့ပိုးမှုများ ပေးခြင်း grounded and informed support ၏ အရေးပါမှုကို မီးမောင်းထိုးပြသည်။ (Sprenkels, 2017)။

ထို့အပြင် ကိုရိုနာဗိုင်းရပ် (COVID-19) ကပ်ရောဂါကာလအတွင်း၌ပင် အဝေးမှတဆင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု လမ်းညွှန်ချက်များစွာ ရှိနှင့်ပြီးဖြစ်သည့်အတွက် ကလေးသူငယ်များနှင့် လိင်အကြမ်းဖက်ခံရသူများ အပါအဝင် အကြမ်းဖက်မှုခံရသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ထိတွေ့ ဆက်ဆံခြင်းတို့အတွက် နည်းလမ်းများရှိပြီးဖြစ်သည်။

ရှာဖွေဖော်ထုတ်ခြင်းများနှင့် အတင်းအဓမ္မ အစအန ပျောက်ဖျက်ခြင်း၊ မတရား သို့မဟုတ် ဥပဒေမဲ့ အရေးယူကွပ်မျက်ခြင်းဆိုင်ရာ မှုခင်းစုံစမ်းစစ်ဆေးမှုများတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ အနိမ့်ဆုံးစံနှုန်းများကို နိုင်ငံတကာမှ သဘောတူညီမှု ရထားပြီးဖြစ်သည် (Navarro၊ Pérez-Sales and Franc၊ 2011)။

တချို့သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် တရားခွင်များအတွင်း သက်သေထွက်ဆိုချက်များ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ထိခိုက်နစ်နာသူများအနေဖြင့် ပြန်လှန်မေးခွန်းထုတ်နိုင်ခွင့်များအတွက် အဓိက အခြေခံမှုများနှင့် လက်တွေ့ကျင့်သုံးနိုင်သည့် အလေ့အထများ ချမှတ်ထားပြီးဖြစ်သည်။

၎င်းတို့တွင် ဖေးမဂရုစိုက်သောဆက်ဆံရေးကို ထူထောင်ခြင်း၊ ဘေးကင်းသော ဝန်းကျင်ကို ဆက်လက်တည်တံ့စေခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များကို တည်ငြိမ်စေခြင်း၊ ကြိုတင်ခန့်မှန်းနိုင်စွမ်းနှင့် ရွေးချယ်နိုင်စွမ်းများကို မြင့်မားစေခြင်း၊ လူ့ဂုဏ်သိက္ခာ၊ လူ့တန်ဖိုးနှင့် ပြောရေးဆိုခွင့်ကို ခိုင်မာစေခြင်း၊ လူအချင်းချင်း ချိတ်ဆက်မှုကို မြင့်တင်ခြင်း၊ မျှော်လင့်ချက်ပေးနိုင်ခြင်း၊ သာမန်ဘဝကို ပြန်လည်ရောက်ရှိနိုင်စေရန် ပြုစု

ပျိုးထောင်ခြင်းတို့ ပါဝင်သည် (Stepakoff နှင့် အခြား 2017)။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနယ်ပယ်တွင် ယခုအခါ ကမ္ဘာတဝှမ်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည့် လမ်းညွှန်မှုနှင့် ကျယ်ပြန့်သော အတွေ့အကြုံများသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ထိတွေ့ဆက်ဆံမှု၏ အကျိုးကျေးဇူး မြင့်မားလာမှု အထူးသဖြင့် သက်သေခံ ထွက်ဆိုချက်ပေးခြင်းတို့သည် သင်ခန်းစာယူရန် ခိုင်မာသောအခြေခံကို ပံ့ပိုးပေးသည်။



*အကျဉ်းချုပ်ရှင်းပြခြင်း၊ စိတ်ခံစားမှုဆိုင်ရာပံ့ပိုးမှု၊ လမ်းညွှန်ပေးခြင်း signposting၊ လွှဲပြောင်းပေးခြင်း*

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များအတွင်း ပိုမိုတိကျသော အခြား စိတ်ကျန်းမာရေး ပံ့ပိုးမှု များကို ဖော်ထုတ်ထားသည် -

- အမှန်တရားကော်မရှင်များ သို့မဟုတ် တရားခွင်များတွင် သက်သေခံချက်ပေးခြင်း ကဲ့သို့သော အဖွဲ့အစည်းများ၏ ကြားနာမှုများတွင် မပါဝင်မီ ရှင်းပြခြင်းနှင့် အပြန်အလှန် ပြောဆို ဆွေးနွေးခြင်း **briefing and debriefing**၊
- စုံစမ်းမေးမြန်းခြင်း၊ တရားခွင်များ၊ သေမှုသေခင်းဆိုင်ရာစစ်မေးခြင်း သို့မဟုတ် အမှန်တရားကော်မရှင် များကဲ့သို့သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ထိတွေ့ဆက်ဆံမှုတစ်လျှောက် သတင်းအချက်အလက် လမ်းညွှန်ပေးခြင်း *signposting* နှင့် စီမံအုပ်ချုပ်ရေးပိုင်းနှင့်စိတ်ခံစားမှုပိုင်းဆိုင်ရာ ပံ့ပိုး ကူညီမှုပေးရန်အတွက် ထိခိုက်နစ်နာသူများနှင့် ဆက်ဆံရေး တာဝန်ယူရသောအရာရှိများ၊
- စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ တရားဝင်ယန္တရားများနှင့် အပြန်အလှန် ဆက်သွယ်မှု ဆိုင်ရာ ဘာသာစကားနှင့်ဝေါဟာရ ပံ့ပိုးမှုအကူအညီ *language and literacy assistance*၊
- လုံလောက်သည့် လွှဲပြောင်းပေးမှုဆိုင်ရာ တည်ဆောက်ထားမှုများ (ဥပမာ -ဥပဒေရေးရာ ပံ့ပိုးကူညီမှု၊ လူမှုဖူလုံရေး ပံ့ပိုးကူညီမှုနှင့် ရပ်ရွာအထောက်ကူပြုအဖွဲ့များနှင့် ကွန်ရက်များ) ထားရှိစေခြင်း။

လွှဲပြောင်းပေးခြင်းဆိုင်ရာ ခြေရာခံလမ်းကြောင်း၊ နောက်ဆက်တွဲဆောင်ရွက်ချက်များနှင့် ရပ်ရွာလူမှု အသိုက်အဝန်း ပံ့ပိုးမှု

**ထိတွေ့ဆက်ဆံမှု အလွန်ကာလ Post-engagement သည်လည်း အရေးပါသည်။**

၎င်းတွင် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးမှုဆိုင်ရာကို ခြေရာခံခြင်း *referral tracing*၊ နောက်ဆက်တွဲ ဆောင်ရွက်ချက်များ *follow-up*၊ ရပ်ရွာပံ့ပိုးမှုဆိုင်ရာ တည်ဆောက်မှုများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် လက်တွေ့ဆောင်ရွက်ချက်များ ပါဝင်သည်။ အချို့သော အခြေအနေများတွင်၊ ဖွံ့ဖြိုးမှုနှေးကွေးခြင်းဖြစ်နိုင်ခြေကို လျော့ချရန်နှင့် ကလေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အာဟာရချို့တဲ့သောကလေးများအား ပြန်လည်သန်စွမ်းရေး အစီအစဉ်များသို့ လွှဲပြောင်းပေးခြင်း ကဲ့သို့သော လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုကို မြှင့်တင်ရန်အတွက် အခြား သက်ဆိုင်ရာသို့ ကျယ်ကျယ်ပြန့်ပြန့် လွှဲပြောင်းပေးမှု ပုံစံများ လိုအပ်နိုင်သည် (IASC, 2010)။ စိတ်ကျန်းမာ ရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း ချဉ်းကပ်မှု၏ စစ်မှန်သောအားဖြည့်ချက်များမှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ မတိုင်မီ၊ ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလ တို့တွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အများအပြား ကို တိုက်ရိုက်ဝန်ဆောင်မှုများ အဖြစ်ပေးဆောင်နိုင်သော် ငြားလည်း ထိခိုက်နစ်နာသူ အများအပြား တွေ့ကြုံရသည့် (ဆင်းရဲမွဲတေမှု၊ လူမှုရေး ချန်လှပ်မှု၊ မညီမျှမှု၊ ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုနှင့် အဆင့်အတန်းခွဲခြားမှု *hierarchies* များစသည့်) စိန်ခေါ်မှု အခက်အခဲများသည် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှု ယန္တရားများ၏ လက်တွေ့အတွေ့ အကြုံများထက် ကျော်လွန်နေသည်။ ယင်းအချက်များ သည် ၎င်းတို့၏ သာမာန်ဘဝနှင့် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုတွင် ၎င်းတို့ ပူးပေါင်းပါဝင်ခြင်းကို ဖြေရှင်းနိုင်စွမ်းအပေါ် သက်ရောက် မှုများ ရှိမည်ဆိုသည် မှာ သံသယဖြစ်ဖွယ် မရှိပါ။

ထို့အတွက်၊ **တိုက်ရိုက်ဝန်ဆောင်မှုများကိုစီစဉ်ရာတွင် ယဉ်ကျေးမှု၊ နောက်ခံအခြေအနေနှင့် လိုက်လျောညီထွေ ရှိသည့် ကျယ်ပြန့်သော စိတ်ကျန်းမာရေးနှင့် လူမှု စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု မူဘောင်တစ်ရပ် မရှိမဖြစ် လိုအပ်သည်။** မတူညီသောအဆင့်များတွင် ပံ့ပိုးမှု အမျိုးမျိုး ပေါင်းစပ်ပါဝင်မှု အခြေခံဝန်ဆောင်မှုများနှင့် လုံခြုံရေး၊ ခိုင်မာသည့် လူမှုအသိုက်အဝန်းနှင့် မိသားစု ပံ့ပိုးမှုများ၊ ပညာရှင်မဟုတ်သောသူများ၏ တဦးချင်း ပံ့ပိုးမှုများ *focused non-specialized supports* နှင့် စိတ်ပညာရှင်၊ စိတ်ရောဂါအထူးကုများနှင့် သူနာပြုများ ၏ အထူးဝန်ဆောင်မှုများ လိုအပ်သည် ( IASC , 2007 )။

*ဝန်ထမ်းထောက်ပံ့မှု*

**အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ် အားလုံးတွင် ပါဝင်ဆောင်ရွက်နေသူများသည်ပင် ပဋိပက္ခအကျိုးသက်ရောက်မှုကို ခံစားခဲ့ရခြင်း သို့မဟုတ် ပဋိပက္ခ၏ သားကောင်များ ဖြစ်နိုင်ချေရှိသည်။** ထို့အပြင် တဆင့်ခံ စိတ်ဒဏ်ရာကူးစက်မှု vicarious traumatization ပြဿနာကို အကြမ်းဖက်ခံရသူများနှင့် ထိတွေ့လုပ်ဆောင်နေသူများ၊ အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနယ်ပယ်ရှိ အမှုတ်တရားကော်မရှင်များ၊ တရားသူကြီးများ၊ စီမံခန့်ခွဲ အုပ်ချုပ်ရေးဝန်ထမ်းများ၊ data အချက်အလက် စီမံခန့်ခွဲ သူများနှင့် ဘာသာပြန်သူများအကြားတွင် ထင်ထင် ရှားရှား တွေ့ရှိရသည် (Hamber, 2009; Hayner, 2000; Nyseth Brehm နှင့်2021 ၊ Swain၊2015 ၊ Weaver 1998)။ **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်အားလုံး ဟန်ချက်ညီစေရန်အတွက် ဝန်ထမ်း များနှင့် အရာရှိများအား စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ တိုက်ရိုက်ပေးသင့်သည်။** လူ့အဖွဲ့အစည်း အတွင်းရှိ အခြားသူများကို ပံ့ပိုးကူညီရန် တာဝန်ရှိသည့် အဖွဲ့အစည်းများအတွင်း နိုင်ငံရေး အကြမ်းဖက်မှုများ ကြောင့် တဖြေးဖြေးခံစားရရှိနိုင်သည့် စိတ်ကျန်းမာရေး ဆိုင်ရာ သက်ရောက်မှုများကို အသိ အမှတ်မပြုခြင်းနှင့်၊

ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိပါက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များအတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများကို ထိရောက်စွာ ဆောင်ကျဉ်းပေးနိုင်မည် မဟုတ်ပေ။

### ဖြစ်စဉ်နမူနာ - အမှန်တရားကော်မရှင်အတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဂမ်ဘီယာ

ဥပမာတစ်ခုမှာ တောင်အာဖရိက အကြမ်းဖက်မှုနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာသုတေသနစင်တာ Centre for the Study of Violence and Reconciliation of South Africa ၏ ဂမ်ဘီယာတွင် ဆောင်ရွက်သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တခု၏အစိတ်အပိုင်းတွင် ပါဝင်သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အလေ့အကျင့်ကို မြှင့်တင်ပေးပြီး တစ်ချိန်တည်းတွင် ပိုမိုကျယ်ပြန့်သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုမူဘောင်တစ်ရပ် တင်သွင်းခြင်းဖြစ်သည်။ နိုင်ငံတွင်း ဒေသဆိုင်ရာစွမ်းဆောင်ရည် ချို့ယွင်းမှုကြောင့် စင်တာသည် အမှန်တရား၊ ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ကုစားပေးလျှော်ရေး ကော်မရှင်အတွက် အတိုင်ပင်ခံစိတ်ပညာရှင်တစ်ဦး လျာထားခန့်အပ်ရန် ဆုံးဖြတ်ပြီး ဂမ်ဘီယာ တရားရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းလုပ်ငန်းစဉ်တွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တလျှောက် ပါဝင်နေသည့် ထိခိုက်နစ်နာသူများအား လူမှုစိတ်ပိုင်းဆိုင်ရာကူညီပေးမှုကို တိုးတက်လာစေရန် ထိခိုက်နစ်နာသူများကို အကူအညီပေးနေသည့်ဌာန *Victim Support Unit* ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့ပေးနေမှု အထောက်အထားများ ကောက်ယူခြင်း လုပ်ငန်းစဉ်ကို လမ်းညွှန်မှုပေးခြင်းဖြင့် အဆိုပါ ကော်မရှင်ကို နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှု ပေးခဲ့သည်။

အတိုင်ပင်ခံစိတ်ပညာရှင်သည် ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှု၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး *Global Initiative for Justice, Truth and Reconciliation* နှင့် *International Coalition of Sites of Conscience* တို့နှင့်တွဲဖက်ပြီး ကော်မရှင်အား စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအတွက် ရန်ပုံငွေ ရရှိရန်နှင့် ဂမ်ဘီယာတွင် ပိုမိုကျယ်ပြန့်သော လူမှုစိတ်ပိုင်းဆိုင်ရာ ပေါင်းစည်းရေး psychosocial cohesion အတွက် ပံ့ပိုးကူညီပေးခဲ့သည်။ အဆိုပါ ဆောင်ရွက်ချက်များတွင် တရားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မရှင်ဝန်ထမ်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အများအပြားနှင့် သင့်လျော်သော အလုပ်ရုံဆွေးနွေးပွဲများမှ တစ်ဆင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပါဝင်သည်။ ကော်မရှင်၊ ၎င်းနှင့် ထိတွေ့ဆက်ဆံနေသူများကို ပြီးပြည့်စုံရန်အလို့ငှာ နိုင်ငံတစ်ဝှမ်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု လွှဲပြောင်းပေးရေး ကွန်ရက်နှင့်အတူ ရပ်ရွာအခြေပြု စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု မူဘောင်တစ်ရပ်ကိုလည်း ချမှတ်ထူထောင်ခဲ့သည် (ဖြစ်စဉ်ဖြစ်ရပ် လေ့လာမှုတစ်ခုလုံး အတွက် နောက်ဆက်တွဲ ၂ တွင် ရှု)။

## ၃။ အရပ်ဘက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်း။

**ခိုင်မာအားကောင်းသော ရပ်ရွာလူမှု အသိုက်အဝန်းနှင့် မိသားစု ပံ့ပိုးမှုများ၊ လူတစ်ဦးချင်းစီကို အလေးပေးကူညီသည့် အထူးပြုမဟုတ်သော ပံ့ပိုးမှုများသည် ထိရောက်သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများအတွက် အာမခံပေးသည်။**

ဤပံ့ပိုးကူညီမှုများကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ပိုမိုပြည့်စုံစွာ ပေါင်းစည်း ပါဝင်ထားမည်ဆိုပါက အသွင်ကူးပြောင်းရေးကာလတရားမျှတမှုကို ပြည့်စုံစေရန်အတွက် အဆိုပါ ပံ့ပိုးမှုများကို အသက်ဝင် အသုံးပြုရန် လိုအပ်သည်။ ဖြည့်စွက်ဆောင်ရွက်ရမည့် သီးသန့်နယ်ပယ်နှစ်ခုကို အောက်တွင် ဖော်ပြထားသည်။

### *ပြင်ပအဖွဲ့အစည်း၏ ထောက်ခံအားပေးမှုနှင့် ယင်းကို ပံ့ပိုးပေးခြင်း*

လူ့အဖွဲ့အစည်းများအတွင်း တရားဝင်ပံ့ပိုးမှုပုံစံများ မရှိသည့် အခြေအနေများတွင် (အထူးသဖြင့် ရာဇဝတ်တရားစီရင်ရေးစနစ်အောက်တွင် ထိခိုက်နစ်နာသူများအတွက် သီးသန့်ဆောင်ရွက်ပေးသော ဆက်ဆံရေးအရာရှိများ သို့မဟုတ် စိတ်ပညာရှင်များ မရှိသော အခြေအနေများ) အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ဤအခန်းကဏ္ဍတွင်ပါဝင်ရန် ပံ့ပိုးပေးခြင်းမှာ အရေးကြီးသည်။

**ထိခိုက်နစ်နာသူ အစုအဖွဲ့များနှင့် အခြားသော လူထုဖွဲ့စည်းမှုများမှတဆင့် အလွတ်သဘော ပံ့ပိုးမှုများ သည် အပြုသဘောဆောင်သော ခံစားချက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာထိရောက်မှု *personal efficacy* နှင့် မိမိကိုယ်ကိုတန်ဖိုးထားလေးစားမှု *self-esteem* တို့ကို တိုးမြင့်စေပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တစ်စုံလုံးကို တိုးတက်စေနိုင်သည်။** ဥပမာအားဖြင့်၊ မြောက်အိုင်ယာလန်တွင် NGO တစ်ခု၏ ပံ့ပိုး ကူညီမှုဖြင့် သမိုင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်များနှင့် ထိတွေ့ဆက်ဆံသူများသည် ကောင်းမွန်သော ရလဒ်များကို ပိုမိုရရှိကြသည် (Lundy, 2011)။

NGOs များအား စည်းရုံးလှုံ့ဆော်မှုကို အဓိက လုပ်ဆောင်နေသည့်အဖွဲ့များနှင့်၊ ကလိုင်းယန့်များကို ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများ ဆောင်ရွက်နေကြသည့်အဖွဲ့များဟု ခွဲခြားသတ်မှတ်နိုင်သော်လည်း အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသော NGOs များ၏ ဝန်ဆောင်မှုလုပ်ငန်းများ ယှက်နွယ်နေသည့်အတွက် ထိုသို့ ခွဲခြား၍ မရနိုင်ပါဟု ကောက်ချက်ချထားသည် (Subotić, 2012)။

**အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်တွင် NGOs များ၏ ထင်ရှားသော အခန်းကဏ္ဍ (၇) ခုကို ဖော်ထုတ်ထားသည် -**

(၁) ဒေတာစုဆောင်းခြင်းနှင့် စောင့်ကြည့်ခြင်း *data collection and monitoring*၊ (၂) ကိုယ်စားပြုခြင်းနှင့် စည်းရုံးလှုံ့ဆော်ထောက်ခံအားပေးခြင်း *representation and advocacy* (သက်ဆိုင်ရာ မူဝါဒရေးရာ အချေအတင် ဆွေးနွေးမှုများတွင် ဝင်ရောက်ပါဝင်ခြင်း၊) (၃) ပူးပေါင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း *collaboration, facilitation and consultation* (ဘာသာပြန်ခြင်း၊ ဆေးဘက်ဆိုင်ရာ မှုခင်းဆေးပညာ၊ ဥပဒေအကြံဉာဏ်နှင့် သတင်းအချက်အလက်မျှဝေခြင်း အပါအဝင်)၊ (၄) ဝန်ဆောင်မှုပေးအပ်ခြင်းနှင့် ပါဝင်ဆောင်ရွက်ပေးခြင်း *service delivery and intervention* (ဥပမာ - နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း သို့မဟုတ် ဥပဒေ အထောက်အကူပြုရုံးများ၊) (၅) အသိအမှတ်ပြုမှုနှင့် လျော်ကြေးများရရှိရန် ပံ့ပိုးကူညီခြင်း၊ (၆) အာဏာပိုင်များနှင့် ယှဉ်တွဲဆောင်ရွက်ခြင်း သို့မဟုတ် အာဏာပိုင်များကိုယ်စားလုပ်ကိုင်ခြင်းနှင့် (၇) သုတေသနနှင့်ပညာရေး (Backer, 2003)။

ဤပံ့ပိုးကူညီမှုအများစုသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနယ်ပယ်နှင့် တိုက်ရိုက်ဆက်စပ်သည်။

ထို့အပြင် အချို့သောလုပ်ငန်းစဉ်များတွင်၊ အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ မရှိသည့် သို့မဟုတ် ယင်းလုပ်ငန်းစဉ်များ အကန့်

အသတ်ရှိသည့် အခြေအနေများတွင် ပါဝင်ပတ်သက်သူများ အတွက် တရားမျှတမှုနှင့် အသိအမှတ်ပြုမှုသဘောတရားကို ထိခိုက်နစ်နာသူ အစုအဖွဲ့များက ကိုယ်တိုင်ဖန်တီးပြုလုပ်ပေးကြောင်း တွေ့ရှိရသည် (Hamber, 2009; Schulz, 2020)။

အခြားသူများနှင့် ဆက်နွယ်ချိတ်ဆက်နေသည်ဟူသောခံစားချက်သည် ရေရှည်တည်တံ့ ခိုင်မြဲသောငြိမ်းချမ်းရေးအတွက် (Bubenzer and Tankink၊2017 a၊ p. 192) နှင့် နိုင်ငံရေးအကြမ်းဖက်မှုကြောင့် ကြုံတွေ့ရသည့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးတို့အတွက် (Hamber, 2009) မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်ဟုသတ်မှတ်ကြသည်။ ထိုကဲ့သို့သော အလွတ်သဘော ပံ့ပိုးကူညီမှု ယန္တရားများကို ပံ့ပိုးပေးခြင်းနှင့် လှုံ့ဆော်ပေးခြင်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို မြှင့်တင်ရာတွင် အရေးပါပြီး၊ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း အသွင်ကူးပြောင်းရေးကာလတရားမျှတမှုအား ထောက်ခံစည်းရုံးလှုံ့ဆော်မှုကို အထူးပြုလာခဲ့သည့် NGOs များ၏ တိုးတက်လာသော ကျွမ်းကျင်မှုအပေါ် အခြေပြုတည်ဆောက်နိုင်သည် (Subotić, 2012)

ထို့ပြင် ရပ်ရွာလူထု၏ စစ်မှန်သော ပူးပေါင်းပါဝင်မှုနှင့် အားပေးထောက်ခံစည်းရုံး လှုံ့ဆော်မှုတို့သည် ထပ်တူပြုသင့်သည့် ဒေသဆိုင်ရာအဆင့် ပန်းတိုင်ဖြစ်သည်။

အားပေးထောက်ခံ စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းများတွင် ကုလသမဂ္ဂအေဂျင်စီများနှင့် တွဲဖက်၍ အဓိက အခန်းကဏ္ဍများတွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နေသည့် ဥပမာများစွာရှိသည်။

၂၀၁၇ ခုနှစ်တွင် UNDP သည် တောင်ဆူဒန်ရှိ အရပ်သားများအားအကာအကွယ်ပေးရေး ထိခိုက်နစ်နာသူများ အစုအဖွဲ့နှစ်ဖွဲ့ ထူထောင်ရာတွင် ပံပိုးပေးခဲ့သည်။ အဆိုပါအဖွဲ့များကို အမျိုးသား ၇၉ ဦးနှင့် အမျိုးသမီး ၃၅၁ ဦးဖြင့် ဖွဲ့စည်းထားသည် (UNDP,2020)။ ထိုအဖွဲ့များသည် "ပဋိပက္ခကြောင့် ထိခိုက်နစ်နာသူများအား လူမှု စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးဆောင်ပြီး ဒုက္ခသည် များအား နေရပ်ပြန်ပို့ခြင်း *repatriations* နှင့် တာဝန်ယူ တာဝန်ခံမှု လုပ်ငန်းစဉ် *accountability processes* များ အပါအဝင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများသို့ လက်လှမ်းမီ လွယ်ကူချောမွေ့စေရန် ပံ့ပိုး ပေးခဲ့သည်" (UNDP၊2020 ၊ p. 48)။ ထို့အပြင်၊ ထိုအဖွဲ့များသည် အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် လွှတ်တော်များတွင် ထိခိုက်နစ်နာသူများ၏ ပြောရေးဆိုခွင့်ကို ဆောင်ကျဉ်းပေးကာ စည်းရုံးလှုံ့ဆော်မှုအခွင့်အလမ်း *platform for advocacy* တစ်ခု ရရှိအောင် ဖန်တီးရာတွင် အဓိကကျသည် (UNDP, 2020)။

နောက်ထပ်ဥပမာတစ်ခုမှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်သည်။ ခမာနီတရားခွင်များတွင် ပါဝင်ပတ်သက်သူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု မြှင့်တင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများစွာ ပါဝင်ကြောင်း တွေ့ရသည်။

ဥပမာဖြစ်စဉ် - အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးများအပေါ်

UN Photo/Saphia Paris



**ဖြစ်စဉ်နမူနာ။ အကြမ်းဖက်မှုအဆုံးသတ်ရေး ကုလသမဂ္ဂယုံကြည်မှုရန်ပုံငွေနှင့် ECCC (ကမ္ဘောဒီးယား)**

အရပ်ဘက် အဖွဲ့အစည်းများသည် ဒီမိုကရက်တစ်ကမ်ပူချားကာလအတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအပေါ် (Extraordinary Chambers in the Courts of Cambodia-ECCC) ကမ္ဘောဒီးယားတရားရုံးများ၏ [9] အရေးယူအပြစ်ပေးမှု ကန့်သတ်ချက်များကို ကျော်လွန်ဆောင်ရွက်နိုင်ရန် ကူညီပေးနိုင်ခဲ့သည်ဟု Williams and Palmer (2016) က ဆိုသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ထိခိုက်နစ်နာသူများကို ကိုယ်စားပြုမှုနှင့် အသိအမှတ်ပြုမှု တိုးမြှင့်ပေးသည့်အပြင် ဖုံးကွယ်ထားသည့် ရာဇဝတ်မှု (ဥပမာ - အတင်းအဓမ္မ လက်ထပ် ထိမ်းမြားခြင်း) များကို ရှင်းလင်းဖော်ထုတ်ခြင်းကဲ့သို့ အရေးပါသော အကြောင်းအရာ ပြဿနာကိစ္စရပ်များအတွက် ငြင်းခုံဆွေးနွေးမှုများ ဖန်တီးပေးနိုင်ခဲ့သည်။

"ကမ္ဘောဒီးယား NGOs နှစ်ခုဖြစ်တဲ့ Transcultural Psychosocial Organization နဲ့ Cambodian Defenders Project တို့က UN Trust Fund ရံပုံငွေထောက်ပံ့သော အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုပပျောက်ရေး စီမံကိန်းတခုတွင် Victims Support Section (VSS) နဲ့ တွဲဖက်ပြီး ခမာနီအစိုးရလက်အောက်မှ လွတ်မြောက်လာသူ အမျိုးသမီးများ၊ အကြမ်းဖက်မှုခံရသူများအတွက် တရားမျှတမှု တိုးတက်ရရှိလာစေရေး ပူးပေါင်း အကောင်အထည်ဖော်ခဲ့ပါတယ်" (Williams and Palmer, 2016, P.329 Poluda ၏ ပြောကြားကောက်နှုတ်ချက်)။ အဆိုပါစီမံကိန်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ECCC ၏ တရားစွဲဆိုမှုလုပ်ငန်းများတွင် အရပ်ဘက်အဖွဲ့များ၏ ပါဝင်မှုကို ပံ့ပိုးပေးခြင်း၊ အသိအမှတ်ပြုခြင်းနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ပံ့ပိုးကူညီပေးခြင်း၊ စိတ်ဒဏ်ရာ ကုသခြင်း အပါအဝင် လူမှုစိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ အမျိုးမျိုးသော အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ပါဝင်နိုင်ရန် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းအားဖြင့် ခမာနီခေတ်နှင့် ယနေ့ကာလအတွင်း လိင်ပိုင်းဆိုင်ရာနှင့် အခြားသော ဂျန်ဒါအခြေပြု အကြမ်းဖက်မှုကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို တုံ့ပြန်ရန်အတွက် ECCC ၊ Cambodia's Lawyer Training Center တို့နှင့် လက်တွဲဆောင်ရွက်ခဲ့ပါသည် (ပြန်လည်ဖြန့်ဝေခြင်း) Transcultural Psychosocial Organization (ရက်စွဲကာလ မဖော်ပြထားသော)။ ဤပရောဂျက်တွင် VSS သည် Transcultural Psychosocial Organization နှင့် လက်တွဲ၍ ဒီမိုကရက်တစ်ကမ်ပူချား ကာလအတွင်း အမျိုးသမီးများနှင့် အမျိုးသားများ၏ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရန် အခွင့်အလမ်းပေးသည့် အမျိုးသမီး ကြားနာပွဲ (၃) ခု ပူးပေါင်းစီစဉ်ခဲ့သည်။ ပရောဂျက်တွင် အမှန်တရားထုတ်ဖော်ဆိုခြင်းလုပ်ငန်းစဉ် truth-telling processes များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ မူလဇစ်မြစ်အကြောင်းတရားများ ဆွေးနွေးခြင်းဖြင့်၊ ရပ်ရွာ

[9] ခမာနီအစိုးရသည် ၁၉၇၅ ခုနှစ် ဧပြီလတွင် အာဏာရလာခဲ့ပြီး ၁၉၇၉ ခုနှစ် ဇန်နဝါရီလတွင် ဖြုတ်ချခံခဲ့ရသည်။ ထိုကာလအတွင်း လူဦးရေ ၃ သန်းခန့် သေကြေပျက်စီးခဲ့သည်။ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ပြီး ၁၉၉၈ တွင် အဆုံးသတ်ကာ ခမာနီနိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာဖွဲ့စည်းပုံများကို ဖျက်သိမ်းခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ကမ္ဘောဒီးယား အမျိုးသား လွှတ်တော် National Assembly က ဥပဒေတရပ် ပြဋ္ဌာန်းခဲ့ပြီး ခမာနီအစိုးရလက်ထက် ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်ကာလအတွင်း ကျူးလွန်ခဲ့သော ကြီးလေးသောရာဇဝတ်မှုများကို စစ်ဆေးကြားနာစီရင်ရန် ဒီမိုကရက်တစ်ကမ်ပူချားကာလအတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများဆိုင်ရာ ကမ္ဘောဒီးယား အထူးတရားရုံးများ Extraordinary Chambers in the Courts of Cambodia-ECCC) ဟုခေါ်တွင်သည့် အထူးတရားရုံးများ ဖွဲ့စည်းထူထောင်ခဲ့သည်။။ အချက်အလက်များကို တရားရုံး website [About ECCC | Drupal] မှ ကူးယူဖော်ပြသည်။

အသိအမြင်ကို လှုံ့ဆော်ပေးမည့် 'အသွင်ကူးပြောင်းမှု တခုခုအတွက် *transform something'* ရည်ရွယ်ဒီဇိုင်းဆွဲထားသော ပရိတ်သတ် ကိုယ်တိုင် ပါဝင်နိုင်သည့် ဖိုရမ်ပြဇာတ် တင်ဆက်မှု *forum theatre performances* များ စီစဉ်ပေးသည် (Williams and Palmer, 2016, p. 239)။

### ***ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်နိုင်စွမ်းကို တွန်းအားပေးခြင်း။***

ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်ခြင်းကို လူမှုစိတ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် မီးမောင်းထိုးပြထားသည်။ IASC လမ်းညွှန်ချက်များတွင် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်း ဆိုသည်မှာ ၎င်းတို့နှင့်၊ ၎င်းတို့၏အနာဂတ်များ အပေါ်သက်ရောက်မှုရှိသည့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များအားလုံးတွင် (လူအစုအဖွဲ့များ၊ မိသားစုများ၊ ဆွေမျိုးများ၊ ရွယ်တူတန်းတူ *peers* များ၊ အိမ်နီးချင်းများ သို့မဟုတ် တူညီသော အကျိုးစီးပွားရှိသည့်သူများ) စသည့် ရပ်ရွာအဖွဲ့ဝင်များ ပါဝင်ရန် ကြိုးပမ်းအားထုတ်မှုကို ရည်ညွှန်းသည်။ လမ်းညွှန်ချက်များသည် လူ့အဖွဲ့အစည်းများတွင် သြဇာနှင့် လုပ်ပိုင်ခွင့်အတွက် အပြိုင်အဆိုင် လိုအပ်ချက်များဖြင့် မတူညီသော အစုအဖွဲ့များစွာကိုပါ ထည့်သွင်းထားသည်။ စစ်မှန်သော ရပ်ရွာလူထု ပူးပေါင်းပါဝင်မှုကို လွယ်ကူချောမွေ့စေရန်၊ မတူညီသော အစုအဖွဲ့များနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် သီးခြားအုပ်စုများ၏ အခွင့်ထူးခံမှုများကို ရှောင်ရှားရန်၊ ဒေသဆိုင်ရာအာဏာတည်ဆောက်ပုံနှင့် လူမှုအဖွဲ့အစည်းအတွင်း တည်ရှိနေသော ပဋိပက္ခပုံစံများကို နားလည်ရန် လိုအပ်သည်။ ဤချဉ်းကပ်မှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် လူ့အဖွဲ့အစည်းအတွက် တိုက်ရိုက်ဆက်စပ်သည်။

ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုသည် ထိခိုက်နစ်နာသူအုပ်စုများကိုသာ သီးသန့် ကူညီပံ့ပိုးမှုများထက် ပို၍ ကျယ်ပြန့်စွာ ထိရောက်နိုင်ပြီး ၎င်းတွင် ထိရောက် သောဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ခြင်း၊ ရပ်ရွာလူထု တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းများကို လှုံ့ဆော်ခြင်း၊ ဒေသဆိုင်ရာဦးဆောင်မှုများနှင့် ချိတ်ဆက်နိုင်ခြင်း၊ အကြံပြုသုံးသပ်ချက်ကွင်းဆက် *feedback loops* များ ထူထောင်ခြင်းနှင့် ဒေသဆိုင်ရာအဆင့်တွင် အကဲဖြတ် အကြံပြုသုံးသပ်ချက် လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ ပါဝင်နိုင်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနယ်ပယ်တွင် တိုးတက်ကောင်းမွန်သော စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့်ဆက်စပ်သည့် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုအပေါ် အာရုံစိုက်မှု အနည်းငယ်သာ ရှိခဲ့သော်ငြားလည်း၊ ၎င်းသည် ယခုအခါ အခြားနယ်ပယ်များတွင် ကောင်းမွန်စွာ တည်ရှိနေပြီးဖြစ်သည်။ UNICEF သည် လူမှုအသိုက်အဝန်း၏ ပူးပေါင်းပါဝင်မှုနှင့် လူမှုပံ့ပိုးကူညီမှုတို့ကြား ဆက်နွယ်မှု အထောက်အထားများကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့သည်။ ပြန်လည်သုံးသပ် တွေ့ရှိချက်များအရ ကလေးငယ်များကို အထူးအလေးပေး ဆောင်ရွက်ပေးသော လူသားချင်း စာနာထောက်ထားမှု အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာတို့၏ ဆက်စပ်မှုကို ရှင်းလင်းစွာ ဖော်ပြထားသည်။

> **"လူမှုအသိုက်အဝန်း၏ ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်များသည် အလွတ်သဘော ဆောင်ရွက်နေကြသော လူမှုပံ့ပိုး ကူညီမှုကွန်ရက်များကို ဖော်ထုတ်သတ်မှတ်ရန်နှင့် အားဖြည့်တည်ဆောက်ရန်၊ MHPSS ဝန်ဆောင်မှုများကို မြှင့်တင်ရန် အခွင့်အလမ်းများ ပိုမိုရရှိစေပါသည်။"** မကြာသေးမီ လေ့လာချက်များအရ MHPSS ဆန်းစစ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် ရပ်ရွာလူထုပါဝင်မှုသည် ဒေသတွင်း လူမှုယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို အခြေခံသည့် ဘက်စုံနားလည်မှု *holistic*

*understanding* ရှိစေရန် အထောက်အကူ ဖြစ်စေပြီး၊ ရည်ရွယ်အုပ်စုအဖွဲ့ *target groups* များ၏ ဂုဏ်သိက္ခာ၊ စိတ်ကျေနပ်မှု အဆင့်၊ သုခနှင့် မိမိတို့နှင့်သက်ဆိုင်မှုကို *ownership* ပြန်လည်တည်ဆောက်ရယူ ပေးသည်။ ရပ်ရွာလူထုနှင့် ထိတွေ့ ဆက်ဆံမှုသည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အခြေအနေများတွင် MHPSS အစီအစဉ်များကို အောင်မြင်စွာ အကောင် အထည်ဖော်ရန်နှင့် အသုံးချနိုင်မှုကို ပံ့ပိုးပေးသည့် အဓိက ယန္တရားတခုဖြစ်သည်။(UNICEF, 2020 p. 701)

**အစုအဖွဲ့များထဲတွင် သီးခြားအုပ်စုများအပေါ် အခွင့်ထူးမပေးဘဲ သို့မဟုတ် သီးခြားထိခိုက်နစ်နာသူများကို ရွေးချယ်မျက်နှာသာပေးခြင်း မလုပ်ဘဲ *specific victim dynamics* ကျင့်ဝတ်၊ တာဝန်သိမှုများနှင့်အညီ ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုများကို မည်သို့ ထိတွေ့ ဆက်ဆံရမည်ဆိုသည့် ဂရုတစိုက် ထည့်သွင်းစဉ်းစားရန် ဆိုသည်မှာ မေးစရာဖြစ်နေသည်။**

(အမျိုးသမီးများနှင့် မိန်းကလေးငယ်များကဲ့သို့) ဖယ်ကျဉ်ခံထားရသောသူများကို သီးခြားအစုအဖွဲ့အဖြစ် အဓိက ထားဆောင်ရွက်ခြင်းသည် လိုအပ်နိုင်သော်လည်း အခြားသူများ အထူးသဖြင့် လူငယ်များကို ထိတွေ့ဆက်ဆံမှုများမှ မကြာခဏဆိုသလို ချန်လုပ်ထားသကဲ့သို့ ဖြစ်နိုင်သည် (Simp son, 2015)။

ကုလသမဂ္ဂသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ထိတွေ့ဆက်ဆံမှုကို ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲစေသည့် သော့ချက်အဖြစ် အသိအမှတ်ပြုပြီး ထိုအကြောင်းအရာနှင့်ပတ်သက်၍ လမ်းညွှန်ချက်တစုံကို ပြုစုရေးဆွဲထားသည် (United Nations, 2020b)။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနယ်ပယ်တွင် တကျော့ပြန်မဖြစ်ပွားရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများ၏ အဓိက အခန်းကဏ္ဍကို အသိအမှတ်ပြုထားသည်။ လိုအပ်ပါက ဖြည့်စွက် တည်ဆောက်နိုင်သည်။ (A/HRC/36/50/Add.1 တွင် ရှု)။

**တစ်ချိန်တည်းမှာပင် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုသည် NGOs များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဖွဲ့စည်းပုံ အတိုင်းအတာများထက် ပိုမို ဆောင်ရွက်သင့်သည်။** ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုတွင် ဒေသဆိုင်ရာ ခေါင်းဆောင်များ၊ အလွတ်သဘောအသင်းအဖွဲ့များ *in-formal associations* (ဥပမာ -ကုန်သည်အစုအဖွဲ့များ *market traders*)၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ လူငယ် အစုအဖွဲ့များ (ဥပမာ လူငယ်နှင့်အားကစားအဖွဲ့များ) သို့မဟုတ် လူများကို စုစည်းနိုင်သည့် အခြားသော ရပ်ရွာအခြေပြု အသင်းအဖွဲ့များကဲ့သို့သော ရပ်ရွာလူထုနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံမှုများ လိုအပ်သည်။

### ဖြစ်စဉ်နမူနာ - ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှု၊ ဆီရာလီယွန်

ဆီရာလီယွန် Sierra Leone တွင် ထွက်ပေါ်ခဲ့သည့် Fambul Tok လုပ်ငန်းစဉ်သည် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှု ဥပမာတစ်ရပ်ဖြစ်သည် (ဖြစ်ရပ်အပြည့်အစုံအတွက် နောက်ဆက်တွဲ ၃ တွင်ရှု)။ ဤအစပျိုးလုပ်ငန်းစဉ်သည် ဆီရာလီယွန် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင် (၂၀၀၂-၂၀၀၄) *Sierra Leone Truth and Reconciliation Commission* မှ ချန်လှပ်ထားရစ်ခဲ့သော ကွက်လပ်များကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး နိုင်ငံရှိ ပဋိပက္ခများ၏ သက်ရောက်မှုများကို ရပ်ရွာအသိုက်အဝန်း အဆင့်တွင် ကိုင်တွယ်ဖြေရှင်းရန် ဖြစ်လာခဲ့သည်။ ၎င်းသည် ရပ်ရွာလူထု၏ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လိုအပ်ချက်များကို ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာ အခြေခံနည်းလမ်း (အမှန်အတိုင်း ပြောပြ ကြသည့် မီးပုံပွဲ *truth-telling bonfires* နှင့် ရိုးရာသန့်စင်ခြင်းအခမ်းအနားများ *traditional cleansing ceremonies*) များမှတဆင့် မည်ကဲ့သို့ ကိုင်တွယ် ဖြေရှင်းနိုင်ကြောင်း

ပိုမိုကျယ်ပြန့်သော နောက်ဆက်တွဲ ၃ တွင် သရုပ်ဖော်ပြသထားသည့် အတိုင်း Fambul Tok သည် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ခြင်းမှတဆင့်၊ စစ်ပွဲ၏ဒဏ်ရာများနှင့် ပိုမို ကျယ်ပြန့်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းနိုင်သော၊ နောက်ထပ်တဖန် တကျော့ပြန် မဖြစ်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အာမခံချက်ပေးနိုင်သော ရပ်ရွာလူထုအသိုက်အဝန်း ကွန်ရက်တစ်ခု တည်ဆောက်ခဲ့သည်။

**ကုစားခြင်း healing နှင့် ရပ်ရွာအခြေပြု စည်းရုံးလှုံ့ဆော်ရေး အစပျိုးလုပ်ငန်းများကို အမှန်တရားကော်မရှင်များကဲ့သို့သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု တရားဝင်ယန္တရားများနှင့် တိုက်ရိုက် ပေါင်းစပ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းမှသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များအတွက် ထပ်လောင်းတန်ဖိုးများ ရရှိလာနိုင်သည်ဟု ဤဖြစ်ရပ်လေ့လာမှုက အကြံပြုတင်ပြထားသည်။**

## ၄။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အစီအစဉ်များ

ပဋိပက္ခမှ ပေါ်ထွက်လာသော လူ့အဖွဲ့အစည်းအများစု အထူးသဖြင့် အရင်းအမြစ် အကန့်အသတ်ရှိသော လူမှုအသိုက်အဝန်းများတွင် ရပ်ရွာအခြေပြု အရင်းအမြစ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုများနှင့် နိုင်ငံတော်အခြေပြု ပံ့ပိုးကူညီမှုများ (ဥပမာ ကျန်းမာရေးဝန်ဆောင်မှုများ) မပါဘဲ ပြည့်စုံသော လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ဖြစ်လာနိုင်မည် မဟုတ်ပေ။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် ပြီးပြည့်စုံသော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးရေး ချဉ်းကပ်မှုသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ယန္တရားများ သို့မဟုတ် ထိုကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ တိုက်ရိုက်ဆောင်ရွက်ချက် အတိုင်းအတာဘောင်များထက် ကျော်လွန်သည်။ အသွင် **ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများသည် အဓိကအားဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဘောင်အတွင်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့ကို မြှင့်တင်ရန်သည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းအပေါ်တွင် အဓိက မူတည်သည်။** နောက်လာမည့်အခန်းတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို အသွင်ကူးပြောင်းရေးကာ တရားမျှတမှုလုပ်ငန်းစဉ်အတွင်း ပိုမိုကောင်းမွန်စွာ ထည့်သွင်းပေါင်းစပ်နိုင်မည့် အဓိက အစီအစဉ် (၃)ရပ်ကို လေ့လာသွားမည်ဖြစ်သည်။

### ***အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို မြှင့်တင်ရန် ရပ်ရွာအခြေပြု လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ***

ဤစာတမ်းတလျှောက်လုံးတွင် တင်ပြခဲ့သည့်အတိုင်း **စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်အတွင်း ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။** အတိအကျဆိုရပါလျှင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာသူများကို ကူညီရန် ကိုယ်ကျင့်တရား တာဝန်တရပ်အပြင် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းများအတွက် ပေါ်ပေါက်လာသည့် လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းခြင်းအားဖြင့် မိမိတို့သည် -

- တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းအလိုက် ဖျားနာချိန့် ကြံ့ခိုင်ရည်နည်းမှု *infirmity* နှင့် လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ဘုံဝန်ထုပ်ဝန်ပိုးများကို လျော့ချနိုင်သည်။
- ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မြှင့်တင်ပေးခြင်းအားဖြင့် လူမှုဆိုင်ရာ၊ လူ့အဖွဲ့အစည်း သဟဇာတ ပေါင်းစည်းမှု *social and community cohesion* နှင့် ကုန်ထုတ်စွမ်းအား *productivity* ကို မြှင့်တင်နိုင်သည်။
- အချို့သူများအတွက် ၎င်းတို့၏အခွင့်အရေးများကို ရယူခံစား ကျင့်သုံးနိုင်မှုနှင့် လူ့အဖွဲ့အစည်းတရပ်လုံးရှိ အင်စတီကျူးရှင်းများသို့ လက်လှမ်းမီနိုင်စွမ်းကို မြှင့်တင်နိုင်သည်။



- ရလဒ်များကိုတိုးတက်စေခြင်းအားဖြင့် အသွင်ကူးပြောင်းရေးကာလတရားမျှတမှု လုပ်ငန်းစဉ်များတွင် ပါဝင်မှုကို မြှင့်တင်နိုင်သည်။
- အန္တရာယ် ထိခိုက်နစ်နာမှုနှင့် မကျေနပ်ချက် *harm and grievances* များကို လျှော့ချခြင်းဖြင့် နောက်ထပ်တဖန် တကျော့ပြန် မဖြစ်ပွားစေရေးကို အထောက်အကူပြုနိုင်သည်။

လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်ချက်များသည် ဤလူတစ်ဦးချင်းနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများစွာ ဆောင်ကျဉ်းပေးကြောင်း အထောက်အထားများစွာရှိသည်။ လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များသည် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ရောဂါဆိုင်ရာစိတ်ကျန်းမာရေး ဆောင်ရွက်ချက်များနှင့် တူညီမှုမရှိပါ။ ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း ဤဆောင်ရွက်ချက်များ (အချို့သော လူ့အဖွဲ့အစည်းများထဲတွင် ရှိနေသည့်တိုင်) သည် ပဋိပက္ခအလွန် လူ့အဖွဲ့အစည်းများအတွက် လိုအပ်သော ဆောင်ရွက်ချက် အမျိုးအစားများ၏ အစိတ်အပိုင်း အနည်းငယ်မျှသာ ကိုယ်စားပြုသည် (IASC, 2007)။ နိုင်ငံရေးအကြမ်းဖက် ပဋိပက္ခအပြီး လူမှုစိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ပြင်းထန်စိတ်ဖိစီးမှုဒဏ်သင့်ဝေဒနာ PTSD ဟု ကျဉ်းမြောင်းစွာ သတ်မှတ်လေ့ရှိသည့် စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်း ဝန်ဆောင်မှုများ ပေးခြင်းထက် များစွာပို၍ အကျုံးဝင် တာသွားသည် (IASC, 2007)။ **ကိုယ်ထူကိုယ်ထ၊ ခံနိုင်ရည်ရှိခြင်း ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပြန်လည်သင့်မြတ်ရေးစသည့် သဘောတရားများကို အလေးပေးသည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဆီသို့ ဦးတည်သည့် ရပ်ရွာလူထု ကိုယ်တိုင်ဦးဆောင်သော ချဉ်းကပ်မှုသည် ကုထုံး therapeutic နှင့် လူမှုရေးအရ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အကျိုးသက်ရောက်မှု ရှိနိုင်သည်** (Saul, 2013)။ ရပ်ရွာလူ့အဖွဲ့အစည်းများနှင့် ဒေသအလိုက် ပံ့ပိုးကူညီမှုများသည် လူမှုစိတ်ပိုင်းဆိုင်ရာ အစပျိုးမှု လုပ်ငန်းများ၏ ပင်မကျောရိုးဖြစ်ပြီး ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲစေရန်၊ ခံနိုင်ရည်အားမြှင့်တင်ရန်နှင့် ရေမြေဒေသအခြေအနေ၊ ယဉ်ကျေးမှုနှင့် ဆီလျော်သည့် ချဉ်းကပ်မှုများဖြစ်စေရန်အတွက် အခရာကျသည် (Hamber and Gallagher, 2015)။

**ယဉ်ကျေးမှုအရ သင့်လျော်သော လူမှုစိတ်ပိုင်းဆိုင်ရာ အစပျိုးလုပ်ငန်းများကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့်အပြိုင် (နှင့် ပုံဖော်ခြင်း) ဖြည့်စွက်ခြင်း (နှင့် ဖြစ်နိုင်ပါက ပေါင်းစပ်ထည့်သွင်းခြင်း) အားဖြင့် အုပ်စုအဖွဲ့နှင့် တစ်ဦးချင်းအလိုက် ပြောင်းလဲခြင်း transformation နှင့် well-being ကောင်းမွန်ပြည့်စုံမှုကို အထောက်အကူပြုနိုင်သည်။**

ထိုသို့သော ပါဝင်ဆောင်ရွက်ချက်များတွင် အုပ်စုအချင်းချင်း ဆက်သွယ်မှု၊ ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်များ၊ ရိုးရာထုံးတမ်းကုသခြင်း အခမ်းအနားများ၊ စုပေါင်းရိုးရာဓလေ့ပွဲများနှင့် အထိမ်းအမှတ်အခမ်းအနားများ၊ ကုထုံးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်ချက်၊ ဆွေးနွေးမှု၊ အောက်မေ့ဖွယ် အမှတ်တရများ *memory work* အတွေ့အကြုံများ ဇာတ်ကြောင်းပြန် ပြောပြခြင်း *storytelling* ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ မျိုးဆက်များအကြား လုပ်ဆောင်မှုများ *intergenerational work* သင်ရိုးညွှန်းတမ်းအသစ် ရေးဆွဲခြင်း၊ မော်ကွန်းတိုက်နှင့် သမိုင်းဆိုင်ရာအကြောင်းအရာနှင့် ထိတွေ့ဆက်ဆံမှု၊ လူထုပညာရေး၊ အနုပညာနှင့် ပြဇာတ်ပရောဂျက်များ ပါဝင်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်ချက်များကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ အတွင်း လိုအပ်သည်ဟု အသိအမှတ်ပြုခံရလေ့ ရှိသော်ငြားလည်း၊ အသွင် ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များ ဒီဇိုင်းရေးဆွဲသည့်အခါ ထိုသို့သော ဆောင်ရွက်ချက်များ ပေါင်းစပ်ပါဝင်စေရန်၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု သံသရာစက်ဝန်း တလျှောက် လုံလောက်သော ငွေကြေးနှင့် ထောက်ပံ့မှု ရရှိစေရန် အရေးကြီးသည်။

အနှစ်ချုပ်ဆိုရလျှင် လူမှုစိတ်ပိုင်းဆိုင်ရာပါဝင်ဆောင်ရွက်ချက်များ ပေးဆောင်နိုင်ရန် အရပ်ဘက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ပံ့ပိုးမြှင့်တင်ခြင်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် အရေးကြီးသော ဖြည့်စွက်ချက်တစ်ခုဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်ရှိ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်း ပံ့ပိုးကူညီမှုဆိုင်ရာ သုတေသနပြုချက်များအရ ဒေသခံလူထုနှင့် အစိုးရကြား ပူးပေါင်းဆောင်ရွက်မှုများသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အစီအစဉ်များမှာ အောင်မြင်မှုအတွက် အဓိကသော့ချက်ဖြစ်ပြီး၊ အရင်းအမြစ်နည်းပါးသည့်အခြေအနေ *low-resource contexts* များတွင် ဒေသခံရပ်ရွာအခြေပြု ကျွမ်းကျင်သူများကို အသုံးချခြင်းသည် ထိရောက်သော နည်းဗျူဟာတစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည် (Healy၊ Kaiser နှင့် Puffer၊ 2018၊ UNICEF 2020)။ အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်ကုစားပေးလျော်ရေးနှင့် နောက်ထပ်တဖန် တကျော့ပြန်မဖြစ်ပွားရေး အာမခံချက်များ မြှင့်တင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်က ၂၀၁၇ ခုနှစ်တွင် မှတ်ချက်ပြုထားသည့်အတိုင်း၊ “မဟာဗျူဟာတစ်ရပ်သည်” အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် ချိန်ခွင်လျှာမျှတသော ရေရှည်ရန်ပုံငွေ ပံ့ပိုးပေးရန်၊ လက်တွေ့မကျသော အချိန်ဇယားကို ဦးတည်သည့် ရေတိုပရောဂျက်များကို ရှောင်ရှားရန်နှင့် ရန်ပုံငွေဆိုင်ရာ မဟာဗျူဟာများသည် အောင်မြင်သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ပဏာမခြေလှမ်းများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ၏ အခန်းကဏ္ဍများ အချိုးကျအာရုံစိုက် ပါဝင်စေရန် လိုအပ်သည် (A/HRC/36/50/Add1)။ ထိုသို့သော မဟာဗျူဟာများသည် လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်ချက်များနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု အပြန်အလှန် ချိတ်ဆက်ရာတွင် အခြေခံကျသည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အစီအစဉ် သာဓကများစွာ ရှိသော်ငြားလည်း (GIZ, 2018; UNICEF, 2020; UNHCR, 2012; UNHCR and Welton-Mitchell,2013; Reiger, 2016; UN Women, 2015; WHO, 2012) လူတဦးချင်းအလိုက်၊ ရပ်ရွာလူထုများနှင့် လူ့အဖွဲ့အစည်းအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုများ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအစီအစဉ်၊ လုပ်ငန်းစဉ်များနှင့် တိုက်ရိုက်ချိတ်ဆက်မှုကို ကောင်းစွာမှတ်တမ်းတင်နိုင်ခြင်း နည်းပါးနေသေးသည်။

သို့သော် စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပရိုဂရမ်များကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ချိတ်ဆက်ရန် ပိုမို တွေးခေါ်မြော်မြင်သော သာဓကပြု အစီအစဉ်များ ပေါ်ထွက်လျက်ရှိသည်။ (နောက်ဆက်တွဲ ၂၊ အပိုဒ်၇ တွင် ဖော်ပြထားသည့်) ဖြစ်ရပ်လေ့လာမှုအားလုံးသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပရိုဂရမ်များကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုယန္တရားများအပေါ် ဖြည့်စွက်ဆောင်ရွက်ချက် သို့မဟုတ် ထိုယန္တရားများနှင့်အတူ ပူးတွဲအကောင် အထည်ဖော်ခဲ့သည့် ဖြစ်စဉ်နမူနာများ ဖြစ်သည်။

ဥပမာအားဖြင့် UN Women သည် အသက်ရှင်ကျန်ရစ်သူများအား ၎င်းတို့၏ အသေးစားကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ စတင်ရန် သို့မဟုတ် မြှင့်တင်ရန်အတွက် လူမှုစိတ်ပိုင်းဆိုင်ရာ အသေးစားထောက်ပံ့မှု စီမံကိန်း *micro-grant psychosocial project* ထူထောင်ခဲ့သည် (ဖြစ်ရပ်အပြည့်အစုံအတွက် နောက်ဆက်တွဲ ၄ တွင်ရှု)။

**ဖြစ်စဉ်နမူနာ - စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မှုအဖြစ် အသေးစားချေးငွေများ**

ဤအစီအစဉ်သည် ၂၀၁၇ ခုနှစ်တွင်ဖွဲ့စည်းခဲ့သော ကိုဆိုဗို လွတ်မြောက်ရေးစစ်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများကို အသိအမှတ်ပြုခြင်းနှင့် စိစစ်ခြင်းကော်မရှင်၏ အနာဂတ် ပြန်လည် ကုစားပေးလျော်မှု အစီအစဉ်များနှင့် ပေါင်းစပ်ဖန်တီးရန် ရည်ရွယ်သည်။ အသေးစားထောက်ပံ့ကြေးများကို အသုံးပြု၍ အသက်ရှင်ကျန်ရစ်သူများသည် စက်ချုပ်နှင့် ဆံပင်အလှပြင်

လုပ်ငန်းများမှသည် မွေးမြူစိုက်ပျိုးခြင်းနှင့် ပျားမွေးမြူရေးအထိ ၎င်းတို့၏ အသေးစားစီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ၊ တိရစ္ဆာန်များနှင့်အခြား အရင်းအမြစ်များကို ဝယ်ယူခဲ့ကြသည် (Hobbs. 2019)။ အကဲဖြတ်ချက်တစ်ခုတွင် (Hobbs. 2019) အထွေထွေကောင်းမွန်ပြည့်စုံမှုနှင့် ပဋိပက္ခအကျိုးဆက်များကို မိသားစုများအနေဖြင့် ပိုမိုလွယ်ကူစွာ ထိတွေ့ကိုင်တွယ်နိုင်စွမ်းအပါအဝင် အပြုသဘောဆောင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖော်ပြထားသည်။ **အဆိုပါအစီအစဉ်သည် ပြန်လည် ကုစားပေးလျော်ပိုင်ခွင့် *right to reparations* ရယူခံစား ကျင့်သုံးခြင်း၊ အမည်းစက်နှင့် ရှုံ့ချပြစ်တင်တုံ့ပြန် *stigma and backlash* ခံရသည့် စိုးရိမ်ကြောက်ရွံ့စိတ်များ တိုက်ဖျက်တွန်းလှန်ရာတွင် အသက်ရှင်ကျန်ရစ်သူများအကြား မိမိကိုယ်ကိုယ်ယုံကြည်မှု တိုးပွားလာစေရန် မြှင့်တင်ပေးသည်။**

**လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများတွင် ဆန်းပြားရှုပ်ထွေးသော *sophisticated* သို့မဟုတ် ကျယ်ပြန့်သော ပရိုဂရမ်များ အမြဲတမ်း မလိုအပ်ပါ။** မြောက်အိုင်ယာလန်တွင် "လူမှုမိတ်ဖွဲ့ခြင်း" လုပ်ငန်းသည် စရိုတ်စကသက်သာပြီး အောက်ခြေ အခြေခံလူတန်းစားများ ရပ်ရွာလူမှုအသိုက်အဝန်းပံ့ပိုးမှု grassroots community support ၏ အဆင့်အတန်းမြင့်မားသောလုပ်ငန်းစဉ်ဖြစ်စဉ်နမူနာတခုဖြစ်သည်။

## ဖြစ်စဉ်နမူနာ - လူမှုမိတ်ဖွဲ့ခြင်းဝန်ဆောင်မှုများ၊ မြောက်အိုင်ယာလန်

မြောက်အိုင်ယာလန် ပဋိပက္ခအတွင်း လွတ်မြောက်လာသူများနှင့် တဆက်တည်း အကျိုးရှိစေမည့် ဝန်ဆောင်မှုတစ်ခုသည် လူမှုမိတ်ဖွဲ့ခြင်းဖြစ်သည်။ **လေ့ကျင့်သင်ကြားပေးထားသည့် လူမှုမိတ်ဆွေများသည် ဆွေမျိုးသားချင်းများ ဆုံးရှုံးသွားသောသူများထံ လာရောက်လည်ပတ်ကာ ၎င်းတို့နှင့် ဖေးမကူညီသော ဆက်ဆံရေးများတည်ဆောက်ကြသည်။** ဤချဉ်းကပ်မှု အများစုသည် အစပိုင်းတွင် ရပ်ရွာဆက်သွယ်မှုများမှ အလိုအလျောက် ပေါက်ဖွားလာခဲ့ပြီး နောက်ပိုင်းတွင်အထူးသဖြင့် ကျန်ရစ်သူအဖွဲ့အစည်းများက ပဋိပက္ခကြောင့် သေဆုံးမှုများအပေါ်ကိုသာ သီးသန့်အာရုံစိုက်ခြင်းမပြုဘဲ ပရော်ဖက်ရှင်နယ်ကျကျ လုပ်ဆောင်ခဲ့သည်။ ယင်းချဉ်းကပ်မှုကို နောက်ပိုင်းတွင် ရပ်ရွာလူမှုအသိုက်အဝန်း အစုအဖွဲ့များက အသုံးပြုခဲ့ပြီး ပဋိပက္ခ၏သားကောင်များကို အထူးအာရုံစိုက်ခဲ့သည်။ လူမှုမိတ်ဖွဲ့ခြင်းသည် ယေဘုယျအားဖြင့် အိမ်များသို့ သွားရောက်လည်ပတ်၍ ဥပမာ - ဖောင်ဖြည့်ပေးခြင်း သို့မဟုတ် အခြား အသေးစားပြင်ဆင် မွမ်းမံခြင်းများကဲ့သို့ အိမ်မှုကိစ္စအလုပ်များကူညီပေးခြင်း၊ နားထောင်ပေးခြင်း၊ အထူးသဖြင့် အထီးကျန် အသက်ရှင်ကျန်ရစ်သူများကို ဖေးမကူညီပေးသည် (Dillenburger, Fargas and Akhonzada, 2007a)။ ထိုရိုးရာ အစဉ်အလာ လူမှုမိတ်ဆွေများသည် ချစ်ခင်ရသူများ သေဆုံးသည့် နှစ်ပတ်လည်အမှတ်တရအထိမ်းအမှတ် နေ့များကဲ့သို့ အထူးနေ့ရက်များတွင်လည်း ထိခိုက်နစ်နာ သူ victims များနှင့်ဆက်သွယ်ခြင်း၊ သတင်းစကား မေးခြင်း၊ အလွတ်သဘော သွားရာက် ဖေးမကူညီ ပေးကြသည်။ လူမှုမိတ်ဖွဲ့ခြင်းသည် အထီးကျန်မှုကို တိုက်ဖျက် ရန်၊ အသက်ရှင်ကျန်ရစ်သူများကို ပံ့ပိုးမှု ကွန်ရက်များ သို့မဟုတ် အချို့ကိစ္စများတွင် ပရော်ဖက်ရှင်နယ် ဝန်ဆောင်မှုများထံသို့ ချိတ်ဆက်ခြင်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ မြောက်အိုင်ယာလန် လူမှုမိတ်ဖွဲ့ခြင်း ဝန်ဆောင်မှုများကို အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုကို အာရုံစိုက်သည့် အခြားလုပ်ငန်း စဉ်များနှင့်အတူ အကောင်အထည်ဖော်ခဲ့ပြီး၊ အသက်ရှင်ကျန်ရစ်သူ survivor တစ်ဦးအား စစ်မေးခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းကဲ့သို့သော သီးခြားလုပ်ငန်းစဉ်များအတွင်း ရပ်ရွာလူမှုအသိုက်အဝန်းက ဝိုင်းရံပံ့ပိုးပေးခဲ့သည်။

**မြောက်အိုင်ယာလန်ရှိ ပဋိပက္ခသားကောင်များအတွက် ဝန်ဆောင်မှုများ ပြန်လည် သုံးသပ်ချက်တွင် ရပ်ရွာလူထု**

**အခြေပြု ဝန်ဆောင်မှုများဖြစ်သည့် လူမှုမိတ်ဖွဲ့ခြင်း၊ ကိုယ်ထူကိုယ်ထအဖွဲ့များနှင့် ဖြည့်စွက်ကုထုံး *complementary therapies* အချို့သည် ဝန်ဆောင်မှုပေးခြင်း၏ အထိရောက်ဆုံး သွင်ပြင်လက္ခဏာများ ဖြစ်သည်ကို တွေ့ရှိရသည်** (Dillen-Burger ၊ Fargas နှင့် Akhonzada 2007)။ အခြားဝန်ဆောင်မှုများနှင့် နှိုင်းယှဉ်ပါက လူမှုမိတ်ဖွဲ့ခြင်းသည် ကုန်ကျစရိတ်နည်းပြီး လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးမြင့်မားသည်။

(ဖြစ်ရပ်အပြည့်အစုံအတွက် နောက်ဆက် တွဲ ၅ တွင်ရှု)

**ပြန်လည်ကုစားပေးလျော်ခြင်းအနေဖြင့် ပြန်လည်ထူထောင်ရေး - စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း**

**ပြန်လည်ကုစားပေးလျော်ခြင်း တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြန်လည်ထူထောင်ရေးသည် တိုးတက်ကောင်းမွန်သော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများ ဆောင်ကျဉ်းပေးရာတစ်ခု**ဟု ယူဆနိုင်ပြီး လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုကို ကောင်းကျိုးပြုနိုင်သည့် တိကျသော ပြန်လည်ကုစားပေးလျော်ခြင်း လူမှုစိတ်ပိုင်းဆိုင်ရာ တိုက်ရိုက်အကျိုးကျေးဇူး အလားအလာ များ ပေးဆောင်နိုင်သည်။

၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ လူမှုစိတ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရှင်အစုအဖွဲ့တစ်ခုက **အတင်းအဓမ္မ အစအန ပျောက်ဖျက် ပျောက်ဆုံးသွားခြင်း *enforced disappearance* နှင့် *arbitrary or extrajudicial* executions မတရားသဖြင့် သို့မဟုတ် တရားလက်လွတ် ကွပ်မျက်မှုများ ရှာဖွေရေးလုပ်ငန်းများနှင့် မှုခင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများတွင် လူမှုစိတ်ပိုင်းဆိုင်ရာ အလုပ်အတွက် အနိမ့်ဆုံးစံသတ်မှတ်ချက် *minimum standards* များ** ထုတ်ပြန်ခဲ့သည် (Navarro, Pérez-Sales and Franc, 2011)။ ဤစံနှုန်းများတွင် လူမှုစိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုများအတွက် ထားရှိသည့် အနိမ့်ဆုံး သတ်မှတ်ချက်မှာ -

- *"လူမှုစိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုသည် အလုံးစုံကျယ်ကျယ်ပြန့်ပြန့် ပြန်လည် ကုစားပေးလျော်ခြင်း၏ အခြေခံမဏ္ဍိုင်ဖြစ်သင့်ပြီး အတင်းအဓမ္မ အစအန ဖျောက်ဖျက် ပျောက်ဆုံးသွားခြင်း၊ မတရားသဖြင့် သို့မဟုတ် တရားလက်လွတ် ကွပ်မျက်ခြင်း ခံရသူများ၏ လူမှုအသိုက်အဝန်းနှင့် ဆွေမျိုးသားချင်းများအား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် တာဝန်တရပ် ဖြစ်သင့်သည်။ ရှာဖွေရေးလုပ်ငန်းများနှင့် မှုခင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများတွင် ဆွေမျိုးသားချင်းများ၊ လူမှုအသိုက်အဝန်းများနှင့် ၎င်းတို့၏အဖော်များ အပေါ် ထိခိုက်နစ်နာမှုပုံစံသစ် new forms of victimization များမှ ကာကွယ်တားဆီးရန် လိုအပ်သည့် အဆင့်များအားလုံးချမှတ်ဆောင်ရွက်သင့်သည်" (N avarro, Pérez-Sales and Franc, 2011, p. 26)။*

ဤအခြေခံမှုများသည် အစအန ဖျောက်ဖျက် ပျောက်ဆုံးသွားခြင်းများနှင့် ဆက်စပ် အကျုံးဝင်သည်ဟု ဆိုသော်ငြားလည်း ရပ်ရွာလူမှုအသိုင်းအဝန်းများ၊ ထိခိုက် နစ်နာသူ victims များနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများအား လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီများပေးခြင်းသည် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုတွင် ပြန်လည် ကုစားပေးလျော်ခြင်းအစီအစဉ်များအတွက် အနိမ့်ဆုံးစံနှုန်း တစ်ခုဟုလည်း ဆိုနိုင်သည်။ ကြီးလေးသည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာဥပဒေများကို ဆိုးရွားစွာ ချိုးဖောက်ခံရသူများအတွက် ကုစားခွင့်နှင့် ပြန်လည်ကုစားပေးလျော်ခွင့် *Right to a remedy and reparation* ဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များတွင် ပြန်လည် ထူထောင်ရေးသည် ဆေးဘက်ဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုအပြင် ဥပဒေနှင့်လူမှုရေး ဝန်ဆောင်မှုများပါ အနည်းဆုံးအဖြစ်ပါဝင်သင့်သည်ဟု ဖော်ပြထားသည်။ သို့သော် လူမှုစိတ်ပိုင်းဆိုင်ရာအပေါ် အလေးပေးမှုသည် (Navarro, Pérez-Sales and Franc, 2011) ဥပမာအားဖြင့် နှစ်သိမ့်ဆွေးနွေးခြင်းဘောင်ထက် ကျော်လွန်သည့်

ပိုမိုကျယ်ပြန့်သောရှုထောင့် အမြင်ဖြင့် ထို အကြံပြုချက်များ ထည့်သွင်းစဉ်းစားစေရန် အထောက် အကူပြုသည်။

စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာလူမှုရေး ပံ့ပိုးကူညီမှု ရှုထောင့်အပေါ် မဟုတ်ဘဲ စိတ်ကျန်းမာရေးဆိုင်ရာအချို့ ရှုထောင့်များအပေါ် အဓိကထားသည့် အမှန်တရား ကော်မရှင်များ၏ အကြံပြုတိုက်တွန်းချက်များ တစထက် တစ တိုးပွားလျက်ရှိသည်။ ဥပမာအားဖြင့် **တောင်အာဖရိက အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင် (၁၉၉၅-၂၀၀၃) သည် ၎င်း၏ ပြန်လည် ကုစားပေးလျော်ရေး reparations policy မူဝါဒတွင်** ကျယ်ပြန့်သည့် စိတ်ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ ပေးခဲ့သည်။ ထိုအကြံပြုချက်များတွင် စိတ်ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်ခြင်း၊ စိတ်ကျန်းမာရေး ဝန်ဆောင်မှုများကို တစ်ဦးချင်းသီးသန့် (နီးပါး) ကုထုံးပုံစံမှ လက်လှမ်းမီနိုင်သော ရပ်ရွာအခြေပြု ချဉ်းကပ်မှုအဖြစ် ပြောင်းလဲခြင်း၊ သင့်လျော်သည့် စိတ်ဒဏ်ရာ နှစ်သိမ့်ဆွေးနွေး အကြံဉာဏ်ပေးမှုပုံစံများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အိုးအိမ်၊ ပြန်လည်ပြုပြင်ရေးဌာနများ *correctional services,* ပညာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံးအနေဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် ပြဿနာများကို ၎င်းတို့၏ အစီအစဉ်ရေးဆွဲသည့် လုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားရန် တို့ပါဝင်သည်။ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့ရှုသည့် *development focused* စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ ဖြစ်သင့်သည်ဟုလည်း ကော်မရှင်က အကြံပြုသည်။[10]

- **တူနီးရှား အမှန်တရားနှင့်ဂုဏ်သိက္ခာကော်မရှင် The Truth and Dignity commission of Tunisia (၂၀၁၄-၂၀၁၉) ၏ အကြံပြုချက်များတွင်** ဘောင်အကန့်အသတ်ထားရှိပြီး၊ အထူးပြု စိတ်ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှု အဖွဲ့အစည်းများကဲ့သို့ သီးသန့်နယ်ပယ်များတွင် ကလေးများအတွက် စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို အဆင့်ဆင့် အလေးထား အာရုံစိုက် ကြီးကြပ်ရန် ပါဝင်သည်။ တရားဥပဒေစိုးမိုးရေးဌာနများ အထူးသဖြင့် အကျဉ်းထောင် အဖွဲ့အစည်းများတွင် အလုပ်လုပ်နေသူများအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခွင့်အရေးများနှင့်ပတ်သက်သည့် အသိပညာနှင့် သင်တန်းများပေးရန် အဆိုပြုတိုက်တွန်းထားသည်။
- **ပီရူး အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင် (၂၀၀၁ - ၂၀၀၃) ၏ ပြန်လည် ကုစားပေးလျော်ရေး မူဝါဒတွင်** နိုင်ငံတွင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်း

[10] သို့သော် စိတ်ဝင်စားစရာကောင်းသည်မှာ၊ တောင်အာဖရိက အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်၏ အစီရင်ခံစာတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးချဉ်းကပ်မှုဆီသို့ ဦးတည်စေသည့်အချက်ကို ဖော်ထုတ်ထားသည်မှာ “ကုထုံးနှင့် ၎င်း၏ လုပ်ထုံးလုပ်နည်း အလေ့အထများအပေါ် အဆိုးမြင်သဘောထားများ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးထားခြင်းသည် စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို လူအများရယူရန် အဟန့်အတားဖြစ်စေသည်။ စိတ်ကျန်းမာရေးနှင့် အတိတ်ပဋိပက္ခများ ဆက်နွယ်မှုကို တဦးတယောက်ချင်းနှင့် ရပ်ရွာလူမှုအသိုက်အဝန်းများအလိုက် ပညာပေးသင့်သည်။ သင့်တင့်လျောက်ပတ်သည့် စိတ်ကျန်းမာရေး အစပျိုးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်မှု ပရောဂျက်များနှင့် (ဥပမာ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် Masakhane clinics ဆေးခန်းများ ဆက်စပ်သကဲ့သို့) ချိတ်ဆက်သင့်သည်။ စိတ်ကျန်းမာရေးကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် သီးခြားဖြစ်သည်ဟု ရှုမြင်၍ မရနိုင်ပါ” (Truth and Reconciliation Commission, 2003, p. 1911)။

ရာတွင် ထိခိုက်နစ်နာရသူများကို ကူညီပံ့ပိုးသည့် အစီအစဉ်များ၊ ထိုအစီအစဉ်များကို အကောင် အထည်ဖော်ရန် လေ့ကျင့်သင်ကြားပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနအတွင်း အထူးဌာနတစ်ခု ဖွဲ့စည်း၍ အစီအစဉ်ရေးဆွဲ၊ ကြီးကြပ်စီမံခြင်း များကိုဆောင်ရွက်ရန် အကြံပြုထားသည်။

ဤအကြံပြုချက်များ၏ ရလဒ်များမှာ ရောထွေးလျက်ရှိ သည်။ ပြန်လည်ကုစားပေးလျော်ရေး မူဝါဒများရှိ စိတ်ကျန်းမာရေး အကြံပြုချက်ကိစ္စအားလုံး၏ (အထက် တွင် ရွေးချယ်ထုတ်နှုတ် ဖော်ပြထားသော ဥပမာသာဓက အချို့မှလွဲ၍) အသေးစိတ် လေ့လာသုံး သပ်ချက်များ မပြုလုပ်နိုင်သော်ငြားလည်း အနည်းဆုံး ပီရူးနိုင်ငံကဲ့သို့ ဥပမာများတွင် ဖြစ်နိုင်ချေအလားအလာ အချို့ကို ဖော်ပြ ထားသည်။

## ဖြစ်စဉ်နမူနာ - စိတ်ကျန်းမာရေးအတွက် အကြံပြု ချက်များ၊ ပီရူး

ပီရူး ဖြစ်စဉ်နမူ အကြံပြုချက်များတွင် " လက်နက်ကိုင် ပဋိပက္ခများ၏ စိတ်ကျန်းမာရေးဆိုင်ရာ အကျိုးသက် ရောက်မှုများနှင့်ပတ်သက်၍ ဘုံအသိတရား *collective consciousness* မြှင့်တင်ပေးပြီး၊ နစ်နာဆုံးရှုံးမှုအတွက် မကျေနပ်ချက် grievances များအပေါ် အစိုးရ၏ တုံ့ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ထိခိုက်နစ်နာသူ များနှင့် အသက်ရှင်ကျန်ရစ်သူများအနေဖြင့် အသိပေး ရယူပိုင်ခွင့်ရှိသည်ကို ထောက်ပြထားသည်" (Laplante and Holguin, 2006, p. 157)။ စိတ်ကျန်းမာ ရေးစောင့်ရှောက်မှုသည် ပြန်လည်ကုစား ပေးလျော်ခွင့် တွင် ပါဝင်သော်ငြားလည်း ရပိုင်ခွင့်တစ်ခုအဖြစ်၊ စွမ်းဆောင်ရည်နှင့် နိုင်ငံရေးပါဝင်မှု *political participation* မြှင့်တင်ခြင်းများကို တောင်းဆို သည့် နိုင်ငံရေးလှုပ်ရှားမှုအမျိုးမျိုး ပေါ်ပေါက်ခဲ့သည် (Laplante and Holguin, 2006, p. 157)။ အချို့က စိတ်ကျန်းမာရေးသည် နောင်နှစ်ပေါင်းများစွာတိုင် ဦးစား ပေးအဖြစ်ရှိနေမည်လော သို့မဟုတ် ပိုမို ကျယ်ပြန့် သည့် အခြားကျန်းမာရေးကိစ္စများနှင့် နှိုင်းယှဉ်ပြီး ထိုကိစ္စ ကို ချောင်ထိုးထားလိုက်မည်လောစသဖြင့် မေးခွန်း ထုတ်ခဲ့ ကြသည် (Peru Support Group, 2009)။ **ပီရူး ကျန်းမာရေးဝန်ကြီးဌာန၏ အလုံးစုံ ပြန်လည်ကုစားပေး လျော်ရေး အစီအစဉ်ကဲ့သို့သော ပြန်လည်ကုစား ပေးလျော်ရေးများမှ စီးဆင်းလာသော သီးသန့် စိတ် ကျန်းမာရေးဆိုင်ရာ အစီအစဉ်များ၏ ရေရှည်ထိရောက် မှုကို မေးခွန်းထုတ်ခဲ့ကြသည်။**

မဖွံ့ဖြိုးသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အောက် တွင် ကျယ်ကျယ်ပြန့်ပြန့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီ မှုများ၏ စိန်ခေါ်မှုများလည်းပါဝင်သည် (Correa, 2013)။

ပီရူး ဖြစ်စဉ်နမူနာသည် အချေအတင်အငြင်းပွားဖွယ် ရလဒ်များ ရှိသော်ငြားလည်း အနိမ့်ဆုံးအနေဖြင့် စိတ် ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အကြံ ပြုတိုက်တွန်းချက်တစ်ခုသည် အနည်းဆုံး ပြန်လည် ကုစားပေးလျော်မှုဖြစ်ပြီး အကျိုးသက်ရောက်မှုအချို့ ရှိနိုင်သည်ဟူသော အချက်ကို မီးမောင်းထိုးပြသည်။ ထို့အပြင် စိတ်ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းပံ့ပိုးမှု *mental health provision* ကို အခွင့်အရေးတရပ်အဖြစ် ငြင်းခုံ ဆွေးနွေးမှုသို့လည်း ဦးတည်စေသည်။

နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း၊ အစားထိုးကုထုံးများ *alternative therapies* နှင့် မျိုးဆက်များအကြား စိတ်ဒဏ်ရာ ကုသမှုဆိုင်ရာ ဝန်ဆောင်မှု *intergenerational trauma services* များကဲ့သို့သော ဝန်ဆောင်မှုများ ပေးဆောင်ခြင်း၊ ထို့အတူ အခြားသော ကျယ်ပြန့်သည့် လူထုအခြေပြု လူမှုစိတ်ပိုင်းဆိုင်ရာ အစီအစဉ်များစသည့် ပိုမိုကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစား ထားသော ပြန်လည်ကုစားပေးလျော်မှုများသည် မတူညီ သောအုပ်စုများအတွက် ရေရှည်စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု အထူးအကြံပြုချက်များ အတွက် တွန်းအားကောင်းတခုဖြစ်သည်။ ပြန်လည် ကုစားပေးလျော်ခြင်းများသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို NGOs များနှင့်

နိုင်ငံတော်အစိုးရ၏ လက်ရှိပံ့ပိုးမှုများတွင် ပိုမိုပြတ်သားစွာ ပေါင်းစည်းစေနိုင်သည့် အခွင့်အလမ်းလည်း ဖန်တီးပေးသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ဒေသခံလူထုများနှင့် နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများအကြား အသေးစိတ် အစီအစဉ်ရေးဆွဲခြင်း၊ အရင်းအမြစ်ရှာဖွေခြင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပါဝင်သည့် ပြန်လည် ကုစားပေးလျော်ခြင်း အဆိုပြုချက်များသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးမှုအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှု၊ လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူး ရလဒ်များ ရှိနိုင်သည်။ ဤသည်မှာ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့ကို ဆက်စပ်ခြင်း အားဖြင့် သိသာထင်ရှားစွာ အထောက်အပံ့ပေးနိုင်သည့် သီးခြားနယ်ပယ် တစ်ခု ဖြစ်သည်။

ပြန်လည်ကုစားပေးလျော်ခြင်း အမျိုးအစားပုံစံများနှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို ကျယ်ပြန့်စေသည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ပြန်လည်ကုစား ပေးလျော်ရန်အတွက် စိတ်ပိုင်းဆိုင်ရာလူမှုရေး ကျယ်ပြန့်သော ရှုထောင့်ကို အသုံးချခြင်းသည် ဦးစားပေး အလေးထားမှုအာရုံကို ချဲ့ထွင်ရန်နှင့် ပြန်လည် ကုစားပေးလျော်မှု လုပ်ငန်းများ ကျယ်ပြန့်စေရန် တံခါး ဖွင့်ပေးသည်။ ပြန်လည် ကုစားပေးလျော်မှု အထင်ကရလုပ်ငန်း အများအပြားတွင် ဆက်စပ် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအကြောင်းအရာများ ပါဝင်သည်။ ဥပမာအားဖြင့် ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏ဆင်းရဲဒုက္ခများကို အောက်မေ့ဖွယ်ပွဲများမှတစ်ဆင့် တစ်ဦးချင်းအလိုက် အသိအမှတ်ပြုခြင်းသည် ဝမ်းနည်းပူဆွေးမှု၊ အသိအမှတ်ပြုမှုနှင့် စည်းရုံးလှုံ့ဆော်မှုများအတွက် အဓိကအချက်ဖြစ်ပြီး၊ ထိခိုက်နစ်နာသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ ဖန်တီးပေးနိုင်သည် (Hamber, 2006)။ အခြားသော ယဉ်ကျေးမှုဆိုင်ရာ ပါဝင်ဆောင်ရွက်ချက်များ၊ ပြတိုက်များ၊ အထိမ်းအမှတ်ပွဲများနှင့် အုပ်စုတွင်းများအကြား ပညာရေးလုပ်ငန်းစဉ် *inter- and intragroup education processes* များသည် ပဋိပက္ခများနှင့် ပတ်သက်သည့် အသိပညာမောင်းနှင် အားများဖြစ်ပြီး၊ အနာဂတ်မျိုးဆက်သစ်များသည် အတိတ်ကို အပြုသဘောဖြင့် မည်ကဲ့သို့ တုံ့ပြန်နိုင် သနည်းဟူသော မေးခွန်းကို ကိုင်တွယ်ဖြေရှင်းနိုင်သည်။ ဤပါဝင်ဆောင်ရွက်မှုများသည် သဘောထားအမြင်များကို ပြောင်းလဲစေပြီး လူမှုအသိုက်အဝန်းအကြား ဆက်ဆံရေးနှင့် ကောင်းမွန်ပြည့်စုံမှုကို မြှင့်တင်ပေးနိုင်သည့်အပြင် လူ့အဖွဲ့အစည်းအတွင်း ဝင်ဆံ့ပေါင်းစည်း သက်ဆိုင်သည်ဟူသော ခံစားချက် *sense of societal belonging* ကိုလည်း ပေးစွမ်းနိုင်သည်။ ၎င်းတို့သည် ထိခိုက်နစ်နာသူများ ပါဝင်မှုဆိုင်ရာ (ရှေ့တွင် ဖော်ပြခဲ့သည့်) အစောပိုင်း အကြံပြုချက်များနှင့် ချိတ်ဆက်ထားပြီး၊ တွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းတို့သည် ပြန်လည်ကုစားပေးလျော်ခြင်း လုပ်ငန်းစဉ်များတွင် တစ်ဦးချင်းနှင့် ရပ်ရွာလူမှု အသိုက်အဝန်း အရေး ပါမှုကို မြှင့်တင်ပေးသည်။

ထို့အပြင်၊ အောင်မြင်သော ပြန်လည်ကုစားပေးလျော်ခြင်း လုပ်ငန်းစဉ်များသည် ပဋိပက္ခပြီးနောက် လူမှုပဋိညာဉ် *social contract* ကို ပြန်လည်တည်ဆောက်နိုင်ချေရှိသည် (Arthur and Monnier, 2020, p. 1)။ ၎င်းသည် နိုင်ငံသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုကို အထောက်အကူပြုသည့် အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်သည်။ တစ်နည်းဆိုရသော် ပြန်လည် ကုစားပေးလျော်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ယှဉ်တွဲသည့် ပိုမိုကျယ်ပြန့်သော အသိအမှတ်ပြုမှု လုပ်ငန်းစဉ်သည် အင်စတီကျူးရှင်းများအပေါ် လူထု၏ ယုံကြည်မှုကို တိုးတက်စေနိုင်ပြီး လူ့အဖွဲ့အစည်းအတွင်း ရှိ အုပ်စု အချင်းချင်းကြား သဘောထားအမြင်များအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သောကြောင့် ရေရှည်ဆုံးရှုံးနစ်နာမှုအတွက် မကျေနပ်ချက် *long-term grievances* များကို လျော့ကျစေသည်။ ထို့ကြောင့် ပြန်လည်ကုစား

ပေးလျော်ခြင်းများသည် လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်များ ပါဝင်သည့် ငြိမ်းချမ်းရေး၊ ပညာရေး၊ အထိမ်းအမှတ်နှင့် ပြတိုက်များ၊ အနုပညာနှင့် ပြပွဲများ၊ ပြဇာတ်နှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ အပါအဝင် လူတစ်ဦးချင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်မှုများကို အကြံပြုခြင်းနှင့် အရင်းအမြစ်ရရှိရေးအတွက် လမ်းစ ပံ့ပိုးပေးသည်။ ၎င်းတို့သည် လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုကို မြှင့်တင်ရာတွင် အရေးပါသော အထောက် အပံ့များဖြစ်နိုင်ပြီး အနာဂတ် အကြမ်းဖက်မှု ကာကွယ်ရေး အစီအစဉ်တွင်လည်း အထောက်အကူ ပြုနိုင်သည်။

ယခုအထိ ဆွေးနွေးခဲ့သည့် အစပျိုးလုပ်ငန်း အများအပြားကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် အပြိုင်ယှဉ်တွဲ၍သော်လည်းကောင်း၊ (ပံ့ဖော်ပေးခြင်းဖြင့်သော်လည်းကောင်း)၊ (ဖြည့်စွက်ခြင်းဖြင့်သော်လည်းကောင်း) ဖြစ်နိုင်ပါက (ပေါင်းစပ်ထည့်သွင်းခြင်းဖြင့်သော်၎င်း) ဆောင်ရွက်နိုင်သည်။ ထို့ပြင် အလားတူ အစပျိုးလုပ်ငန်းများကို အုပ်စုအချင်းချင်းနှင့် တစ်ဦးချင်းအလိုက် ပြောင်းလဲရေး *intergroup and individual transformation* နှင့် ကောင်းမွန်ပြည့်စုံမှု အတွက် ပြန်လည်ကုစားပေးလျော်ခြင်းများအဖြစ် အကြံပြုနိုင်သည်။

ထိုကဲ့သို့သော ပဏာမခြေလှမ်း ဥပမာကို ကိုဆိုဗိုဖြစ်ရပ်လေ့လာမှုတွင် အသေးစိတ်ဖော်ပြထားသည် (ဖြစ်စဉ်လေ့လာမှု အပြည့်အစုံကို နောက်ဆက်တွဲ ၄ တွင်ရှု)။ အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း UN Women သည် အသေးစားချေးငွေများဖြင့် တည်ဆောက်ထားသော အသက်မွေးဝမ်းကြောင်း အခြေပြု လူမှုစိတ်ပိုင်းဆိုင်ရာ အစပြုမှု ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးခဲ့သည်။ ပရိဂရမ်၏ဖန်တီးထားသော စိတ်ပိုင်းဆိုင်ရာ၊ ဆက်ဆံရေးနှင့်စီးပွားရေးအကျိုးကျေးဇူးများအပြင်၊ ဤလုပ်ငန်းစဉ်မှ မျိုးစေ့ချထားသည့် စီးပွားရေးလုပ်ငန်းများသည် ကိုဆိုဗိုလွတ်မြောက်ရေးစစ်ပွဲ ကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများအဖြစ် အသိအမှတ်ပြုခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ ကော်မရှင်မှပေးအပ်သည့် ပြန်လည်ကုစားပေးလျော်ခြင်းများနှင့် အချို့သော ကိစ္စများတွင် ဆက်စပ်ချိတ်ဆက်မှုရှိသည်။ **အသေးစား ချေးငွေများမှတစ်ဆင့် ဖန်တီးထားသော စီးပွားရေး လုပ်ငန်းများသည် အသက်ရှင်ကျန်ရစ်သူများအား ၎င်းတို့၏ ပြန်လည်ကုစားပေးလျော်မှု ရံပုံငွေများကို စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများပေးကာ အစီအစဉ်မှ ရရှိလာသော လူမှုစိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ နှစ်ဆ တိုးပွားစေသည်။**

အခြားဖြစ်စဉ်နမူနာတစ်ခုမှာ ကိုလံဘီယာရှိ လူမှုစိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ပြန်လည်ကုစားပေးလျော်မှု ဘုံလုပ်ငန်းစဉ်များတွင် UNDP ၏ ချိတ်ဆက်မှု နည်းလမ်းများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

### ဖြစ်စဉ်နမူနာ - ဘုံစုပေါင်းပြန်လည်ကုစားပေးလျော်မှု အစီအစဉ် *Collective Reparations Programme* ၊ ကိုလံဘီယာ

"၂၀၁၇ ခုနှစ်မှစတင်၍ UNDP သည် ကိုလံဘီယာ ထိခိုက်နစ်နာသူများအစုအဖွဲ့နှင့် လက်တွဲ၍ ၎င်း၏ ဘုံစုပေါင်း ပြန်လည်ကုစားပေးလျော်မှု *Collective Reparations Program* အစီအစဉ်ကို ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည်။ ဤပူးတွဲကြိုးပမ်းမှုမှတစ်ဆင့် ထိခိုက်နစ်နာသူများကော်မတီသည် ပညာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု၊ စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အသက်မွေးဝမ်းကျောင်း၊ ရပ်ရွာအခြေခံ အဆောက်အအုံနှင့် ဘိုးဘွားစဉ်ဆက် ယဉ်ကျေးမှု အလေ့အထများကို ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် နယ်ပယ် အသီးသီးတွင် အတိုင်းအတာအမျိုးမျိုးဖြင့် ဘုံစုပေါင်း ပြန်လည် ကုစားပေးလျော်ရေး တက်ကြွစွာ ဆောင်ကျဉ်း ပံ့ဖော်ပေးသူ *active agents* များ ဖြစ်လာခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ထိခိုက်နစ်နာသူများအစုအဖွဲ့သည် အစုအဖွဲ့များ၊ ရပ်ရွာလူမှုအသိုက်အဝန်းများ၊ အဖွဲ့အစည်းများ၊ လှုပ်ရှားမှုများ၊ လူမျိုးစု အသိုက်အဝန်းများအကြား ဘုံစုပေါင်း ပြန်လည် ကုစားပေးလျော်

မှ ၇၃၀ ကျော် ပေးအပ် မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၀ ခုနှစ်အစတွင်၊ ဤအင်စတီကျူးရှင်းသည် ပေါင်းစပ်လုပ်ဆောင်မှုအစီအစဉ် *Integral Action Plans* များနှင့် ဘုံလုပ်ငန်းဆောင်ရွက်ချက် ၂၂ ခု ဖြင့်ပြီးဆုံးခဲ့သည်။ စုပေါင်းပုံစံများဖြင့် ပြန်လည်ကုစား ပေးလျော်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် သင်္ကေတပြယုဂ် ချဉ်းကပ်မှုနည်းလမ်း *symbolic approaches* များကိုလည်း ဆောင်ကျဉ်းပေးသည်။ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားပေးလျော်ခြင်းတွင် ငွေသား၊ အခြားပေး ချေမှုပုံစံများဖြင့် လျော်ကြေးငွေ သို့မဟုတ် ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာအပါအဝင် ဝန်ဆောင်မှုအစုများ *packages of services* သို့မဟုတ် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုပုံစံများ ပါဝင်သည်။ ဤပရိဂရမ်အများအပြားကို အများအားဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့် နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများက ပံ့ပိုးပေးထားပြီးဖြစ်ပြီး ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များနှင့်အညီ ပြန်လည် ကုစားပေးလျော်ခြင်း ရည်မှန်းချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည်။ မြေယာ၊ ကျန်းမာရေး၊ ပညာရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးပုံစံများအတွက် တိကျ ရှင်းလင်းပြတ်သားသည့် ရည်ရွယ်ချက်များ မရှိမဖြစ်လိုအပ်ပြီး မြေယာ၊ အစိုးရဝန်ဆောင်မှုများ နှင့် တရားမျှတမှုဆိုင်ရာ အခွင့်အရေးများကို သာတူညီမျှ တန်းတူ ရယူသုံးစွဲနိုင်မှုသည် နောက်ထပ်တဖန် တကျော့ပြန် မဖြစ်ပွားရေးအတွက် အခရာကျသည်။ လူထုအခြေပြု အထိမ်းအမှတ်အခမ်းအနားများ၊ ကုစားသည့် အစီအစဉ်များကဲ့သို့သော လူ့အဖွဲ့အစည်းအတွင်း ခံနိုင်ရည်ရှိမှုနှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးသည့် ထူးခြားသည့် ပြယုဂ်အစီအမံ ဆောင်ရွက်ချက်များကိုလည်း ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း development actors များက ပံ့ပိုးကူညီနိုင်သည် (UNDP၊2020 ၊ p. 45)။

နောက်ထပ်ဥပမာတစ်ခုမှာ အောက်တွင်ဖော်ပြထားသည့် Phka Sla ယဉ်ကျေးမှု လူမှုစိတ်ပိုင်းဆိုင်ရာပါဝင်ဆောင်ရွက်ချက် *cultural psychosocial intervention* ဖြစ်သည်။

### ဖြစ်စဉ်နမူနာ - ယဉ်ကျေးမှု လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်၊ ကမ္ဘောဒီးယား

Phka Sla ဖြစ်စဉ်သည် ယဉ်ကျေးမှု၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်ချက်ကို ကမ္ဘောဒီးယား ပြန်လည်ကုစားပေးလျော်ခြင်း လုပ်ငန်းစဉ်ထဲတွင် ထည့်သွင်းခဲ့သည့် စိတ်ဝင်စားဖွယ် နမူနာပုံစံတစ်ခုဖြစ်သည်။ Phka Sla သည် ကမ္ဘောဒီးယားတရားရုံးများ *Chambers in the Courts of Cambodia*" ၏ ကိုယ်ကျင့်တရားနှင့် စုပေါင်း ပြန်လည်ကုစားပေးလျော်မှုများ *Moral and collective reparations* ပရောဂျက်စီမံကိန်း အစိတ်အပိုင်းအဖြစ် အနုပညာကို ဗဟိုပြုသည့် တမူထူးခြားသော ဖျော်ဖြေတင်ဆက် ထုတ်လုပ်မှုဖြစ်သည် (Shapiro Phim, 2019)။

"Phka Sla ကို အဓမ္မလက်ထပ်ထိမ်းမြားခြင်းမှုဝါဒမှ လွတ်မြောက်လာသူ survivors များနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ လွတ်မြောက်လာသူ (၅၀) တို့သည် Sophiline Arts Ensemble ပြဇာတ်ရုံသို့ သွားရောက်၍ ၎င်းတို့အတွက်သာ ခင်းကျင်းပြသသည့် ဖျော်ဖြေပွဲကို ကြည့်ရှုခဲ့ကြပြီး ၎င်းတို့၏ သမိုင်းဇာတ်ကြောင်းနှင့် ပတ်သက်သည့် အကပြဇာတ်အကြောင်း၊ ၎င်းတို့နှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအပေါ် မည်သို့ သက်ရောက်တာသွားသနည်းစသည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဇာတ်လမ်းသည် ယခင်က မှတ်တမ်းတင်ထားခဲ့ကြသော ကျန်ရစ်သူ ၃ ဦး၏ သက်သေခံချက်များအပေါ် အခြေခံထားသည်။

Phka Sla သည် မြို့ပြနှင့်ကျေးလက်အစုံ ဖျော်ဖြေပွဲတိုင်းတွင် ရာနှင့်ချီသော ပရိတ်သတ်များကို ဆွဲဆောင်သည်။ အဓမ္မလက်ထပ်ခြင်းမှ လွတ်မြောက်သူများအတွက် ပွဲရှေ့တွင် အထူးနေရာတစ်ခု အမြဲသတ်မှတ်ထားပြီး ကမ္ဘောဒီးယား counselors များနှင့်အတူတကွ ယှဉ်တွဲ ထိုင်၍

၎င်းတို့၏ လက်ကိုကိုင်ကာ ပခုံးကိုကိုင်ကာ ငိုကြွေးကြသည်။ **Phka Sla ဇာတ်လမ်းများသည် အသက်ရှင်ကျန်ရစ်သူများအား လူထုဖိုရမ်တစ်ခုပေးသည့်အပြင် ယေဘုယျအားဖြင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု၊ ခမာနီဆိုးမွေ legacies of the Khmer Rouge များနှင့် ပတ်သက်ဆက်နွယ်မှု စေ့ဆော်ဆွေးနွေးရန် အခွင့်အလမ်းများ ဖန်တီးပေးသည်** (Shapiro-Phim၊2019 ၊ pp. 214-217)။

Phka Sla ပြန်လည်ကုစားပေးလျော်ခြင်း အစပျိုးမှုကို နယ်လှည့်ပြပွဲ၊ နှုတ်ပြော ဇာတ်ကြောင်း အင်တာဗျူးများ၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ မှတ်တမ်းဗီဒီယိုတို့ဖြင့် လိုက်ပါ ပံ့ပိုးပေးခဲ့ပြီး မျိုးဆက်များအကြား ဆွေးနွေးပွဲများ ပေါ်ထွန်းစေခဲ့သည်။ ထိုသို့သော ဆွေးနွေးပွဲများသည် သမိုင်းကို နက်ရှိုင်းစွာ နားလည် သဘောပေါက်ရန်နှင့် မျက်မှောက်ခေတ် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ် သည် (Shapiro–Phim, 2019) ။



## ၅။ ထပ်မံ မဖြစ်ပွားရေး အာမခံချက်များ

အနာဂတ် အကြမ်းဖက်မှုအန္တရာယ်ဖြစ်သည့် အထူးသဖြင့် ထိတွေ့ဆက်ဆံမှု နည်းပါးခြင်းနှင့် အရင်းအမြစ်များ လက်လှမ်းမီမှု မရှိခြင်းတို့နှင့် တွဲလျက် တည်ရှိနေသည့် စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုမကျေနပ်ချက်များကို နိုင်ငံရေးနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြဿနာများနှင့်အပြိုင် ကိုင်တွယ် ဖြေရှင်းရန် အရေးကြီးကြောင်း အစောပိုင်းတွင် တင်ပြခဲ့သည်။ လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ ရုံပုံငွေနှင့် အစီအစဉ်ရေးဆွဲခြင်း အပါအဝင် သီးခြား အစိတ်အပိုင်းများအတွင်း အထက်ဖော်ပြပါ ချဉ်းကပ်မှုများကို ပေါင်းစပ်ခြင်းဖြင့် အားဖြည့်ပေးနိုင်သည်။ ထိုကဲ့သို့သော ဗျူဟာ *strategies* များတွင် အပြိုင်နှင့် ဖြည့်စွက် လူမှုစိတ်ပိုင်းဆိုင်ရာအစီအစဉ် *psychosocial programming* (အထက်တွင်ရှု)၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ကုစား ပေးလျော်ခြင်းဆိုင်ရာ အစီအမံများနှင့် ချည်နှောင်ဆက်စပ်နေသော သီးခြားဆောင်ရွက်ချက်များ ပါဝင်နိုင်သည်။

မှတ်သားဖော်ပြခဲ့သည့်အတိုင်း လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များတွင် တဦးချင်းအတွေ့အကြုံများကို အခြေခံ၍ ချဉ်းကပ်မှု *narrative approaches* များ တွေ့ရလေ့ရှိပြီး အထူးသဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု နယ်ပယ်တွင် ပို၍အတွေ့များသည် (Bubenzer and Tankink, 2017b)။ **ဤအကြောင်းအရာနှင့် ပတ်သက်၍၊ အစုအဖွဲ့များအကြား နစ်နာဆုံးရှုံးမှုမကျေနပ်ချက် intergroup grievances များနှင့် ကွဲပြားမှုများကို အစုအဖွဲ့အဆင့်တွင် ကိုင်တွယ်ဖြေရှင်းနိုင်သည့် ယန္တရားများအဖြစ် လူမှုစိတ်ပိုင်းဆိုင်ရာ အစပျိုးခြေလှမ်း psychosocial initiatives များ သတ်မှတ် ဖော်ထုတ်ထားသည်။**

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များသည် ကျယ်ပြန့်သည့် မက်ခရိုအဆင့်တွင် အခန်းကဏ္ဍအချို့ရှိသည်ဟု ဆိုနိုင်သည်။ ပြည်သူလူထု၏ ယုံကြည်မှုမြှင့်တင်ရာတွင် အသွင်ကူးပြောင်းရေးကာလ

တရားမျှတမှု လုပ်ငန်းစဉ်များ၏ အရေးပါမှုကို ပညာရှင်များက ထောက်ပြကြခဲ့သည် (de Greiff, 2006)။ သို့သော်၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များအနေဖြင့် အစုအဖွဲ့အချင်းချင်း ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေနိုင်မည့် နည်းလမ်းများ၊ အပျက်သဘောဆောင်သော ခံယူချက်၊ အမြင်စွဲအယူစွဲ *stereotypes* များနှင့် မလိုမုန်းထား အာဃာတ prejudices များကို ချေဖျက် လျှော့ချနိုင်မည့် နည်းလမ်းများကို သုံးသပ်ထည့်သွင်း စဉ်းစားလာနိုင်စေရန် ဖိတ်ခေါ်ခြင်းအားဖြင့် လူမှုစိတ်ပိုင်းဆိုင်ရာချဉ်းကပ်မှုသည် ဤဘောင်အတိုင်းအတာကို ချဲ့ထွင်ကျယ်ပြန့်စေနိုင်သည်။ **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များသည် အပြိုင်အဆိုင် အယူအဆ *competing narratives* များကို မည်ကဲ့သို့ ပိုမိုဆိုးရွားစေနိုင်သည် သို့မဟုတ် ပိုမိုကောင်းမွန်အောင် မြှင့်တင်ပေးနိုင်သည်နှင့် အစုအဖွဲ့များအကြား ဆက်ဆံရေးကို မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် မြှင့်တင်ပေးနိုင်သည်ဆိုသည့် အချက်များကို အသွင်ကူးပြောင်းရေးကာလ တရားမျှတဆိုင်ရာ ကြားဝင်ဆောင်ရွက်ပေးမှုများ ဒီဇိုင်းရေးဆွဲခြင်း မပြုမီနှင့် လုပ်ငန်းစဉ်အတွင်း သေချာထည့်သွင်းစဉ်းစားရန် လိုအပ်သည်။** ဤအကြောင်းအရာ ပြဿနာအတွက် အမြန်ချက်ခြင်း ပျောက်စေနိုင်သည့်အဖြေ မရှိပါ။ ယခင်အတိတ်က ချိုးဖောက်မှုများနှင့်ပတ်သက်၍ ထိပ်တိုက်အယူအဆဇာတ်ကြောင်းများသည် မကြာခဏဆိုသလို လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားရခြင်း၏ အဓိက ဗဟိုချက် ဖြစ်လေ့ရှိသည်။ ရိုးရှင်းသည့် မျှော်လင့်ချက်အနေဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု သံသရာတစ်လျှောက် ထိုသို့သောမေးခွန်းများကို ပိုမိုထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုယန္တရားများအတွင်း ဝန်ထမ်းများနှင့် မတူညီသောအုပ်စု အစုအဖွဲ့များ အပြန်အလှန် ထိတွေ့ဆက်သွယ်နိုင်သည့် အရပ်ဘက်ဆိုင်ရာ နေရာအခွင့်အလမ်း *civic spaces* များ ဖန်တီးခြင်းသည် အရေးကြီးသည်။ ဥပမာ လူထုဖိုရမ် *civic forum* များအပြင် ကွင်းဆင်းထိတွေ့ခြင်း outreach၊ ရှုထောင့်အမြင်ကွဲ alternative narrative creation မီဒီယာလှုံ့ဆော်မှုများလည်း ပါဝင်နိုင်သည်။ ထိုဖိုရမ်၏ ဥပမာတစ်ခုမှာ မြောက်ပိုင်းအိုင်ယာလန်ရှိ Victims and Survivors Forum သည်[11] မတူညီသော နိုင်ငံရေးရပ်တည်ချက် အသီးသီးရှိသည့် ထိခိုက်နစ်နာသူ အစုအဖွဲ့များ စုပေါင်းတွေ့ဆုံပြီး နစ်နာသူများနှင့် အသက်ရှင် ကျန်ရစ်သူများဆိုင်ရာ ကော်မရှင်၏ လတ်တလောအကြောင်းအရာ အခြေအနေများကို မျှဝေဖလှယ်ကြသည်။ ဖိုရမ်သည် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အကြံဉာဏ်ပေးအဖွဲ့ deliberative advice-giving body တစ်ခုလည်းဖြစ်သည်။

***လူမျိုးရေးကွဲပြားမှုနှင့် မျိုးဆက်အလိုက် အကြမ်းဖက်မှုများ (ethnic division and intergenerational violence) ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု။***

လူမျိုးရေးကွဲပြားမှုနှင့် ကိုယ်ပိုင်လက္ခဏာ ပြဿနာများကို လူမှုစိတ်ပိုင်းဆိုင်ရာ လုပ်ငန်းများမှတဆင့် ကိုင်တွယ်ဖြေရှင်းသည့် ရပ်ရွာလူမှုအသိုက်အဝန်းအခြေပြု ဆောင်ရွက်ခြင်းများကို ဒေသဆိုင်ရာအဆင့်တွင် ချိတ်ဆက်ခြင်းနှင့် ပံ့ပိုးပေးခြင်းသည် အပိုဆောင်းပံ့ပိုးမှုအဖြစ် ကိုယ်စားပြုနိုင်သော်လည်း ၎င်းသည် ပိုမိုကျယ်ပြန့်သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ သီးခြားဗျူဟာများကို အစားထိုးမည် မဟုတ်ပါ။

**ဖြစ်စဉ်နမူနာ - ကြိုတင်ကာကွယ်တားဆီးရေးအတွက် မျိုးဆက်များအကြား ဗျူဟာများ၊ ဘူရွန်ဒီ**

သာဓကကောင်းတစ်ခုမှာ Trauma Healing and Reconciliation Services (THARS)နှင့် Impunity Watch in Burundi မှ ဆောင်ရွက်သော အလုပ်ဖြစ်ပြီး စိတ်ဒဏ်ရာကုစားမှု *trauma healing* လူမှုစိတ်ပိုင်းနှင့် ပတ်သက်သော ပံ့ပိုးမှုဆိုင်ရာဗျူဟာများနှင့် မျိုးဆက်များအကြား နည်းဗျူဟာများကို ရပ်ရွာအဆင့်တွင် အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်သည်။ Impunity Watch သုတေသနလေ့လာချက်တွင် **လူငယ်များသည် ၎င်းတို့ပတ်ဝန်းကျင်ရှိ နိုင်ငံရေးအုံကြွမငြိမ်သက်မှုများကို နားလည်သဘောပေါက်၊ ရှင်းပြရာတွင် ၎င်းတို့၏ လူမျိုးအပေါ် မကြာခဏ အခြေခံလေ့ရှိပြီး အတိတ်အမွေ စိတ်ဒဏ်ရာအခံများဖြင့် ပြုမူကြသည်ဟု ဖော်ပြထားသည်** (Impunity Watch, 2015)။ ၂၀၁၅ နိုင်ငံရေးအကြမ်းဖက်မှုတွင် ပြသထားသည့် အတိုင်း လူငယ်များသည် နိုင်ငံရေးအရ ကြိုးကိုင်ခြယ်လှယ်မှုများ နောက်သို့လည်း ပါသွားခဲ့သည်။ THARS နှင့် Impunity Watch ပရိုဂရမ်သည် ရပ်ရွာလူမှုအသိုက်အဝန်းအတွက် အောင့်မေ့ဖွယ်ရာ သင်ထောက်ကူ (အမှတ်တရမှတ်တမ်းများ *memory books*) များကို အသုံးပြုပြီး အတိတ်၏ မူကွဲရှုထောင့်စုံ ဇာတ်ကြောင်း *multiple narratives of the past* များစွာကို မီးမောင်းထိုးပြခဲ့သည်။ ထို့အပြင် လူမျိုးစုများ၏ အထင်အမြင်လွဲမှားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ဒေသခံလူထုအဆင့်တွင် မျိုးဆက်များအချင်းချင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည် (ဖြစ်ရပ်အပြည့်အစုံကို နောက်ဆက်တွဲ ၆ တွင်ရှု)။

မအောင်မြင်သော သို့မဟုတ် အားနည်းသော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များမှ ချန်ထားခဲ့သော ကွက်လပ်များကို ဤအစီအစဉ်က ဖြည့်ဆည်းခဲ့သည်မှာ သတိပြုမှတ်သားဖွယ်ဖြစ်သည်။ ထို့အပြင်၊ ပိုမိုပြည့်စုံ ထိရောက်သော နိုင်ငံတော်မှ ချမှတ်သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်နှင့် အပြိုင် သို့မဟုတ် အစိတ်အပိုင်းတစ်ခုအဖြစ် လုပ်ဆောင်ပါက ထိုကဲ့သို့သော အစပျိုးမှုများ၏ စွမ်းပကားကို ဘူရွန်ဒီအတွေ့အကြုံက စံနမူနာ ညွှန်းဆိုပြသသည်။ အမှန်မှာ၊ ထိုဆောင်ရွက်ချက်များကို ပြန်လည်ကုစား ပေးလျော်ခြင်း လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် ရပ်ရွာပြန်လည် ထူထောင်ရေးပုံစံ တခုအဖြစ် သတ်မှတ်နိုင်သည်။

စိတ်ဝင်စားစရာမှာ၊ နောက်ဆက်တွဲ ၇ တွင် ပြထားသည့် အတိုင်း၊ မျိုးဆက်များအကြား ဆွေးနွေးမှု ကို Rwanda တွင် အသုံးပြုနေပြီဖြစ်သည်။ ထိုသို့သော ဆွေးနွေးပွဲများသည် အရွယ်ရောက်ပြီးသူများနှင့် လူငယ်မျိုးဆက်သစ်များအကြား ပဋိပက္ခများ၏ သမိုင်းကြောင်းကို ဓမ္မဓိဌာန်ကျစွာ ဆွေးနွေးနိုင်ရန်၊ အတွေ့အကြုံများမှ တဆင့် လူငယ်များ အဓိကသင်ခန်းစာများရယူပြီး အနာဂတ် အကြမ်း ဖက်ပဋိပက္ခများကို ကာကွယ်နိုင်ရန် အတွက် လုံခြုံသော အခင်းအကျင်း အဝန်းအဝိုင်း ဖန်တီးပေးသည်။

### ***စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေး***

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပိုမိုအသုံးပြုနေသည့် တိကျသော နယ်ပယ်တစ်ခုမှာ နောက်ထပ် တကျော့ပြန်မဖြစ်ပွားရေးနှင့် ဆက်စပ်သည့် တိုက်ပွဲဝင်စစ်သည် ဟောင်းများကိစ္စဖြစ်သည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် လက်နက်ဖြုတ်သိမ်းရေး *disarmament* တပ်ဖျက်သိမ်းရေး *demobilization* နှင့် ပြန်လည်ပေါင်းစည်းရေး *reintegration* တို့ကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ချိတ်ဆက်သည့် သီးခြားဆောင်ရွက်ချက်များအဖြစ် ပံ့ပိုးပေးနိုင်သည်။ ပေါင်းစည်းထားသော လက်နက်ဖြုတ်သိမ်းရေး၊ တပ် ဖျက်သိမ်းရေး

နှင့် ပြန်လည်ပေါင်းစည်းရေး စံနှုန်းသစ်များတွင် [12] ဖျက်သိမ်းသည့် ပြည်သူ့စစ်ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးစနစ်သို့ လွှဲပြောင်းခြင်းနှင့် တိုက်ပွဲဝင် စစ်သည်ဟောင်းများ၏ ပဋိပက္ခအလွန် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ခံစားပိုင်းဆိုင်ရာ ပံ့ပိုးမှုလိုအပ်ချက်များကို ဖြေရှင်းပေးခြင်း စသည့် ချဉ်းကပ်မှုအသစ်များ ပါဝင်သည် (Arthur and Monnier၊2020 ၊ p. 26)။ သို့သော် ပြန်လည်ပေါင်းစည်းရေးနှင့် ယခင်တပ်သားဟောင်းများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးတို့ကို ထိုထက်မက ချိတ်ဆက်လုပ်ဆောင်နိုင်သည်။ **ထိုသို့ဖြစ်မြောက်ရန်၊ လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးသည် နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုမျှသာမဟုတ်ဘဲ အထူးသဖြင့် နောက်ထပ်တကျော့ပြန် မဖြစ်ပွားရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် လူတစ်ဦးချင်းနှင့် ရပ်ရွာ လူမှုအသိုက်အဝန်းအလိုက် လေးနက်သော လူမှုစိတ်ပိုင်းဆိုင်ရာ ဆက်စပ်မှုအရေးပါခြင်းကို အသိအမှတ်ပြုရန် အရေးကြီးသည်။** ဤအချက်သည် လူမှုစိတ်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်ချက်များအတွက် ရေခံမြေခံ ကောင်းစေသည်။ ရပ်ရွာလူနေမှုဘဝတွင် ပြန်လည်ပေါင်းစည်းရုံသာမက တိုက်ပွဲဝင်စစ်သည်ဟောင်းများ ပြန်လည်ထူထောင်ရေးအပေါ် အာရုံစိုက်ခြင်းသည် စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့၏ ဆက်စပ်မှုကို မြှင့်တင်ရန်အတွက် အဓိကကျသည့် နယ်ပယ်တစ်ခုဖြစ်သည်။

အလားတူပင် အကြမ်းဖက် အစွန်းရောက်ဝါဒ တိုက်ဖျက်ရေးကို လုံခြုံရေး သို့မဟုတ် နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုအဖြစ် သီးသန့်ရှုမြင်ခြင်းထက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုရှုထောင့်မှ ပိုမိုထည့်သွင်း စဉ်းစားလာကြသည်။ ဥပမာအားဖြင့် အစွန်းရောက်နိုင်ခြေ ရှိသူများအတွက် ပရိဂရမ်အစီအစဉ်ရေးဆွဲရာတွင် ယခုအခါ ကိုယ်ရေးကိုယ်တာ အကြောင်းအချက်များ (ဥပမာ - အရှက်ရခြင်း *humiliation* ငြင်းပယ်ခံရခြင်း rejection၊ တန်ဖိုးအဓိပ္ပာယ် *meaning* သို့မဟုတ် ကိုယ်ပိုင်လက္ခဏာ *identity*)၊ ဆက်ဆံရေးရှုထောင့် (ဥပမာ မတူညီသောအုပ်စုများနှင့် အတွေ့အကြုံများ) နှင့် လူမှုအသိုက်အဝန်းဆိုင်ရာအချက် (ဥပမာ - မတူကွဲပြားယဉ်ကျေးမှုများကို စိုးရိမ်ကြောက်ရွံ့ခြင်း သို့မဟုတ် မတရားခံရသည်ဟုအမြင် *perceived injustice*) များကို အလေးထားစဉ်းစားလာကြသည် (International Association for Human Values, 2016)။ UNDP (2021) သည် ယခင်က အကြမ်းဖက်အစွန်းရောက်အုပ်စုများနှင့် ဆက်နွယ်နေသူများကို ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များအတွင်း ပိုမိုလေးနက်သည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အစီအစဉ်များစွာ ဆောင်ရွက်လျက်ရှိသည်။ **ဤချဉ်းကပ်မှုသည် အစွန်းရောက်မှုဆိုင်ရာ စိတ်ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စွမ်းရည်မြှင့်တင်မှု အပါအဝင် အခြားလုပ်ငန်းများနှင့်အတူ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီ ဆောင်ရွက်ချက်များကို အားကောင်းစေပြီး ဆက်လက် ဖြစ်ပေါ်နေသော အစွန်းရောက်မှုကို ဟန့်တားနိုင်မည့် နည်းလမ်းများအား စူးစမ်းဖော်ထုတ်လျက်ရှိသည်။**

### ဖြစ်စဉ်နမူနာ - အကျဉ်းသားဟောင်းများ ပြန်လည်ထူထောင်ရေး၊ ရဝမ်ဒါ

ရဝမ်ဒါပြန်လည်ပေါင်းစည်းရေးတွင်" လူမှုအသိုက်အဝန်းအတွင်းစိတ်ဒဏ်ရာများ ကုစားခြင်းမှတဆင့် လူမှုပေါင်းစည်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် ရပ်ရွာလူမှုအသိုက်အဝန်း စွမ်းရည်မြှင့်တင်ခြင်း" ဟူသော

[12] www.undur.org/the-kids/

ပရောဂျက်ခေါင်းစဉ်ဖြင့် စိတ်ကျန်းမာရေး လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။ ကနဦး ရပ်ရွာဒေသအဆင့် ရွေးချယ်ခန့်အပ်ထားသည့် တရားစီရင်ရေး Gacaca process လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း အနေဖြင့်၊ လူမျိုးတုံးသတ်ဖြတ်မှု အတွင်း ၎င်းတို့၏ လုပ်ရပ်များကြောင့် အကျဉ်းချခံထားရသော လူအများအပြားကို ပြန်လွှတ်ပေးခဲ့သည်။ ထိုအခြေအနေသည် ပြန်လည်ပေါင်းစည်းရေး ထည့်သွင်းစဉ်းစားရန်နှင့် အနာဂတ်တင်းမာမှုများ၊ အကြမ်းဖက်မှုများကို တားဆီး ရန် အရေးတကြီး လိုအပ်လာစေသည်။

၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် Bugesera ခရိုင်တွင် စတင်ခဲ့သည့် ရှေ့ပြေး ပရောဂျက်မှာသီးခြားထီးတည်း one-off တပွဲတိုး NGOs ပရောဂျက်မဟုတ်ပါ။ ဤအစီအစဉ်ကို ဒေသခံအဖွဲ့အစည်းများက တရားဝင် အစိုးရနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ပူးပေါင်းတွဲဖက် ဖော်ဆောင်ထားသောကြောင့် တမူထူးခြားသည်။ အဆိုပါအစီအစဉ်သည် အမျိုးသားစည်းလုံးမှုနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်၊ အခြားသောအစိုးရအဖွဲ့အစည်းများ (အထူးသဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန Rwanda Correctional Service နှင့် Bugaser ခရိုင်) နှင့် Inter peace and Prison Fellowship Rwanda တို့အကြား ဥရောပသမဂ္ဂရန်ပုံငွေဖြင့် ပူးပေါင်းဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ အဆိုပါအစီအစဉ်တွင် လူမှုပေါင်းစည်းမှုကို မြှင့်တင်ခြင်း၊ စိတ်ဒဏ်ရာများကို လျော့ချခြင်းနှင့် တချိန်တည်းတွင် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လှုံ့ဆော်ပေးသည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့်ပတ်သက်သော ဖွဲ့စည်းပုံများနှင့် အစီအစဉ်များပါဝင်သည်။ ဤပံ့ပိုးကူညီမှုများကို ခရိုင်အဆင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ညှိနှိုင်းရေး မူဘောင်တစ်ခုအတွင်း ရေးဆွဲထားသည် (ဖြစ်စဉ်အပြည့်အစုံကို နောက်ဆက်တွဲ ၇ တွင်ရှု)

## ၆။ ဖိစဉ်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်ကို အသုံးပြုခြင်း

လူမှုစိတ်ပိုင်းဆိုင်ရာချဉ်းကပ်မှုမှာ ဆောင်ရွက်ချက်အမျိုးမျိုးကို ရည်ညွှန်းသော်လည်း၊ တစ်ဦးချင်းနှင့် လူမှုကောင်းမွန်ပြည့်စုံမှုသည် တခုနှင့်တခု အခြေခံကျစွာ ဆက်စပ်ပြီး ခွဲခြား၍မရပါဆိုသည့် သီးခြား ခွဲခြမ်းစိတ်ဖြာမှု မူဘောင်အပေါ် အခြေပြုသည်။ တနည်းဆိုရသော် **စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်း ဆိုင်ရာ ပံ့ပိုးကူညီမှုသည် ပဋိပက္ခနှင့်ပတ်သက်၍ တစ်ဦးချင်းနှင့် လူမှုရေးဆိုင်ရာ အဆုံးအဖြတ်ပေးသည့် အကြောင်းတရားများ၏ ရှုပ်ထွေးနက်နဲမှုကို အသိအမှတ်ပြုသည့် ပေါင်းစပ်ချဉ်းကပ်မှုများ ဖြစ်ပေါ်စေသည်** (Arthur and Monier, 2020, p. 1)။ ဤချဉ်းကပ်နည်းသည် အသက်၊ ဂျန်ဒါ၊ လူတန်းစားနှင့် အရင်းအမြစ်များသုံးစွဲခွင့် အပါအဝင် ကွဲပြားခြားနားသောအချက်များသည် လူမှုစိတ်ပိုင်းဆိုင်ရာကောင်းမွန်ပြည့်စုံမှုကို မည်ကဲ့သို့ လွှမ်းမိုးသြဇာသက်ရောက်ကြောင်း ခွဲခြမ်းစိတ်ဖြာရန် တောင်းဆိုသည်။ လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်သည် ၎င်းဆောင်ရွက်ချက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ချဉ်းကပ်ပုံနည်းလမ်းများ စိတ်ကူးပုံဖော်ရာတွင် အထောက်အကူပြုနိုင်သည်။ ထိုသို့သော ရှုထောင့်သည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်၏ မည်သည့်အစိတ်အပိုင်းများသည် အကန့်အသတ်ဖြစ်သည်၊ မည်သို့လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်နိုင်သည်ကို မီးမောင်းထိုး ခွဲခြမ်းစိတ်ဖြာစီစဉ်ရာတွင် အကျိုးဖြစ်ထွန်းစေသည်။

အခြေအနေနှင့်ဆက်စပ်သော လူမှုစိတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု *contextual psychosocial analysis* တစ်ခုသည် အမှန်တရားကော်မရှင်တရပ်အနေဖြင့် မျှော်လင့်ချက်များ ဖြည်းဆည်းရာတွင် စိတ်ကျန်းမာရေး ရှုထောင့်အရ အကန့်အသတ်များ၊ အထူးသဖြင့် ခြိမ်းခြောက်မှုနှင့် စီးပွားရေးအရ ဆက်လက်ဆုံးရှုံးနေရ

သည့် အခြေအနေများအောက် ထိခိုက်နစ်နာသူများ သက်သေခံချက်ပေးခွင့် ကန့်သတ်ချက်များကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ **စိတ်ကျန်းမာရေးကို ဦးတည်သည့် သင့်လျော်သော ပြန်လည်ကုစား ပေးလျော်ရေး အစီအမံများကို ထည့်သွင်းရန် စဉ်းစားရာတွင် လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်ကို အသုံးပြုခြင်းဖြင့် ကျယ်ပြန့်သော လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြေရှင်းရာတွင် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းတစ်ခုတည်းနှင့် မလုံလောက်ကြောင်းကို ဖော်ထုတ်နိုင်သည်။**

လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်ကို အသုံးပြု၍ ရပ်ရွာအခြေပြု လိုအပ်ချက်များအား အသေးစိတ် ခွဲခြမ်းစိတ်ဖြာခြင်းသည် “အကြမ်းဖက်မှု အမျိုးအစားများအကြား အပြန်အလှန်ဆက်နွယ်မှုနှင့် ကွဲပြားခြားနားသောကွာဟချက်များ" ကို ပိုမိုပေါ်လွင်စေမည်ဖြစ်သည် (Simpson, 2015, p. 49)။ ပဋိပက္ခဒဏ်ရိုက်ခတ်ခံရသည့် လူ့ဘောင်အသိုက်အဝန်းများရှိ ရပ်ရွာလူမှုအသိုက်အဝန်းများစွာအတွက် အကြမ်းဖက်မှု တကျော့ပြန်မဖြစ်ပွားရေး ပြဿနာကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် နိုင်ငံရေးအရ ဘောင်ခတ်ထားခြင်းသည် လူမှုရေး၊ ရာဇဝတ်မှု၊ လူပုဂ္ဂိုလ်အချင်းချင်းနှင့် နိုင်ငံရေးအကြမ်းဖက်မှု ပူးတွဲတည်ရှိနေသည့် ၎င်းတို့၏ လက်တွေ့ဘဝနှင့် ထပ်တူကျနိုင်မည် မဟုတ်ပေ။

**ပိုမိုလေးနက်သောအဆင့်တွင် လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်သည် စိတ်ပိုင်းဆိုင်ရာ လူမှုကောင်းမွန်ပြည့်စုံမှုကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ လိုလားတောင့်တမှု ရလဒ်တစ်ခုအဖြစ် ပေးစွမ်းနိုင်သည့်အပြင်၊** နိုင်ငံသားများ၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ပေးခြင်း၊ တရားဥပဒေစိုးမိုးမှု အားကောင်းလာစေခြင်း၊ ထိခိုက်နစ်နာခဲ့သူများ၏ ဂုဏ်သိက္ခာနှင့် ဆင်းရဲဒုက္ခများကို အသိအမှတ် ပြုခြင်း၊ အမှန်တရားနှင့် တရားမျှတမှုကို မြှင့်တင်ပေးခြင်း၊ တကျော့ပြန်မဖြစ်ပွားရေး non-repetition တို့ကို ပံ့ပိုးပေးနိုင်သည်။

## င။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို ကုလသမဂ္ဂစနစ်သို့ ပေါင်းစည်းခြင်း၊

E. INTEGRATING MENTAL HEALTH AND PSY CHOSOCIAL SUPPORT AND TRANSITIONAL JUSTICE INTO THE UNITED NATIONS SYSTEM

၎ါရည်ရွယ်ချက် လက်တွေ့ဖြစ်လာရန်အတွက် ကုလသမဂ္ဂကဲ့သို့ အင်စတီကျူးရှင်းများသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများကို ၎င်းတို့၏ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ပရိုဂရမ်များတွင် ထည့်သွင်းရမည်ဖြစ်သည်။ ယင်းတို့တွင် တွန်းအားပေးသည့် ဖြည့်စွက်လုပ်ငန်းစဉ်များ (ဥပမာ - စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများသည် ပူးပေါင်းပါဝင်မှု participation အခွင့်အလမ်း လှစ်ဟပေးသည့် တံခါးပေါက်တစ်ခုအဖြစ်၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို ဖြည့်စွက်ရန်အတွက် ရပ်ရွာအခြေပြု လူမှုစိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ပိုမိုထိရောက်သော ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များတွင် လူမှုစိတ်ပိုင်းဆိုင်ရာ အခြေခံမှုများ ပေါင်းစပ်မှု) တို့အပြင် တိကျသောရလာဒ်များကို ရည်ရွယ်သည့် လုပ်ငန်းစဉ်များ (ဥပမာ - အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တရားများနှင့် ထိတွေ့ဆက်ဆံသူများအတွက် တိုက်ရိုက်ပံ့ပိုးပေးခြင်း၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုကို ဆောင်ကျဉ်းပေးခြင်းကို ပြန်လည်ကုစားပေးလျော်မှုနှင့် အခြားကုစားမှု redress measures လုပ်ငန်းများ၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ခြင်း) တို့ ပါဝင်မည်ဖြစ်သည်။ အကြံပြုချက်များမှာ-

### ၁။ ကုလသမဂ္ဂအတွင်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုစွမ်းရည် တည်ဆောက်ရန်

ကုလသမဂ္ဂအတွင်း အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ချိတ်ဆက်ရာတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ချဉ်းကပ်မှုဆိုင်ရာ နည်းလမ်းစိတ်ကူး အကောင်အထည်ဖော်လည်ပတ်ရာတွင် စိန်ခေါ်မှုများစွာရှိသည်။ **ကုလသမဂ္ဂအတွင်း လူမှုစိတ်ပိုင်းဆိုင်ရာ ပရိုဂရမ်များ ရေးဆွဲခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်မှုအမျိုးမျိုး ရှိပြီးသားဖြစ်သည် (Arthur and Monnier. 2020) ၎င်းကို အောက်ပါနည်းလမ်းများဖြင့် ဖြည့်စွက်တည်ဆောက်ရန် လိုအပ်သည်။**

**(က)** လူသားချင်းစာနာမှု အကူအညီ၊ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ တားဆီးကာကွယ်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာတို့နှင့် ထိတွေ့ဆက်ဆံရာတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု အခန်းကဏ္ဍအပေါ် ကွဲလွဲသော သို့မဟုတ် အလားတူအမြင်များ ရှိနိုင်သည့် ကုလသမဂ္ဂ၏ ကွဲပြားသော အစိတ်အပိုင်းများအကြား အပြုသဘောဆောင်သော ဆွေးနွေးမှုများကို မြှင့်တင်သင့်သည်။

(ခ) ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရေး" ၂၀၂၀ အစီရင်ခံစာတွင် အသိအမှတ်ပြုထားသည့် အတိုင်း အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုမူဝါဒ လုပ်ဆောင်နေသူများအနေဖြင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ပေါင်းစပ်ခြင်းကို လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၏ အစိတ်အပိုင်းအနေဖြင့် ပူးတွဲ၍သော်လည်းကောင်း ဆောင်ရွက်သင့်သည်) A/74/976-5/2020/773။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုနှင့် ပတ်သက်၍ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုတို့အကြား ချိတ်ဆက်မှု သင်ခန်းစာများကို မျှဝေနိုင်သည်။

(ဂ) လူမှုစိတ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်သောသူများ (UNICEF၊ UN Women၊UNHCR၊ Peacebuilding Fund၊ UNDP နှင့် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစရှိသည်တို့ အပါအဝင်) ၏ ထိတွေ့ဆက်ဆံမှုကို မြှင့်တင်၊ တိုးချဲ့၊ ပံ့ပိုးပေးရမည်။ ဤလုပ်ငန်းသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် မည်ကဲ့သို့ ချိတ်ဆက်သည်၊ ချိတ်ဆက်မှုများကို မည်ကဲ့သို့ခိုင်ခံ့စေသည်၊ မည်ကဲ့သို့ ဆက်စပ်မှုရှိသည်၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဆက်စပ်မှုကို မြှင့်တင်ရန်အတွက် စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို စူးစမ်းရှာဖွေ ဖော်ထုတ် သင်ယူသင့်သည်။

(ဃ) ပဋိပက္ခဖြစ်ပွားပြီးနောက် စိတ်ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် နောက်ဆက်တွဲ လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် အချက်အလက်ကောက်ယူစုဆောင်းပြီး ပြန်လည်မွမ်းမံသင့်သည်။ (ဥပမာ - ဂျန်ဒါ၊ အသက်နှင့် လူမှုစီးပွားရေး အခြေအနေပေါ် မူတည်၍) ထူးခြားသော သက်ရောက်မှုများကို ထည့်သွင်း စဉ်းစားရန်လိုအပ်သည်။ ၎င်းသည် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ပတ်သက်သော အနာဂတ်သုတေသနနှင့် အကဲဖြတ်ခြင်း၊ အသိပညာ မြှင့်တင်မှုလုပ်ငန်းများအတွက် အခြေခံအချက် *baseline* အဖြစ် အသုံးပြုနိုင်ပြီး လိုအပ်ချက်အဆင့်ကို ထောက်ပြညွှန်းဆိုရန် အထောက်အကူပြုနိုင်သည်။

(င) ကုလသမဂ္ဂစနစ်အတွင်း လူမှုစိတ်ပိုင်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ သွက်လက်တက်ကြွစွာ မြှင့်တင်ရန် လိုအပ်ပြီး၊ ဤကိစ္စကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ စုစည်းပေါင်းစပ်ခြင်း၊ မျှဝေခြင်းနှင့် လူသိရှင်ကြားထုတ်ပြန်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်သည်။

(စ) စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် ဆက်စပ်ချိတ်ဆက်မှု အသိပညာများ အထူးသဖြင့် ကုလသမဂ္ဂ လုပ်ငန်းဌာနအဆင့်ဆင့်တွင် တိုးပွားလာစေရန် (ပြင်ပအေဂျင်စီများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် လက်တွေ့လုပ်ဆောင်သူများ)မှ သီးသန့်သင်တန်း bespoke training များ ပေးသင့်သည်။ ထိုသင်တန်းများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်း ဆိုင်ရာ ပံ့ပိုးကူညီမှုကို အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း၊ ပရောဂျက် အစီအစဉ်များ ရေးဆွဲရာတွင် ပေါင်းစပ်နိုင်မည့်နည်းလမ်းများ၊ ဆက်စပ်သီးခြားပရိုဂရမ် ရေးဆွဲနိုင်မည့် အခွင့်အလမ်းများ ပါဝင်နိုင်သည်။

## ၂။ လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်ကို ခွဲခြမ်းစိတ်ဖြာမှုဘောင်တစ်ခုအဖြစ် ပေါင်းစပ်ရန်။

ဤစာတမ်းသည် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ မူဘောင်တစ်ခုအနေဖြင့် လူမှုစိတ်ပိုင်းဆိုင်ရာ ကျယ်ပြန့်သောရှုထောင့်အသုံးပြုမှုကို အကြမ်းဖျင်း ဖော်ပြထားသည်။ ယင်းကဲ့သို့ ချဉ်းကပ်မှုတစ်ခုသည် တားဆီးကာကွယ်ရေးဗျူဟာများ၊ နိုင်ငံတော်စီမံကိန်း ရေးဆွဲခြင်း၊ လိုအပ်ချက်များ အကဲဖြတ်ခြင်းနှင့် အန္တရာယ် အကဲဖြတ်ခြင်းများကဲ့သို့သော လက်ရှိမူဘောင်များ၊ မူဝါဒများနှင့် မည်သို့

ချိတ်ဆက် ပေါင်းစပ်နိုင်မည်ဆိုသည့် မူဝါဒသုံးသပ်ချက် လိုအပ်သည်။ အထူးသဖြင့် ဤစာတမ်းအများစုသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၊ တားဆီးကာကွယ်ရေး (တကျော့ပြန် မဖြစ်ပွားရေး၊) ပြန်လည်ကုစား ပေးလျော်မှုလုပ်ငန်း များနှင့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုတို့အကြား ဆက်စပ်မှုကို ကိုင်တွယ်ဖြေရှင်းထားသည်။ ထို့အတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ လမ်းညွှန် ချက်ရှုထောင့်ကို ကုလသမဂ္ဂအဆင့်တွင် ရှိပြီးသား ကြိုတင်ကာကွယ်ရေး ဖွဲ့စည်းတည်ဆောက်ပုံများ *prevention architecture* မူဝါဒများနှင့် မူဘောင် များနှင့် မည်သို့ပေါင်းစပ်ရမည်ကို ထည့်သွင်းစဉ်းစား သင့်သည်။

## ၃။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့ကို မြှင့်တင်သည့် အထူးအခွင့်အလမ်းနေရာတစ်ခုအဖြစ် ပုံဖော်ရန်။

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုယန္တရားများကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု မြှင့်တင်ရာ အထူးအခွင့်အလမ်း နေရာတစ်ခုအဖြစ် ပြောင်းလဲပုံဖော်ရန်လိုအပ်သည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် ဒီဇိုင်းရေးဆွဲသည့်အဆင့်မှ လုပ်ငန်းအကောင်အထည်ဖော်လည်ပတ်မှုအဆင့်အထိ၊ လူတစ်ဦးချင်းနှင့် လူမှုအသိုက်အဝန်း ကောင်းမွန်ပြည့်စုံမှုသည် တာဝန်ယူတာဝန်ခံမှု၊ ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသည့်ဓလေ့အား တိုက်ဖျက်ခြင်း combating impunity၊ တရားဥပဒေစိုးမိုးရေးနှင့် အင်စတီကျူးရှင်း အဖွဲ့အစည်းများအပေါ် ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးကဲ့သို့သော အခြားပန်းတိုင် များနှင့်အတူ ယှဉ်တွဲစဉ်းစားရမည့် အချက်ဖြစ်သင့်သည်။ လူမှုစိတ်ပိုင်းဆိုင်ရာ ရှုထောင့်မှ ကြည့်လျှင် ထိုကဲ့သို့သော ကျယ်ပြန့်သော အောင်မြင်မှုပန်းတိုင်များကို ၎င်းတို့နှင့် ထိတွေ့ဆက်ဆံသူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာလက်တွေ့ ပကတိများမှ သီးခြားဖယ်ထုတ်ရန် မဖြစ်နိုင်ကြောင်း ဤစာတမ်းတွင် ကျိုးကြောင်းတင်ပြထားသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ် အားလုံးတွင် ရည်မှန်းချက်များနှင့် အခြေခံမူ ကျင့်ထုံးများအဖြစ် အကြမ်းဖက်မှုဒဏ် ခံစားခဲ့ရသူများ၏ ကောင်းမွန်ပြည့်စုံမှုကို မြှင့်တင်ခြင်း၊ ၎င်းတို့ကို စောင့်ရှောက်မှုပေးရမည့် တာဝန်ဝတ္တရားများကို အာမခံချက်ပေးခြင်းဖြင့် ကွဲပြားသောဦးစားပေးမှုများကို ချိန်ခွင်လျှာဟန်ချက်ညီ သိသာထင်ရှားစွာ ပုံဖော်ပေးမည်ဖြစ်သည်။

## ၄။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တရားများအတွင်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများ တိုးတက်မြှင့်တင်ရန်

ပူးပေါင်းပါဝင်မှုတိုးတက်စေရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တယားများအတွင်း ပံ့ပိုးကူညီမှု တိုးတက်စေရေးများကို ဤစာတမ်းတွင် ဖော်ပြထားသည်။

(က)ထိခိုက်ထိခိုက်နစ်နာသူများ ပူးပါင်းပါဝင်မှု *victims participation* မြှင့်တင်ရေး၊ (ခ) ရပိုင်ခွင့်များ *access to rights* ပိုမိုရရှိရေး၊ (ဂ) ထိရောက်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုမူဆက်ဆံမှု၊ *effective procedural treatment* နှင့် (ဃ) *direct service provision* တိုက်ရိုက် ဝန်ဆောင်မှုပေးခြင်း၊ (ဥပမာ - အကျဉ်းချုံးရှင်းပြခြင်းခြင်း *briefing*, နှင့် အပြန်အလှန်ဆွေးနွေးခြင်း *debriefing*, ဇာတ်ကြောင်းပြန်ရန် *room for narrative*, အခွင့်အလမ်းနေရာ ဖန်တီးခြင်း၊ ထိခိုက်နစ်နာသူဆက်ဆံရေးအရာရှိများ အသုံးပြုခြင်း၊ စိတ်ခံစားချက်ဆိုင်ရာ ပံ့ပိုးမှု *emotional support*, နားလည်လွယ်ကူစေရန် ပံ့ပိုးကူညီမှု *literacy support*, နှင့် လုံလောက်သော လွှဲပြောင်းပေးသည့် အစီအစဉ်များထူထောင်ခြင်း)။ ဤပံ့ပိုးကူညီမှုယန္တရားများအတွင်း အပြည့်အဝလည်ပတ်နိုင်ရန်၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များအားလုံးတွင် လိုအပ်သည့်အကြောင်းအရာများမှာ -

**(က)** သီးသန့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအဖွဲ့ *dedicated mental health and psychosocial support team* သည် အစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများတွင် ရှိပြီးသား စွမ်းဆောင်ရည် အရည်အချင်းများနှင့် ပံ့ပိုးကူညီမှုများကို အကဲဖြတ်နိုင်ပြီး၊ ဤစာတမ်းတွင် ဖော်ပြထားသော ပံ့ပိုးမှုအဆင့်များကို ဖော်ဆောင်နိုင်မည့် မဟာဗျူဟာတစ်ရပ် ရေးဆွဲနိုင်သည်။ ထို့အပြင်၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအဖွဲ့သည် လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး၊ တရားမျှတမှုနှင့် ပြန်လည်ကုစားပေးလျော်ခြင်း စသည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သီးသန့်လုပ်ငန်း (သက်ဆိုင်ပါက) များကို ကျယ်ပြန့်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် လမ်းကြောင်း ချိတ်ဆက်ပေးနိုင်သည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ ကွဲပြားသည့်လားရာ ပုံစံအသီးသီး *different dimensions* များအတွက် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ကြားခံချိတ်ဆက်စေခြင်း၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအဖွဲ့မှတစ်ဆင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အတွင်းပိုင်းလုပ်ငန်းစဉ်များကို မြှင့်တင်ခြင်းသည် လက်တွေ့ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာကဏ္ဍ လိုအပ်ချက်ကို အနည်းဆုံး ဖြည့်ဆည်းရာ ဖြစ်သင့်သည်။

**(ခ)** အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုဆိုင်ရာ ယန္တရားများတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများအား လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု သီးသန့်သင်တန်း *bespoke training* များပေးရန် လိုအပ်ပြီး၊ နိုင်ငံရေး အကြမ်းဖက်မှု သက်ရောက်မှု၏ ဘက်စုံသဘော သဘာဝနှင့် အခြေအနေ (အသက် ၊ ဂျန်ဒါ) နှင့် ယဉ်ကျေးမှု ကန့်သတ်ချက်များကို ကောင်းမွန်စွာ နားလည်သဘောပေါက်စေနိုင်သည်။ ထိခိုက်နစ်နာသူကို ဒဏ် ပိုဖြစ်စေသည့် စိတ်ဒဏ်ရာကို အခြေခံသည့် သို့မဟုတ် ဆေးဘက်ဆိုင်ရာကုသမှုစသည့် ကျဉ်းမြောင်းသော နည်းလမ်းပုံစံများထက် ကျော်လွန်၍ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များ အားလုံးတွင် နစ်နာကျူးလွန်ခံရမှု၏ သားကောင်ဖြစ်ရခြင်း လိုအပ်ချက်များစွာအတွက် အာရုံခံနားလည်နိုင်စွမ်း ကောင်းမွန်အောင် ထည့်သွင်းသင့်သည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနည်းလမ်းကို ထည့်သွင်းခြင်းသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရား မျှတမှုယန္တရားများတွင် ပါဝင်သည့် ဝန်ထမ်းများ အားလုံးသည် ၎င်းတို့ အလုပ်၏ စိတ်ကျန်းမာရေးဆိုင်ရာ အရေးပါမှု၊ ဒုက္ခ ရောက်သူများကို ဝန်ဆောင်မှုပေးသည့် အတိုင်းအတာ ဘောင်ထက်မက ထိခိုက်နစ်နာသူများနှင့် ထောက်ပံ့ပို့ဆောင် ရေးဆိုင်ရာထိတွေ့ဆက်ဆံခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်းတို့၏ အရေးပါမှု၊ ထို့အတူ (ဥပမာ မည်သူကို တရားစွဲဆိုရမည်၊ သို့မဟုတ် မည်သည့် အစုအဖွဲ့ အုပ်စုများ၏ သက်သေခံချက်ကို လျှော့ချမည်ကဲ့သို့သော) အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဆုံးဖြတ်ချက်များ၏ စိတ်ပိုင်းဆိုင်ရာ လူမှုရေးဆိုင်ရာ အကျိုးဆက်များ၏ အရေးပါပုံများကို နားလည်သဘောပေါက်ရန် လိုအပ်သည်။

**(ဂ)** အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များတွင် ထိခိုက်နစ်နာသူများနှင့် ထိတွေ့ဆက်ဆံဖြေရှင်းခြင်းနှင့် ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲရန်အတွက် ဝန်ထမ်းများအား လေ့ကျင့်သင်ကြား၊ ပံ့ပိုးပေးသင့်သည်။

ဤစာတမ်းတွင်ဖော်ပြထားသည့်အတိုင်း ကြီးမားသော အကြမ်းဖက်မှု၏ ရိုက်ခတ်မှုများသည် ထိခိုက်နစ်နာသူများကိုသာမက ပြည်သူလူထု၊ နိုင်ငံရေး သမားများနှင့် မူဝါဒချမှတ်သူများအပါအဝင် နိုင်ငံရေး အကူးအပြောင်း လုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင် ပတ်သက်သူများအပေါ် သက်ရောက်မှု ရှိမည်ဖြစ်ပြီး၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းများ ဆောင်ရွက်ကြသည့် ဝန်ထမ်းများတွင်လည်း ဖြစ်နိုင်ချေရှိသည်။ အကြမ်းဖက်ခံရသူများနှင့် ထိတွေ့လုပ်ဆောင်ခြင်း အကျိုးသက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ရှိနှင့်ပြီးသားဖြစ်

သော အရေးပါသော လုပ်ထုံးလုပ်နည်း အလေ့အကျင့်များအပေါ်တွင် ဆက်လက်ဖြည့်ဆည်း တည်ဆောက်နိုင်သည်။

## ၅။ ရပ်ရွာလူမှုအသိုက်အဝန်းအဆင့် စိတ်ပိုင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုလုပ်ငန်းများကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်များနှင့် ဖြည့်စွက်ချိတ်ဆက်ရန်။

ရပ်ရွာအဆင့်တွင် ရှိပြီးသား လူမှုစိတ်ပိုင်းဆိုင်ရာလုပ်ငန်းများကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ယန္တရားများနှင့် ဖြည့်စွက်ချိတ်ဆက်သည့် နည်းလမ်းများ၏ အရေးကြီးပုံကို ဤစာတမ်းတွင် ဖော်ပြထားသည်။

ရပ်ရွာလူမှုအဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများကို အသုံးမပြုဘဲ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတို့ကြား ချိတ်ဆက်မှု တိုးတက်စေရန် မဖြစ်နိုင်သကဲ့သို့ တစ်ဦးချင်းသုခနှင့် လူမှုရေးအသွင်ကူးပြောင်းမှုကို မြှင့်တင်ရန် မဖြစ်နိုင်ပေ။ ကုလသမဂ္ဂသည် ဤဝန်ဆောင်မှုများကို ပေးနိုင်မည် မဟုတ်ဘဲ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုပံ့ပိုးရန် အထောက်အကူ *catalyst* အဖြစ် ဆောင်ရွက်သင့်သည်။ ထိုသို့ဖြစ်လာစေရန် လိုအပ်ချက်များမှာ

**(က)** အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များသည် ဖြည့်စွက်လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်ရန်အတွက် မည်သည့်အခြေအနေတွင်မဆို ရှိနေသည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို အသေးစိတ် အကဲဖြတ်ရန် လိုအပ်သည်။

စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွင် " မည်သူသည် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်၊ ဘာလုပ်နေသနည်း(4 Ws)၊ လုပ်ငန်းဆောင်ရွက်မှု သင်္ကေတများပါသော လက်စွဲစာအုပ် " (IASC 2012) သည် ဤကိစ္စတွင် အထောက်အကူဖြစ်စေမည့် စမှတ် starting point အဖြစ် သတ်မှတ်ပေးနိုင်သည်။ ထိုသို့သော အကဲဖြတ်မှုတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်ပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုသို့ ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ကာ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ သီးခြား အထောက်အကူပြုအဖွဲ့က ပံ့ပိုးပေးနိုင်သည်။

**(ခ)** လက်ရှိပံ့ပိုးမှုများကို (၎င်းတို့သည် ပဋိပက္ခကြောင့် ပြင်းထန်စွာ ချိနဲ့ယိုယွင်းနေပါက) ဖန်တီးရန်နှင့် အားကောင်းစေရန်အတွက် အရင်းအမြစ်အချို့ လိုအပ်နိုင်သည်။ သို့သော်လည်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၏ အဓိကကျသော နိယာမတစ်ခုမှာ ပဋိပက္ခများ မည်မျှပင် ဆိုးရွားစေကာမူ၊ ကွန်ရက်များကို လှုံ့ဆော်ရန် သို့မဟုတ် ထူထောင်ရန် ဆောင်ရွက်ချက်များ အဆင့်ဆင့် ကွဲပြားခြားနားနိုင်သော်ငြားလည်း ကွန်မြူနတီအသိုက်အဝန်းနှင့် မိသားစုအဆင့် ပံ့ပိုးကူညီမှုများသည် အခြေအနေအရပ်ရပ်တွင် တည်ရှိနေစေရမည်။ အချို့သောကိစ္စများတွင်၊ အလွန်အကျွံ ဖိနှိပ်မှုများ နောက်ပိုင်းကာလ ကွန်မြူနတီနှင့် မိသားစုအဆင့်များတွင် သက်ဝင်လည်ပတ် လာစေရန် အလုံးအရင်းပံ့ပိုးကူညီမှု *substantial support* လိုအပ်နိုင်သည်။ ဤအပိုင်းတွင် ဒေသတွင်း ကျွမ်းကျင်မှုသာမက ပြင်ပအလှူရှင်များ၏ ပံ့ပိုးကူညီမှုလည်း လိုအပ်သည်။ ထိုလုပ်ငန်းစဉ်ကို ပံ့ပိုးနိုင်ရန်အတွက် အရင်းအမြစ်များ အကန့်အသတ်ရှိပါက IASC ပိရမစ် (၂၀၀၇) တွင်ပြထားသည့်အတိုင်း ပံ့ပိုးမှုအချိုးအစားကို အခြေခံလမ်းညွှန်အဖြစ် အသုံးပြုသင့်သည်။ ဆိုလိုသည်မှာ အလေးပေး အာရုံစိုက်ထားသော စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု *focused psychological support* များထက် လူမှုအသိုက်အဝန်းနှင့် မိသားစုပံ့ပိုးမှုများ ပိုမိုအားကောင်းလာစေရန် အရင်းအမြစ်များ ပိုမိုအသုံးချပြီး အထူးပြုကုသရေးဝန်ဆောင်မှု *specialized clinical services* များအတွက် အရင်းအမြစ်များ အနည်းဆုံးစီးဆင်းသင့်သည်။

(ဂ) ယေဘူယျအားဖြင့်၊ ကုလသမဂ္ဂစနစ်သည် ဤကဏ္ဍနယ်ပယ်အတွက် နည်းနိဿယများ၊ အကောင်းဆုံးအလေ့အကျင့်များနှင့် စည်းရုံးလှုံ့ဆော်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးသူများ၊ အစပျိုးလုပ်ငန်းများနှင့် ပူးပေါင်းလက်တွဲပံ့ပိုးရန် လိုအပ်သည်။

## ၆။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၏ ဆက်စပ်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ရန်။

တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ ရပ်ရွာလူမှုအသိုက်အဝန်း ထိတွေ့ဆက်ဆံမှုများကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအား ချဉ်းကပ်ခြင်း၏ အရေးပါသော အစိတ်အပိုင်းများအဖြစ်၊ နိုင်ငံရေးအကြမ်းဖက်မှု ထပ်ခါတလဲလဲ မဖြစ်စေရန်အတွက် အခရာကျကြောင်း မီးမောင်းထိုးပြထားသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆိုင်ရာ ကုလသမဂ္ဂ ထိတွေ့ဆက်ဆံမှု လမ်းညွှန်ချက်များကဲ့သို့သော လက်ရှိမူဘောင်များကို ဖြည့်တင်းတည်ဆောက်ရန် လိုအပ်သည် (ကုလသမဂ္ဂ၊2020 b)။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်အားလုံးအတွက် အဆင့်အသီးသီးတွင် ဆက်စပ်သည့် ညှိနှိုင်းဆွေးနွေးမှု၊ ပူးပေါင်းပါဝင်မှုနှင့် ထိတွေ့ဆက်ဆံမှုများကို စေ့စပ်သေချာသည့် မဟာဗျူဟာများ (ဥပမာ ယန္တရားတစ်ခု တည်ဆောက်ရာတွင် သို့မဟုတ် ပြန်လည်ကုစားပေး လျော်ခြင်းကဲ့သို့သော နောက်ပိုင်း လုပ်ငန်းစဉ် *post-mechanism activity* များ အကောင်အထည်ဖော်နေစဉ်) ဦးစားပေးလုပ်ဆောင်ရန် လိုအပ်သည်။ ပူးပေါင်းပါဝင်မှုနှင့် ရပ်ရွာထိတွေ့ဆက်ဆံမှု မဟာဗျူဟာများသည် ထပ်တိုးပရိုဂရမ် *add-on* တစ်ခုအဖြစ်မဟုတ်ဘဲ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်အားလုံး၏ လိုအပ်ချက်တစ်ခုဖြစ်သင့်သည်။ ထိုမဟာဗျူဟာများသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်များတွင် ပါဝင်နေသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှု ပိုမိုတိုးတက်လာစေရန် အရေးကြီးကြောင်း နားလည်ထားသင့်သည်။

## ၇။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတို့၏ ဆက်စပ်မှု တိုးတက်ကောင်းမွန်လာစေရန် ပြင်ပစည်းရုံးလှုံ့ဆော်မှု လုပ်ငန်းများကို ပံ့ပိုးပေးရန်။

ထိခိုက်ထိခိုက်နစ်နာသူများအတွက် အခွင့်အရေးများ ရရှိရန်နှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွင် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများ၊ NGOs များ၊ *victims groups* များနှင့် ပြင်ပအဖွဲ့အစည်း *third parties* များ၏ အခန်းကဏ္ဍသည် အရေးကြီးသည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ် များ၊ အလားတူပင် နိုင်ငံတကာ အလှူရှင် အသိုင်းအဝန်းများသည် ပြင်ပစည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများကို ပံ့ပိုးပေးသင့်သည်။ အမှန်တရား၊ တရားမျှတမှုနှင့် ပြန်လည် ကုစားပေးလျော်ခြင်းများကိုအားထုတ်ဆောင်ရွက်သည့် ပြင်ပအဖွဲ့အစည်း အရင်းအမြစ်များကို အသွင်ကူးပြောင်း ရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များအတွက် ခြိမ်းခြောက်မှုအဖြစ် မမြင်သင့်ဘဲ စိတ်ကျန်းမာရေး၊ ကောင်းမွန်ပြည့်စုံမှုနှင့် အပြုသဘောဆောင်သော လူမှုရေးရလဒ်များကို ပိုမိုကောင်းမွန်စေမည့် ယန္တရားများအဖြစ် ရှုမြင်သင့်သည်။

## ၈။ ရေတိုနှင့်ရေရှည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွင် ရင်းနှီးမြှုပ်နှံရန်။

ဤစာတမ်းတွင်ဖော်ပြထားသော လူမှုစိတ်ပိုင်းဆိုင်ရာ လုပ်ငန်းအများစုသည် အလေးပေးအာရုံစိုက်လုပ်ဆောင်ရန်လိုအပ်ပြီး ရပ်ရွာလူမှုအသိုက်အဝန်း၊ ဆက်ဆံရေးအဆင့်များတွင် အခြေခံကျသော ရေရှည်ပံ့ပိုးမှု *substantial long-term support* လိုအပ်သည်။

စိတ်ပိုင်းဆိုင်ရာအကူအညီများနှင့် လူမှုရေးကူညီမှုများကို မှုခြေဖြစ်စေသော လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီခြင်း လုပ်ငန်း *longitudinal psychosocial work* များသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အထိရောက်ဆုံးရလဒ်များကို ဖော်ထုတ်ပေးသည်။ ကာလတိုနှင့် ရေရှည် ရင်းနှီးမြှုပ်နှံမှုများ ရောနှောပေါင်းစပ်ရန် လိုအပ်သည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်တိုင်းတွင် ဆိုရှယ်မီဒီယာလှုံ့ဆော်မှုများ၊ စိတ်ကျန်းမာရေး ပါဝင်ဆောင်ရွက်မှုများဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြား ပညာပေးအစီအစဉ်များနှင့် အများပြည်သူ အသိပညာပေး အစီအစဉ်များကဲ့သို့သော လူမှုစိတ်ပိုင်းဆိုင်ရာဆောင်ရွက်မှု ဖြည့်စွက်လုပ်ငန်း *complementary “thinner” interventions* များအတွက် အခန်းကဏ္ဍ တစ်ခုရှိသည်။

သက်ရောက်မှုကို ရေရှည်တည်တံ့စေရန်နှင့် တကျော့ပြန်မဖြစ်ပွားစေရေး ရေရှည်တန်ဖိုး ဆောင်ကြဉ်းရန်အတွက် ရပ်ရွာလူမှုအသိုက်အဝန်း၏ ခံနိုင်ရည်ရှိမှု community resilience နှင့် ရေရှည်စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အဆင့်တိုင်းတွင် ရင်းနှီး မြှုပ်နှံမှုလိုအပ်သည်။ ရေရှည်ရင်းနှီးမြှုပ်နှံမှု မရှိဘဲ၊ ဖြစ်နိုင်ချေမှာ (အကန့်အသတ်ရှိသော နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း *limited counselling* သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုစောင့်ရှောက်ခြင်းကဲ့သို့သော) ရေတို အစပျိုးလုပ်ငန်းများသည် ကန့်သတ်ရလဒ်များကိုသာ ဆောင်ကြဉ်းပေးမည်ဖြစ်ပြီး၊ ဤအစီရင်ခံစာတွင် မီးမောင်း ထိုးပြထားသည့် အန္တရာယ်အချို့ကို ထပ်တလဲလဲ ပုံတူကူးခြင်း (ရေရှည်ရပ်ရွာလူထု ထိတွေ့ဆက်ဆံမှုထက် စာရင်းဇယားပြုစုရန် သို့မဟုတ် အကဲဖြတ်ရန် ပိုမိုလွယ်ကူသည့် ဇီဝဆေးဘက်ဆိုင်ရာချဉ်းကပ်မှု *biomedical approaches* များအတွက်သာ ရံပုံငွေများ ပေးအပ်စီးဆင်းခြင်း) များ ဖြစ်ပေါ်စေသည်။

## ၉။ ရပ်ရွာလူမှုအသိုက်အဝန်း စည်းရုံးလှုံ့ဆော်မှုများကို အားပေး၊ ပံ့ပိုးရန်။


ရပ်ရွာလူမှုအသိုက်အဝန်း စည်းရုံးလှုံ့ဆော်မှုများနှင့် ခြားနားသည့် သမိုင်းဆိုင်ရာတင်ပြမှု *divided historical narratives* များကဲ့သို့သော စိန်ခေါ်မှုပိုများသော ပြဿနာများနှင့် ထိတွေ့ဆက်ဆံမှုသည် လူမှုစိတ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှု၏သော့ချက် ဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများအဆင့် ကြားဝင်ဆောင်ရွက်ချက်များသည် ထိုကိစ္စများကို ဖြေရှင်းပေးသော်လည်း၊ ရပ်ရွာလူထုလှုပ်ရှားမှုကို ပံ့ပိုးပေးရန်အတွက်လိုအပ်ချက်မှာ ကုလသမဂ္ဂ၏ နိုင်ငံရေးအရ ပံ့ပိုးကူညီမှု၊ အရပ်ဘက်ဆိုင်ရာ ထိတွေ့ဆက်ဆံမှု နေရာအခွင့်အလမ်းများ ဖန်တီးခြင်း သို့မဟုတ် တိုင်ပင်ဆွေးနွေးမှု ယန္တရားများကဲ့သို့သော မက်ခရိုအဆင့် ထိတွေ့ဆက်ဆံမှုဖြစ်သည်။

သို့သော်လည်း၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာကြားဝင်ဆောင်ရွက်မှုများကို ဒီဇိုင်းရေးဆွဲခြင်း မပြုမီနှင့် လုပ်ငန်းစဉ်အတွင်း အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များသည် အပြိုင်အဆိုင်ထိပ်တိုက်အယူအဆ ဇာတ်ကြောင်း *competing narratives* များကို မည်ကဲ့သို့ ပိုမိုဆိုးရွားစေနိုင်သည်၊ သို့မဟုတ် လျော့ပါးသက်သာစေနိုင်သည်နှင့် အစုအဖွဲ့များအကြား ဆက်ဆံရေးကို မည်သို့တိုးတက်စေနိုင်သည်ဆိုသည်များကို အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ကြားဝင်ဆောင်ရွက်ပေးမှုများ ဒီဇိုင်းရေးဆွဲခြင်း မပြုမီနှင့် လုပ်ငန်းစဉ်ကာလတွင်း ပိုမို၍ စဉ်းစားသုံးသပ်ရန် လိုအပ်သည်။ အခြေခံကျသောမျှော်လင့်ချက်မှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု သံသရာစက်ဝန်းတလျှောက် အဆိုပါမေးခွန်းများကို ပိုမိုထည့်သွင်းစဉ်းစားရန်နှင့် အသွင်ကူးပြောင်းရေးကာလတရားမျှတမှုယန္တရားများနှင့် ဝန်ထမ်းများသည် မတူညီသောအုပ်စုများနှင့် ထိတွေ့ဆက်ဆံသည့်အခြေအနေများတွင် အရပ်ဘက်ဆိုင်ရာ အခွင့်အလမ်းနေရာများ ဖန်တီးရန်ဖြစ်သည်။

# နောက်ဆက်တွဲ ၁

## IASC ချဉ်းကပ်မှု

## အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများအတွက် ပိရမစ်




အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအတွက် ပိရမစ် (IASC၊ 2017)။

ဤနောက်ဆက်တွဲတွင် IASC ကြားဝင်ဆောင်ရွက်မှု ပိရမစ် (၂၀၀၇) ၏ အလွှာအသီးသီးကို အသေးစိတ်ဖော်ပြထားသည်။

### အလွှာစုံ ပံ့ပိုးမှုများ

အရေးပေါ်အခြေအနေများတွင် လူများသည် မတူညီသောနည်းလမ်းများဖြင့် ထိခိုက်ခံစားရပြီး မတူညီသောအကူအညီများ လိုအပ်သည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို အကောင်အထည်ဖော်ရာတွင် အဓိကသော့ချက်တစ်ခုမှာ မတူညီသောအုပ်စုများ၏ လိုအပ်ချက်များနှင့်ကိုက်ညီသော ဖြည့်စွက်ပံ့ပိုးမှုစနစ်တစ်ရပ် ဖော်ဆောင်ရန်ဖြစ်သည်။ ၎င်းကို ပိရမစ်ပုံစံဖြင့် ဖော်ပြနိုင်ပြီး (ပုံ ၁ ကိုကြည့်ပါ)။ ပိရမစ် အလွှာအားလုံးသည် အရေးကြီးပြီး အကောင်းဆုံးမှာ ၎င်းတို့ကို တစ်ပြိုင်နက် အကောင်အထည် ဖော်သင့်သည်။

## ၁) အခြေခံဝန်ဆောင်မှုများနှင့် လုံခြုံရေး

အခြေခံရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ (စားနပ်ရိက္ခာ၊ အမိုးအကာ၊ ရေ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါများ ထိန်းချုပ်ရေးဆိုင်ရာ လုံလောက်သော အုပ်ချုပ်မှုအစီအမံများနှင့် ဝန်ဆောင်မှုများ ထူထောင်ခြင်း) သို့မဟုတ် (ပြန်လည်ထူထောင်ခြင်းအားဖြင့် ပြည်သူအားလုံး၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို အကာအကွယ်ပေးသင့်သည်)။ အရေးပေါ်အခြေအနေအများစုတွင် အစားအသောက်၊ ကျန်းမာရေးနှင့် အမိုးအကာစသည့် ကဏ္ဍဆိုင်ရာ ကျွမ်းကျင်သူများက အခြေခံဝန်ဆောင်မှုများ ပေးကြသည်။

အခြေခံဝန်ဆောင်မှုများနှင့် လုံခြုံရေးအတွက် လိုအပ်ချက်များကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွင် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ထိုဝန်ဆောင်မှုများ ဆောင်ရွက်နေကြောင်းကို စည်းရုံးလှုံ့ဆော်အသိပေးခြင်း စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာအခြေအနေအပေါ် ထိုဝန်ဆောင်မှုများ၏ အကျိုးသက်ရောက်မှုများကို မှတ်တမ်းပြုစုခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အခြေအနေများကို အားပေးမြှင့်တင်သည့်ပုံစံဖြင့် ဖြန့်ဝေပံ့ပိုးရန် ဩဇာလွှမ်းမိုးခြင်းများပါဝင်သည်။ ဤအခြေခံဝန်ဆောင်မှုများသည် ဒေသခံပြည်သူများ၏ ဂုဏ်သိက္ခာကိုကာကွယ် စောင့်ရှောက်သည့်၊ ဒေသတွင်း လူမှုရေးပံ့ပိုးမှုများကို အားကောင်း စေသည့်၊ ရပ်ရွာလူမှုအသိုက်အဝန်းကွန်ရက်များ၏ ပူးပေါင်းပါဝင်မှုရရန်စည်းရုံးလှုံ့ဆော်ခြင်း၊ ဘေးကင်းပြီးလူမှုရေးအရသင့်လျော်သော နည်းလမ်းများဖြင့် တည်ထောင်သင့်သည်။

## ၂) ရပ်ရွာနှင့် မိသားစု ပံ့ပိုးမှုများ

ဒုတိယအလွှာသည် လူမှုအသိုက်အဝန်းနှင့် မိသားစုဆိုင်ရာ အဓိက ပံ့ပိုးထောက်ပံ့မှု အကူအညီများရရှိပါက ၎င်းတို့၏ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေကို ထိန်းသိမ်းထားနိုင်သည့် လူနည်းစုအတွက် အရေးပေါ်တုံ့ပြန်မှုကို ကိုယ်စားပြုသည်။ အရေးပေါ်အခြေအနေအများစုတွင် ဆုံးရှုံးခြင်း၊ နေရာရွှေ့ပြောင်းရခြင်း၊ မိသားစုကွဲကွာခြင်း၊ ရပ်ရွာလူမှုအသိုက်အဝန်းအတွင်း အကြောက်တရားနှင့် ယုံကြည်မှုကင်းမဲ့ခြင်းတို့ကြောင့် မိသားစုနှင့် လူမှုအသိုက်အဝန်းကွန်ရက်စည်းများ သိသိသာသာ ပျက်ပြားရပါသည်။ ထို့အပြင် မိသားစုနှင့် လူမှုအသိုက်အဝန်း ကွန်ရက်များ မပျက်စီးသည့်တိုင် အရေးပေါ် အခြေအနေအောက်တွင် ရှိနေသူများသည် ပိုမိုကောင်းမွန်သော ရပ်ရွာနှင့် မိသားစု အထောက်အပံ့အကူအညီများ ရရှိခြင်းအားဖြင့် အကျိုးကျေးဇူး ခံစားနိုင်မည်ဖြစ်သည်။ ဤအလွှာတွင် အသုံးဝင် အကျိုးရှိမည့် တုံ့ပြန်ဆောင်ရွက်မှုများမှာ မိသားစုပြန်လည်ရှာဖွေခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ ဝမ်းနည်းပူဆွေးမှုများကို နှစ်သိမ့်ပေးခြင်း၊ ရပ်ရွာအသိုက်အဝန်းအလိုက် ဖြေသိမ့် ကုစားပေးသည့် အခမ်းအနားများ၊ ကျယ်ကျယ်ပြန့်ပြန့် အပြုသဘောဆောင်သည့် ရင်ဆိုင်ဖြေရှင်းမှုနည်းလမ်းများ၊ မိဘအုပ်ထိန်းမှု ပံ့ပိုးသည့်အစီအစဉ်များ၊ တရားဝင် အသိအမှတ်ပြုမှုနှင့် အလွတ်သင်ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ အမျိုးသမီးနှင့် လူငယ်အသင်းအဖွဲ့များ အပါအဝင် လူမှုကွန်ယက်များကို အသက်သွင်းခြင်းဖြစ်သည်။

## ၃) အလေးပေးအာရုံစိုက်ပြီး အထူးပြုမဟုတ်သည့် ပံ့ပိုးမှုများ

တတိယအလွှာတွင် လိုအပ်သော ပံ့ပိုးမှုများကို လေ့ကျင့်သင်ကြားပေးထားသည့် ဝန်ထမ်းများက (ထိုသူများသည် အထူးပြုစုစောင့်ရှောက်မှုကဏ္ဍတွင် နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားမှုမရှိသော်ငြားလည်း) လိုအပ်သော ပံ့ပိုးမှုများကို ပေးရသည့် တစ်ဦးချင်း၊ မိသားစု သို့မဟုတ် အုပ်စုအလိုက် အရေအတွက်အနည်းငယ်ကို ကိုယ်စားပြုသည်။

ဥပမာအားဖြင့်၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများသည် ရပ်ရွာအခြေပြုဝန်ထမ်းများ *Community workers* ထံမှ စိတ်ပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပံ့ပိုးကူညီမှု လိုအပ်ပါသည်။ ဤအလွှာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုခြင်းနှင့် အခြေခံစိတ်ကျန်းမာရေး စောင့်ရှောက်မှုတို့လည်း ပါဝင်သည်။

### ၄) အထူးပြုဝန်ဆောင်မှုများ

ပိရမစ်၏ အပေါ်ဆုံးအလွှာသည် ဖော်ပြပြီးသော အထောက်အပံ့များရရှိပြီးသော်ငြားလည်း နောက်ဆက်တွဲ ပံ့ပိုးမှုများ ထပ်မံ လိုအပ်သည့် ဒုက္ခဆိုးရွားစွာခံစားရသည့် အခြေခံနေ့စဉ် လုပ်ငန်းဆောင်တာများဆောင်ရွက်ရန် ကြီးမားသော အခက်အခဲများ ကြုံတွေ့နေရသည့် လူအနည်းစုကို ကိုယ်စားပြုသည်။ ဤအကူအညီတွင် ပြင်းထန်စွာ စိတ်ပိုင်း ဆိုင်ရာချို့ယွင်းနေသူများအတွက် ၎င်းတို့၏လိုအပ်ချက်များသည် ရှိပြီးသား အခြေခံ သို့မဟုတ် အထွေထွေ ကျန်းမာရေးဝန်ဆောင်မှုများ၏ စွမ်းဆောင်ရည်ထက် ကျော်လွန်ပါက စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ရောဂါဆိုင်ရာ အထောက်အပံ့များ ပါဝင်သင့်သည်။ ထိုပြဿနာများရှိနေပါက၊ အထွေထွေကျန်းမာရေးစောင့်ရှောက်မှု ပေးနေသူ များအား ရေရှည်သင်တန်းများပေး၍ ကြီးကြပ်စောင့်ရှောက်စေခြင်း သို့မဟုတ် အထူးပြုဝန်ဆောင်မှုများရှိရာသို့ လွှဲပြောင်းပေးခြင်းများ ပါဝင်သည်။ လူဦးရေ၏ အနည်းငယ်မျှသော ရာခိုင်နှုန်းအတွက်သာ အထူးပြုဝန်ဆောင်မှုများ လိုအပ်သော်ငြားလည်း၊ ကြီးမားသော အရေးပေါ်အခြေအနေများတွင် ထိုလူအုပ်စုသည် လူထောင်ပေါင်းများစွာအထိ ပမာဏရှိနိုင်သည်။

# နောက်ဆက်တွဲ ၂

## ဖြစ်စဉ်ဖြစ်ရပ်လေ့လာမှု

## စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက်ပံ့ပိုးကူညီမှုများ၊ ဂမ်ဘီယာ[13]

အကြမ်းဖက်မှုနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ သုတေသနစင်တာ) The Centre for the Study of Violence and Reconciliation - CSVR)[14] သည် ဂမ်ဘီယာတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်ကို ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်၍ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစဉ်သည် ၁၉၉၄ ခုနှစ်တွင် အာဏာသိမ်းပြီး ၂၀၁၇ ရွေးကောက်ပွဲရှုံးနိမ့်မှုဖြင့် အဆုံးသတ်ခဲ့သည့် Yahya Jammeh ၏ အာဏာရှင်စနစ်အောက်တွင် ကျူးလွန်ခဲ့သော ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှု များ နှင့် ဖိနှိပ်ချုပ်ချယ်မှုများကို ကိုင်တွယ်ဖြေရှင်းသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရသစ်သည် အမှန်တရား၊ ပြန်လည်သင့်မြတ်ရေးနှင့် လျော်ကြေးပေးရေးကော်မရှင် အက်ဥပဒေကို အမျိုးသားအသွင်ကူးပြောင်းရေးတရားမျှတမှုစီမံချက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

အမှန်တရား၊ ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ကုစားပေးလျော်ရေး ကော်မရှင်သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဇူလိုင်၁၉၉၄ မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကျူးလွန်ခံရမှုများ၏ “သဘောသဘာဝ၊ အကြောင်းတရားနှင့် အတိုင်းအတာကို ဘက်မလိုက်သော သမိုင်းမှတ်တမ်းတစ်ရပ်အဖြစ် စုံစမ်းစစ်ဆေးရန်နှင့် ဖော်ထုတ်ရန် အခွင့်အာဏာဖြင့် ၎င်း၏လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ ထိခိုက် ထိခိုက်နစ်နာသူများကို ပြန်လည်ကုစားပေးလျော်ခြင်းနှင့် ဆက်နွှယ်နေသည့်ကိစ္စများ” အတွက် ထည့်သွင်းစဉ်းစားခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် လူထုကြားနာပွဲများ စတင်ခဲ့သည်။ ကော်မရှင်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ မှ

[13] ဤဖြစ်စဉ်ဖြစ်ရပ်လေ့လာမှုသည် Brankovic၊ Jounino ၏ " စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ကို ဂမ်ဘီယာ အသွင်ကူးပြောင်းရေးကာလတရားမျှတမှုသို့ ပေါင်းစပ်ခြင်း - လက်တွေ့ကျင့်သုံးသူများ၏ ရှုထောင့်အမြင် များ " အနှစ်ချုပ်ဖြစ်သည် (Centre for the Study of Violence and Reconcialation (CSVR) and Global Initiative for Justice, Truth and Reconcialation, 2021)။ ဤစာတမ်းအများစုကို အထက်တွင် တိုက်ရိုက်ကိုးကား ဖော်ပြထားသည်။ နောက်ဆက်တွဲ ဖြစ်ပေါ်တိုးတက်မှုများ၊ အချက်အလက် ဖြည့်ဆည်းမှုများအတွက် CSVR မှAnnah Mayo ကို ကျေးဇူးတင်ရှိ ပါသည်။

[14] တောင်အာဖရိကအဖွဲ့အစည်းတစ်ခုဖြစ်သည့် CSVR သည် အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ ကိစ္စရပ်များ လုပ်ဆောင်နေသည်မှာ နှစ်ပေါင်း ၃၀ နီးပါးရှိပြီဖြစ်သည်။ တောင်အာဖရိက အသားအရောင် ခွဲခြားမှုမှသည် ဒီမိုကရေစီသို့ ကူးပြောင်းပြီး အတိတ်က ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကို တည်ထောင်ခဲ့သည့် ၁၉၉၀ နှစ်များမှစ၍ လုပ်ငန်းများစတင်ခဲ့ပြီး၊ အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေးဆိုင်ရာ တရား မျှတမှုမူဘောင် ရေးဆွဲ၊ ချမှတ်၊ ဖြန့်ဝေခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် အာဖရိကသမဂ္ဂအား နည်းပညာပိုင်း ဆိုင်ရာ ပံ့ပိုးကူညီလျက်ရှိသည်။

၂၀၂၁ ခုနှစ်မေလအတွင်းတွင် တိုင်ကြားလွှာ ၂,၆၀၀ စောင် လက်ခံရရှိပြီး အကြောင်းအရာ ၁၆ ခုပါရှိသော သက်သေ ၃၉၃ ဦးထံမှ သက်သေခံချက်များကို ကြားနာခဲ့သည်။ နောက်ဆုံးအစီရင်ခံစာနှင့် အကြံပြုချက်များ မကြာမီ အချိန်အတွင်း ထွက်ပေါ်လာမည်ဖြစ်သည်။

CSVR ပညာရှင်များသည် ဂမ်ဘီယာအစိုးရ၏တာဝန်ရှိသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ၂၀၁၆ ခုနှစ်တွင် စတင်ထိတွေ့ခဲ့ပြီး အာဖရိကသမဂ္ဂအသွင်ကူးပြောင်းရေးကာလ တရားမျှတမှု မူဝါဒ မူဘောင်ရေးဆွဲ ချမှတ်ရာတွင် CSVR သည် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ကာ အာဖရိကသမဂ္ဂ အစည်းအဝေး ဆွေးနွေးပွဲများမှတဆင့် ၂၀၁၉ ခုနှစ်တွင် ထိုမူဘောင်ကို အတည်ပြုချမှတ် နိုင်ခဲ့သည်။

CSVR သည် ဂမ်ဘီယာအစိုးရအရာရှိများ /တာဝန်ရှိ ပုဂ္ဂိုလ်များကို အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု တောင်အာဖရိကလေ့လာရေးခရီးစဉ်သို့ ဖိတ်ခေါ်ခဲ့သည်။ တောင်အာဖရိကတွင် နှစ်အတော်ကြာ မြှင့်တင်ခဲ့သော CSVR ခေါင်းစဉ်တစ်ခုဖြစ်သည့် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာလူမှုရေးပံ့ပိုးမှုနှင့် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှု ပေါင်းစပ်ခြင်းဆိုင်ရာ ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကို CSVR ပညာရှင်များက ပထမဆုံး အကြိမ် မျှဝေခဲ့သည်။ ဤဆက်ဆံရေးများကိုအခြေခံ၍ CSVR သည် ၂၀၁၇ ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံရှိ အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲ၍ ပဏာမ လိုအပ်ချက် *preliminary needs assessment* အကဲဖြတ်စစ်တမ်း ကောက်ယူခဲ့သည်။ ဤစစ်တမ်းသည် ဂမ်ဘီယာတွင် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးမှုအတွက် စွမ်းရည်နှင့် အရင်းအမြစ် သိသာထင်ရှားစွာ ကွာဟမှုကို ထုတ်ဖော်ခဲ့သည်။

ဂမ်ဘီယာတွင် အဓိကအားဖြင့် " ဦးနှောက်ယိုစီးမှု " နှင့် Jammeh အစိုးရအောက်တွင် မညီမျှသည့် ဖွံ့ဖြိုးမှုများ ကြောင့် အရည်အချင်းပြည့်မီသော စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုဆိုင်ရာ ပညာရှင် လက်တစ်ဆုပ်စာမျှသာရှိသည်။ စိတ်ကျန်းမာရေးပြဿနာများကို လက်ခံအသိအမှတ်ပြုခြင်းသည် သာမန်လူများ အတွက် အမည်းစက် stigma ဖြစ်စေလေ့ရှိကြောင်းလည်း အကဲဖြတ်စစ်တမ်းတွင် ဖော်ပြသည်။ ဤအကြောင်း ကြောင့်၊ ဂမ်ဘီယာနိုင်ငံသားအများအပြားသည် စိတ်ကျန်းမာရေး ပြဿနာများကို လက်ခံအသိအမှတ်ပြုရန် သို့မဟုတ် ပံ့ပိုးမှုရယူရန် တွန့်ဆုတ်နေကြသည်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုမှ အသက်ရှင်ကျန်ရစ်သူ များ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုကြောင့် နစ်နာရသူများတွင် ကျူးလွန်ခံရသည့် အမဲစက် stigma ကို ရင်ဆိုင်နေကြပြီး ဖြစ်နိုင်သည်။

ထို့နောက် CSVR သည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အစပျိုးမှုလုပ်ငန်း လေးရပ်တွင် ကျယ်ပြန့်စွာ ပါဝင်လာခဲ့သည်။

ပထမဦးစွာ၊ အာဏာရှင်စနစ်အောက် ကျူးလွန်ခဲ့မှုများ၏ အတိုင်းအတာနှင့် အတိမ်အနက်အရ အသွင်ကူးပြောင်း ရေးကာလ တရားမျှတမှုဖြစ်စဉ်နှင့် ဆက်စပ်ကောင်း ဆက်စပ်သည့် one - off services တပွဲတိုး တခါသုံး ဝန်ဆောင်မှုများသည် ပြီးပြည့်စုံ၍ အကောင်းဆုံးမဟုတ်ကြောင်း ပြည်တွင်း၌ ဆောင်ရွက်နေသူများက အလေးပေး ဖော်ပြခဲ့သည်။ အထူးသဖြင့် အတိတ်က ကျူးလွန်ခံရသူများအတွက် ဂမ်ဘီယာနိုင်ငံရှိ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု မူဘောင်နှင့် အခြေခံအဆောက်အအုံများ ဖော်ဆောင်ရန် အရေးကြီးကြောင်းနှင့် လူအများကြား စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရေးတို့ကို အလေးအနက် ဖော်ပြခဲ့သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ဂမ်ဘီယာတွင် CSVR သည် တရားမျှတမှု၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကမ္ဘာတဝှမ်းလှုပ်ရှားမှု *Global Initiative for*

*Justice၊ Truth and Reconciliation* ခေါင်းစဉ်အောက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တင်သကဲ့သို့ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုရုံပုံငွေနှင့် ပိုမိုကျယ်ပြန့်သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် လူမှုပေါင်းစည်းရေး ဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့ *International Coalition of Sites of Conscience* နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှစတင်၍ ရန်ပုံငွေ အစဉ်မပြတ်ရရှိခဲ့သည်။ ဤစာတမ်းကို ရေးသားချိန် တွင် CSVR သည် တရားရေးဝန်ကြီး၏တောင်းဆိုချက်အရ အမှန်တရား၊ ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည် ကုစားပေးလျော်ရေးကော်မရှင် လုပ်ငန်းများအတိုင်းအတာ ထက် သာလွန်သည့် ဂမ်ဘီယာ အမျိုးသားပြန်လည်သင့်မြတ်ရေး မဟာဗျူဟာ ရေးဆွဲချမှတ်နိုင်ရေးအတွက် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ consultations တွေ့ဆုံ ဆွေးနွေးပွဲများ နိုင်ငံတဝှမ်း ကျင်းပလျက်ရှိသည်။

ဒုတိယလုပ်ငန်းမှာ၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုစွမ်းရည် တည်ဆောက်ရာတွင် CSVR ၏ပါဝင်မှု ဖြစ်သည်။ အမှန်တရား၊ ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ကုစားပေးလျော်ရေးကော်မရှင်၏ လူထုကြားနာပွဲများ စတင်လာသည်နှင့်အမျှ၊ CSVR သည် ဂမ်ဘီယာရှိ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီရန်အတွက် Global Initiative for Justice၊ Truth and Reconciliation ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဂမ်ဘီယာနိုင်ငံရှိ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီရန် ပရောဂျက်တစ်ခုကို စတင်ခဲ့သည်။ ယင်းတွင် အခြားသော လုပ်ငန်းများအပါအဝင် တရားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကော်မရှင် ဝန်ထမ်းများနှင့် လူ့အခွင့်အရေးအဖွဲ့များ၊ ရပ်ရွာအခြေပြု ဆောင်ရွက်မှုများနှင့် ထိခိုက် ထိခိုက်နစ်နာသူအဖွဲ့များ အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အခြေအနေအခင်းအကျင်းနှင့် ကိုက်ညီ သည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည်။ CSVR သည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့်ပတ်သက်သော ချဉ်းကပ်မှုနည်းလမ်းများကို မျှဝေရန် အလေးထားသည်။

တတိယအနေဖြင့် CSVR သည် အမှန်တရား၊ ပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ကုစားပေးလျော်ရေး ကော်မရှင် အတွက် အတိုင်ပင်ခံစိတ်ပညာရှင် လျာထားခန့်အပ်ရန် တရားရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ထိခိုက်နစ်နာသူများ ပံ့ပိုးမှုဌာန *Victim Support Unit* ၏ လူမှုစိတ်ပိုင်းဆိုင်ရာကူညီရေး ပံ့ပိုးမှုစာတမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို လမ်းညွှန်ကာ ကော်မရှင်ထံ ချဉ်းကပ် အကူအညီရယူသူများအား အကြံဉာဏ်ပေးခြင်းနှင့် ကော်မရှင်ဝန်ထမ်းများအကြား သုံးသပ်ဆွေးနွေးမှု၊ ပြုစုပျိုးထောင်ခြင်းနှင့် မိမိကိုယ်ကို ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ အလေ့အကျင့်များ *self-care practices* ဖော်ဆောင်ပေးခြင်းဖြင့် အတိုင်ပင်ခံ စိတ်ပညာရှင်သည် ကော်မရှင်အား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးခဲ့သည်။ ထို့ပြင် ထိခိုက်နစ်နာသူ များဆိုင်ရာ အဓိက အဖွဲ့အစည်းဖြစ်သည့် Gambia Center for Victims of Human Rights Violations၊ မြို့တော် Banjul နှင့် တစထက်တစ များပြားလာသည့် ကျေးလက်ဒေသများရှိ အခြေခိုင်ပြီးသော၊ တက်သစ်စ အရပ်ဖက် အဖွဲ့ အစည်းများတွင် သင်တန်းများပို့ချခြင်း၊ ကြီးကြပ်ပေးခြင်းဖြင့် ထိခိုက်နစ်နာသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီ မှု လွှဲပြောင်းပေးရေး လမ်းကြောင်းများ အားကောင်းစေရန်လည်း လုပ်ဆောင်ခဲ့သည်။

CSVR ပညာရှင်များသည် ကုစားခြင်း healing နှင့် လူအချင်းချင်း ပံ့ပိုးကူညီခြင်းဆိုင်ရာ ဒေသဆိုင်ရာ လက်ရှိနားလည်မှုများအပေါ် အခြေခံ တည်ဆောက်ထားပြီး ဒေသအခြေအနေအကြောင်းအရာနှင့် လိုက်လျောညီထွေသည့် လူမှုစိတ်ပိုင်းဆိုင်ရာ ချဉ်းကပ်ပုံနည်းလမ်းကို အစဉ်တစိုက်မြှင့်တင်ခဲ့ကြသည်။[15]

နောက်ဆုံးတွင်၊ CSVR သည် ပိုမိုကျယ်ပြန့်သော ရပ်ရွာအခြေပြု စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးခဲ့သည်။ အဆိုပါအစီအစဉ်ကို Banjul မြို့တော်ပြင်ပ လူမှုအသိုက်အဝန်းများသို့ ချဲ့ထွင်ခဲ့သည်။ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ကျွမ်းကျင်သူသည် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု၊ လူမှုပေါင်းစည်းမှုနှင့် ပြန်လည်သင့်မြတ်ရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အာဏာရှင် Yahya Jammeh ၏ ယခင်အမာခံနယ်မြေများအပါအဝင် ဝေးလံခေါင်သီသောဒေသများရှိ ရပ်ရွာလူထုများအတွက် စွမ်းရည်တည်ဆောက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့်ပတ်သက်သော အတိုင်ပင်ခံကျွမ်းကျင်သူသည် Banjul – အခြေစိုက်နှင့် Banjul အခြေစိုက် မဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ပါဝင်သော နိုင်ငံတစ်ဝှမ်း စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု လွှဲပြောင်းပေးရေးကွန်ရက်ကို ထူထောင်ခဲ့သည်။ အတိုင်ပင်ခံကျွမ်းကျင်သူသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများဆိုင်ရာ ဂမ်ဘီယာစင်တာသို့ မူလနှင့် လက်ရှိပံ့ပိုးမှုများအပြင် ၂၀၂၀ ခုနှစ်မှစ၍ ဂမ်ဘီယာနိုင်ငံရှိ ထိခိုက်ထိခိုက်နစ်နာသူများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးသည့် နောက်ထပ် အဖွဲ့အစည်းနှစ်ခုဖြစ်သည့် Fantanka နှင့် The Organization for Psychosocial Innovation တို့ကိုလည်း နည်းပညာနှင့် ဆက်စပ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သည်။

[15] ဤချဉ်းကပ်မှုသည် ဒေသန္တရအသိပညာနှင့် အလေ့အထများ၏တန်ဖိုးများ၊ CSVR ပညာရှင်များနှင့် ဒေသခံ သက်ဆိုင်သူ များအကြား ဆက်ဆံရေး တန်းတူညီမျှမှုအတွက် ရည်ရွယ်ကာ CSVR လုပ်ငန်းများ ရေးဆွဲချမှတ်ရာတွင် ထိခိုက်နစ်နာ သူများနှင့် ရပ်ရွာလူထု၏ ကျယ်ပြန့်သောပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတန်ဖိုးများကို အလေးပေးဖော်ပြသည်။ ယဉ်ကျေး မှုတန်ဖိုးများ၊ ကိုလိုနီစနစ်အမွေများ၊ လွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် ကိုလိုနီခေတ်လွန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုများ၊ လူမျိုးပေါင်းစုံ၊ ဘာသာတရားနှင့် အခြားကိုယ်ပိုင်ဝိသေသလက္ခဏာ၊ အခြေခံဝိရောဓိများအပါအဝင် အာဖရိက ဆက်စပ်အခြေခံ အကြောင်းတရားများ၏ သက်ရောက်လွှမ်းမိုးမှုများကို CSVR ပညာရှင်များက အသိအမှတ်ပြုကြသည်။ မိသားစု၊ အသိုက်အဝန်းနှင့် အမျိုးသားရေးဆိုင်ရာ သီးသန့်လက္ခဏာများနှင့်အတူ ဤဒေသဆိုင်ရာ အတွေ့အကြုံများသည် လူတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ပြည့်စုံမှုအပေါ် အကျိုးသက်ရောက်မှုရှိသည့် လူမှု ပတ်ဝန်းကျင်နှင့် စိတ်ပိုင်းဆိုင်ရာ အကြောင်းတရားများကို ပုံဖော်ပေးသည်။

# နောက်ဆက်တွဲ ၃

## ဖြစ်စဉ်ဖြစ်ရပ်လေ့လာမှု

## စစ်ပွဲဒဏ်ရာများမှသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ခြင်းဆီသို့၊ ဆီရာရာလီယွန်[၁၆]

Fambul Tok ပရောဂျက်၏ ဝဘ်ဆိုက်တွင် ဖော်ပြထားသည်မှာ

> *"Fambul Tok ("မိသားစု စကားဝိုင်း Family Talk") သည် စစ်ဘေးသင့်ကျေးရွာများ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်း ရိုးရာ အခမ်းအနားပွဲများမှ တဆင့် Sierra Leone ၏ဆယ့်တစ်နှစ်ကြာပြည်တွင်းစစ်အတွင်း အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများနှင့် ကျူးလွန်ခံရသူများကို မျက်နှာချင်းဆိုင် စုစည်းတွေ့ဆုံခွင့်ပေးကာ ဆီရာရာလီယွန်တွင် ရပ်ရွာလူမှုအသိုက်အဝန်း ကိုယ်ပိုင်အစီအစဉ်တစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။ Sierra Leone နိုင်ငံသားများအား စစ်ပွဲအတွင်း ဖြစ်ပျက်ခဲ့သည့်အရာများနှင့်ပတ်သက်၍ လက်ခံ အသိအမှတ်ပြု ကျေအေးသင့်မြတ်စေရန် ဖြစ်ရပ်မှန် အမှန်တရား ဖွင့်ဟစေရန်၊ ကုစားရန်နှင့် အတူတကွ ရှေ့ခရီးလမ်းသစ်ကို ပုံဖော်ရန် အခွင့်အရေးကို ပေးသည်။*
>
> *Fambul Tok သည် လုံခြုံသည့် မိသားစုအသိုက်အဝန်းအတွင်း ပြဿနာများကို ဆွေးနွေးခြင်းနှင့် ဖြေရှင်းခြင်းဆိုင်ရာ Sierra Leone ၏" family talk မိသားစု စကားဝိုင်း "အစဉ်အလာပေါ်တွင် တည်ဆောက်ထားသည်။ အဆိုပါအစီအစဉ်သည် စစ်မဖြစ်မီကတည်းက ရပ်ရွာများစွာမှ မကျင်းပဖြစ်ခဲ့သော ရိုးရာမီးပုံပွဲများနှင့် ရိုးရာသန့်စင်ရေးပွဲများပါဝင်သည့် အခမ်းအနားများကို ရပ်ရွာကျေးလက်လူမှု အသိုက်အဝန်းအဆင့်တွင် ကျင်းပနိုင်ရန် ပံ့ပိုးကူညီသည်။ Fambul Tok သည် ဝန်ခံခြင်း၊ တောင်းပန်ခြင်း နှင့် ခွင့်လွှတ်ခြင်းဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်းများအပေါ် အခြေခံ၍ ပဋိပက္ခဆိုးမွေ legacy of the conflict များကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည်။* [17]

အဆိုပါ ဒေသခံခေါင်းဆောင်များ ရပ်ရွာလူထုဦးဆောင်သော ထိတွေ့ဆက်ဆံမှုများနှင့် ဒေသခံလူထု ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များမှတဆင့် ကလေးစစ်သားဟောင်းများကို လူမှုအသိုက်အဝန်းအတွင်း အောင်မြင်စွာ ပြန်လည် ပေါင်းစည်းနိုင်သကဲ့သို့ အတိတ်စိတ်ဒဏ်ရာများကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ (Cole2012 ၊ Graybill၊2010 ၊ Hoffman၊ 2008 နှင့် 2019 နှင့် liff, 2012 တို့တွင်ရှု)။ ဤပရောဂျက်သည် ပြန်လည် ထူထောင်ရေးနှင့် နောက်နောင် ထပ်မံမဖြစ်ပွားရေးအပေါ် သိသာထင်ရှားစွာ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသော ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာ အခြေခံလူမှုစိတ်ပိုင်းဆိုင်ရာ အစပျိုး နမူနာကောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

[16] ဤဖြစ်စဉ်လေ့လာမှုနှင့်ပတ်သက်၍ မှတ်ချက်များအတွက် Catalyst for Peace မှ Libby Hoffman အား ကျေးဇူးတင်ရှိပါကြောင်း။

[17] ပရောဂျက်ဝဘ်ဆိုဒ်မှ ထုတ်နုတ်ဖော်ပြချက်။ ရုပ်ရှင်နှင့် သင်ကြားရေးလမ်းညွှန်များအပါအဝင် အရင်းအမြစ်များစွာကို www.f-ambulak.org တွင်ရှု။

United States အခြေစိုက် Catalyst for Peace ငြိမ်းချမ်းရေး ပေါင်းကူး ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ Fambul Tok သည်  (စစ်ပွဲတွင် ထိခိုက်ဒဏ်ရာရသူများကဲ့သို့) limited constituencies နယ်ပယ်ဘောင် အကန့်အသတ်အတွင်း ဆောင်ရွက်ခြင်းထက် ရေရှည်တည်တံ့သော လူမှုအသိုက်အဝန်းတစ်ခုလုံး၏ ထိတွေ့ဆက်ဆံမှုဆိုင်ရာ ပိုမိုကျယ်ပြန့်သည့်အမြင်ကို အမြဲထည့်သွင်းထားသည်။ စစ်ပွဲ၏တိုက်ရိုက်ဒဏ်ရာ အနာဟောင်းများကို ကိုင်တွယ်ဖြေရှင်းရန် အစပိုင်းတွင် အာရုံစိုက်ခဲ့သော်လည်း၊ ဒေသခံလူထုနှင့် လူမှုအသိုက်အဝန်းများအတွက် ၎င်းတို့၏ ကိုယ်ပိုင်လိုအပ်ချက်များကိုဖြေရှင်းရန် အခြေခံအဆောက်အဦများ တည်ဆောက်ရန်နှင့် ရပ်ရွာလူထုအတွက် အခွင့်အလမ်းနေရာများ ရရှိရန် ရည်ရွယ်ချက်ဖြင့် ဒေသခံလူထု၏ ဖန်တီးနိုင်စွမ်းနှင့် ကိုယ်ပိုင်လက္ခဏာ ဖော်ထုတ်နိုင်ရေးတို့ကို ပို၍ ဦးတည်သည် (Catalyst for Peace၊2019 )။ အဓိကချဉ်းကပ်မှုမှာ ရပ်ရွာ လူမှုအသိုက်အဝန်းနှင့် အတူပူးပေါင်းချီတက်၍ " go to and walk with " ၎င်းတို့ကိုယ်ပိုင် ပရိုဂရမ်စီမံကိန်းများ ရေးဆွဲချမှတ်၊ အကောင်အထည်ဖော်ခြင်းဖြစ်သည် (Catalyst for Peace၊2019 ၊ p. 11)။

ဤသည်မှာ Fambul Tok အကောင်အထည်ဖော်သည့် လူမှုအသိုက်အဝန်းများ တလျောက်တွင် ပိုမိုရေရှည်တည်တံ့သော ကွန်ရက်ကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည်ဟု ဆိုနိုင်သည်။ ဤလူထုစည်းရုံးလှုံ့ဆော်လှုပ်ရှားမှု လုပ်ငန်းစဉ်သည် သိသိသာသာ အကျိုးဖြစ်ထွန်းခဲ့သည် -

"၂၀၁၄ ခုနှစ် ဆီရာရာလီယွန်တွင် အီဘိုလာကပ်ရောဂါဖြစ်ပွားသောအခါ၊ စစ်ပြီးခေတ်ကာလအလွန် အလားတူပုံစံများထပ်မံ ပေါ်ထွက်ခဲ့သည် - ပြင်ပမှ ရေတို အကူအညီများ အလုံးအရင်း ဝင်ရောက်လာခြင်း၊ ဒေသခံ လူထုထံ ရောက်ရှိရန် ခဲယဉ်းခြင်း သို့မဟုတ် ၎င်းတို့ ဦးဆောင်ပါဝင်နိုင်မှု အခွင့်အလမ်း နည်းပါးခြင်း။ ရောက်ရှိလာသည့် ထောက်ပံ့ကူညီမှုများအပေါ် ဒေသခံလူထု၏ မယုံကြည်မှုများသည် ဆိုးကျိုးရလဒ်အဖြစ် မကြာခဏ ကြုံတွေ့ရသည်။ တဖက်တွင်မူ ဤအခြေအနေများ၏ ဆန့်ကျင်ဘက်အနေဖြင့် Fambul Tok တည်ဆောက်ခဲ့သည့် ရပ်ရွာဒေသကွန်ရက်များသည် ယုံကြည်စိတ်ချ ထိရောက်သည့် ကြိုတင်ကာကွယ်တားဆီးရေး လမ်းကြောင်းနည်းလမ်းများအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။ အီဘိုလာကပ်ရောဂါ  Crisis အကျပ်အတည်း လျော့ပါး လာသည်နှင့်အမျှ Fambul Tok နှင့် Catalyst for Peace  ငြိမ်းချမ်းရေးပေါင်းကူး ဖောင်ဒေးရှင်းတို့သည် အမျိုးသားတုံ့ပြန်မှုလုပ်ငန်း ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်ကာ ၎င်းတို့၏ ရပ်ရွာလူမှုအသိုက်အဝန်း တည်ဆောက်မှုနည်းစနစ်ကို အီဘိုလာကပ်ရောဂါ ကာလအလွန် ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လိုက်လျောညီထွေပြောင်းလဲခဲ့သည်။ အများပါဝင်သည့် ခရိုင်အဆင့် အုပ်ချုပ်မှုဖွဲ့စည်းပုံများ (Inclusive District Committees, or IDCs) ကိုခရိုင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်သည့် နေရာအဖြစ် ခရိုင်အဆင့်ပါဝင်သောအုပ်ချုပ်မှုပုံစံများ ဖန်တီးခြင်းဖြင့် ရပ်ရွာဒေသန္တရအဆင့်လုပ်ငန်းကို ပြည်သူ့စီမံကိန်း (PPP) ဟု အမည်ပြောင်းခဲ့သည်။ တစ်ဖန် ဤဖွဲ့စည်းပုံများသည် ပြိုင်ဆိုင်မှု ပြင်းထန်သည့် ၂၀၁၈ အမျိုးသားရွေးကောက်ပွဲကာလတွင်း အကြမ်းဖက်မှုများကို တားဆီးဟန့်တားသည့် ခံတပ်တံတိုင်းသဖွယ် ဖြစ်လာ ခဲ့သည်။ (Hoffman၊2019 ၊ p. 16)။

ယင်းနောက် ဒေသန္တရအစိုးရနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့သည် Fambul Tok နှင့်အတူ လုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်ကာ နိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ အခြေခံအဖြစ် ပေါင်းစပ်ထည့်သွင်းခဲ့သည်။ ဒေသန္တရအစိုးရနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရလဒ်ထွက်ပေါ်နေသော Wan Fambul အမျိုးသားမူဘောင်သည် ယခုအခါ အမျိုးသားရေးမူဝါဒဖြစ်လာပြီး ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။ Fambul Tok သည် ပဋိပက္ခသက်ရောက်မှုကို ရပ်ရွာလူမှုအသိုက်အဝန်းအဆင့်တွင် ဖြေရှင်းရန်အတွက် Sierra Leone Truth and

Reconciliation Commission ဆီရာရာလီယွန် အမှန်တရား နှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင် (၂၀၀၂-၂၀၀၄) မှ ချန်ထားခဲ့သောကွက်လပ်များကို စတင်ဖြည့်ဆည်းခဲ့သည်။ လူမှုအသိုက်အဝန်းများ၏ လူမှုစိတ်ပိုင်း ဆိုင်ရာ လိုအပ်ချက်များကို ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအခြေခံ လူမှုစိတ်ပိုင်းဆိုင်ရာချဉ်းကပ်မှု နည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရုံသာမက ကျယ်ပြန့်သောလူထုစည်းရုံးလှုပ်ရှားခြင်းတွင် ထိုဆောင်ရွက်ချက် နည်းလမ်းများ အမြစ်တွယ်စေခြင်းဖြင့် ပိုမိုရေရှည်တည်တံ့သောငြိမ်းချမ်းရေးကိုဖန်တီးနိုင်ပုံကို သရုပ်ဖော် ပြသည်။ Fambul Tok သည် စစ်ပွဲ၏ဒဏ်ရာဒဏ်ချက်များနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ် ဖြေရှင်းနိုင်သည့် အသိုက်အဝန်းကွန်ရက်တစ်ခု ပြုစုပျိုးထောင်ခဲ့ပြီး non-recurrence နောက်နောင် ထပ်မံ မဖြစ်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးသည်။

# နောက်ဆက်တွဲ ၄

## ဖြစ်စဉ်ဖြစ်ရပ်လေ့လာမှု

### လိင်အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအား လူမှု စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု၊ ကိုဆိုဗို [၁၈]

၁၉၉၉ ခုနှစ် ဇွန်လတွင် မြောက်အတ္တလန္တိတ် စာချုပ် (နေတိုး) မဟာမိတ် လေကြောင်းတိုက်ခိုက်မှုများ နောက်ပိုင်း ကိုဆိုဗို ပဋိပက္ခ ပြီးဆုံးပြီးနောက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သည်။ အယ်လ်ဘေးနီးယားလူမျိုးစု အမျိုးသမီးများအပေါ် ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အစီရင်ခံစာများ ပဋိပက္ခအတွင်းနှင့် ပဋိပက္ခလွန် ကာလများတွင် ထွက်ပေါ်လာခဲ့သည်။ ၂၀၀၀ ခုနှစ်များအလယ်ပိုင်းနှင့် နှောင်းပိုင်းများတွင်၊ Kosovar လူမျိုး Roma၊ Ashkali၊ Egyptians နှင့် Serbs အပြင် Kosovar ယောကျ်ားလေးများနှင့် အမျိုးသားများ အပါအဝင်အခြားအုပ်စုများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သည့် စွပ်စွဲချက်များ ထွက်ပေါ်လာခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ကိုဆိုဗားလူ့အဖွဲ့အစည်းတွင် ကြီးမားသော အမည်းစက်ထင်ကျန်ရစ်သည်။

ကိုဆိုဗိုရှိ လူမှုအဖွဲ့အစည်းများသည် ပဋိပက္ခအတွင်းနှင့် ပဋိပက္ခအပြီးတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အသိအမှတ်ပြုရန် အရှိန်အဟုန်ဖြင့် ဦးဆောင်ခဲ့သည်။ Medica Kosova၊ Medica Gjakova နှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများအတွက် Kosova ပြန်လည်ထူထောင်ရေးစင်တာကဲ့သို့သော ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလူမှုရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများသည် အသက်ရှင်ကျန်ရစ်သူများ၏ ဆေးဘက်ဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးပြီး အသိပညာပေးခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။ ကိုဆိုဗိုရှိ အမျိုးသမီးအခွင့်အရေး အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၄၀ ကျော်ပါဝင်သည့် umbrella အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကိုဆိုဗို အမျိုးသမီးများကွန်ရက်သည် ဤပံ့ပိုးကူညီမှုများ ပုံဖော်လှုံ့ဆော်မြှင့်တင်ရာတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ကိုဆိုဗိုလွတ်မြောက်ရေးစစ်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများအား အသိအမှတ်ပြုခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာကော်မရှင်ကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကော်မရှင်ကို ဖွဲ့စည်းပြီး သုံးနှစ်အကြာတွင် ထောက်ခံခြင်းနှင့် အသိအမှတ်ပြုခြင်းအတွက် လျှောက်လွှာပေါင်း ၁,၄၆၃ စောင် လက်ခံရရှိခဲ့သည်ဟု ၂၀၂၂ ခုနှစ်ထုတ် Exit News တွင် ဖော်ပြထားသည်။ လိင်အကြမ်းဖက်မှု၏ သားကောင်အဖြစ် " တရားဝင်အသိအမှတ်ပြုမှု"

[18] ဖြစ်ရပ်လေ့လာမှုအသေးစိတ်ကို Hobbs၊ Siobhan၊ Bees of Change: The Exponential Impact of Survivors for Micro-Grants for Survivors of Conflict-related Sexual Violence in Kosovo (Prishtinë/Priština၊ UN Women, 2019) မှ ထုတ်နုတ်ထားသည်။ နိဒါန်းတွင် ဖြည့်စွက်ထားသည်မှလွဲ၍ စာသားအများစုကို ဤအစီရင်ခံစာမှ တိုက်ရိုက် ကူးယူဖော်ပြသည်။ ဖြစ်ရပ်လေ့လာမှုအတွက် ၎င်းတို့၏မှတ်ချက်များနှင့် အကူအညီများ၊ တစ်စိတ်တစ်ပိုင်းကူးယူဖော်ပြ ခွင့်ပေးသည့် Emily Kenney နှင့် Siobhan Hobbs တို့အား ကျေးဇူးတင်ရှိပါကြောင်း။

အဆင့်အတန်းကို ရရှိထားသူများသည် လစဉ်ထောက်ပံ့ကြေး ယူရို ၂၃၀ ရရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ အသိအမှတ်ပြု လျှောက်လွှာတင်သည့် အမျိုးသမီးဦးရေမှာ သိသာထင်ရှားစွာ ဆက်လက် နည်းပါးလျက်ရှိသည်။ အကြောင်းမှာ လက်ရှိ အမဲစက်လွှမ်းမိုးမှု (ခင်ပွန်းသည်များအပါအဝင်) မိသားစုဝင်များသည် စစ်ပွဲကာလ အတွင်း ဖြစ်ပျက်ခဲ့သည်များကို မသိရှိနိုင်ခြင်းများနှင့် ဆက်စပ်သည်( Loxha, 2020)။

ဂျန်ဒါ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုတို့ကို မြှင့်တင်ရန် လုပ်ပိုင်ခွင့်နှင့်အတူ Kosovo ရှိ UN Womenသည် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအတွက် တရားမျှတမှု ပေးဆောင်ရန် အစပျိုးလုပ်ဆောင်မှုများကို ပံ့ပိုးပေးခဲ့သည်။ ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်ကြားတွင် ဥရောပသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့် UN Women သည် ကိုဆိုဗိုတွင် gender- sensitive ဂျန်ဒါ ထိရှလွယ်အကဲဆတ် ရှုထောင့်ပါဝင်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အစီအစဉ်ကို အကောင်အထည် ဖော်ခဲ့သည်။ ဤအစီအစဉ်မှတဆင့် UN Women သည် ကိုဆိုဗိုလွတ်မြောက်ရေးစစ်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများ၏ အဆင့်အတန်းကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာကော်မရှင်၊ အတိတ်နှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဝန်ကြီးဌာနများအကြား ပေါင်းစပ်လုပ်ငန်းအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများအား အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှုနယ်ပယ်များစွာနှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးခဲ့သည်။

ပြန်လည်ကုစားပေးလျော်ခြင်း reparations လုပ်ငန်းစဉ်တွင် အသက်ရှင်ကျန်ရစ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ပြီးနောက် (Hobbs၊ 2019) တွင် အသက်မွေးဝမ်းကျောင်းမှု ပံ့ပိုးပေးခြင်းသည် အမျိုးသမီးများ အတွက် အရေးတကြီး လတ်တလောလိုအပ်ချက်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ထိုလိုအပ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် UN Women သည် အသက်ရှင်ကျန်ရစ်သူများအား ၎င်းတို့ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းငယ်များ စတင်ရန် သို့မဟုတ် မြှင့်တင်သည့် microgrant project အသေးစားပံ့ပိုးကူညီမှုပရောဂျက်တစ်ခုကို အနာဂတ် ပြန်လည်ကုစားပေးလျော်ခြင်းလုပ်ငန်းများနှင့် ပေါင်းစပ်ဖန်တီးရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သည်။

အသေးစားထောက်ပံ့မှုများ၊ ဆက်စပ်ပံ့ပိုးကူညီမှုများမှတစ်ဆင့် အသက်ရှင်ကျန်ရစ်သူများသည် စက်ချုပ်နှင့် ဆံပင်ညှပ်လုပ်ငန်းများမှသည် စိုက်ပျိုးမွေးမြူရေးနှင့် ပျားမွေးမြူရေးအထိ ၎င်းတို့၏ အသေးစားလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ တိရိစ္ဆာန်နှင့် အခြားအရင်းအမြစ်များကို ဝယ်ယူနိုင်ခဲ့သည်။ (ဝန်ဆောင်မှုပေးသူများ၏ စာရင်းရေးသွင်းခြင်း၊ စာရင်းကိုင်ပညာစသည့်) အပိုဆောင်းပံ့ပိုးကူညီမှုများဖြင့် စီးပွားရေးထောက်ပံ့ငွေ အကျိုးခံစားခွင့် ရရှိသူများသည် ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းငယ်များကို စီမံခန့်ခွဲပြီး ငွေကြေးအရ အမှီအခိုကင်းလာကြသည်။ ဤသည်မှာ အများစုအတွက်ဆိုလျှင် ၎င်းတို့ဘဝတွင် ပထမဆုံး အကြိမ် ဖြစ်သည်။[19]

[19]အဆိုပါအသေးစားထောက်ပံ့ရေးအစီအစဉ်ကို ကိုဆိုဗိုအမျိုးသမီးကွန်ရက်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှလွတ် မြောက်လာသူများကို ကူညီပံ့ပိုးပေးသည့် UN Women ပရောဂျက်တစ်ခုမှတဆင့် စီမံခန့်ခွဲခဲ့သည်။ ကွန်ရက်တွင် လျှောက်လွှာများကို အကဲဖြတ်ခြင်းနှင့် ကိုဆိုဗိုအမျိုးသမီး ရန်ပုံငွေမှ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများအား ထောက်ပံ့ကြေးများ ပေးအပ်ခြင်းအတွေ့အကြုံများစွာရှိသည်။ ဤအတွေ့အကြုံကိုအသုံးပြု၍ ကိုဆိုဗိုအမျိုးသမီးကွန်ရက် သည် ပရောဂျက်ရန်ပုံငွေများကို ခွဲဝေခြင်းအတွက် စံနှုန်းများ ချမှတ်ခဲ့သည်။ ကွန်ရက်နှင့် UN Women တို့နှင့် တိုင်ပင် ဆွေးနွေးရာတွင် ရွေးချယ်ထားသော ထောက်ပံ့ကြေးအဖွဲ့ခွဲလေးခု (ဝန်ဆောင်မှုပေးသူများ) အသီးသီးသည် အသေးစားထောက်ပံ့ကြေးများ လက်ခံရရှိရန် အသက်ရှင်ကျန်ရစ်သူများကိုရွေးချယ်ရန်အတွက် ၎င်းတို့၏ ကိုယ်ပိုင် ရွေးချယ်မှုလုပ်ငန်းစဉ်ကို လုပ်ဆောင်ခဲ့ကြသည်။ ပရောဂျက်မှတဆင့်၊ ရွေးချယ်ထားသော အဖွဲ့အစည်းများသည် အသက်ရှင်ကျန်ရစ်သူများအား လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးရန် (micrograntsရရှိကြသည့် အသက်ရှင်ကျန်ရစ်သူများအတွက်သာ ကန့်သတ် မထားဘဲ) နှင့် ကိုဆိုဗိုလွတ်မြောက်ရေး စစ်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများ၏ အဆင့်အတန်းကို အသိအမှတ်ပြုခြင်းနှင့် စိစစ်ခြင်းဆိုင်ရာကော်မရှင်၏ ပံ့ပိုးကူညီမှုဖြင့် စည်းရုံးရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။ ဤနေရာတွင် ဖော်ပြထားသော သဘောထားမှတ်ချက်များသည် Hobbs (2019) ဆောင်ရွက်သည့် အသေးစားချေးငွေ ၁၇၇ ခု အကဲဖြတ်ချက်အပေါ် အခြေခံသည်။

ပရိုဂရမ်အစီအစဉ် အကဲဖြတ်ချက်တစ်ခုတွင် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုသည် အကျိုးခံစားခွင့်ရှိသူ တဦးနှင့်တဦး၊ စီးပွားရေးလုပ်ငန်းတစ်ခုနှင့် တစ်ခုအကြား ကွဲပြားခြားနားသော်လည်း၊ ရှင်သန်ကျန်ရစ်သူအားလုံး အတွက် သက်ရောက်မှုကြီးမားကြောင်း တွေ့ရှိရသည်။ ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့လက်ဖြင့် ငွေ အဝင်အထွက်စီးဆင်းမှု စီမံခန့်ခွဲနိုင်ခြင်းနှင့် ယခင်က မဝယ်နိုင်ခဲ့သောပစ္စည်းများကို ဝယ်ယူနိုင်မှုတို့ကို တွေ့ဆုံဆွေးနွေးခဲ့သည့် အသက်ရှင် ကျန်ရစ်သူအားလုံးက စိတ်အားထက်သန်စွာ ထုတ်ဖော် ခဲ့ကြသည်။ အကျိုးခံစားခွင့်များသည် ယေဘုယျအားဖြင့် ယုံကြည်မှု၊ လွတ်လပ်မှုတို့နှင့်အတူ ယခင်ကထက် ၎င်းတို့၏ကိုယ်ပိုင်ဘဝကို ပိုမိုထိန်းကြောင်းနိုင်လာကာ အမျိုးသမီး တစ်ဦးက " ကျမ ဒီလုပ်ငန်းနဲ့ ရှေ့ဆက်သွားနိုင်မယ်လို့ ခံစားရတယ် " ဟုဆိုသည်။ ယေဘုယျ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ၊ ဘဝနှင့် အနာဂတ်အတွက် မျှော်လင့်ချက်အသစ်များ ပြန်လည်ရရှိလာမှုတို့ အပါအဝင် ရုပ်ပိုင်းနှင့် စိတ်ပိုင်း ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုလည်း တင်ပြကြသည်။ ယင်းကို အကျိုးခံစားခွင့်ရှိသူများက ဘဝ အလှည့်အပြောင်းနှင့် ဆတိုးပြောင်းလဲမှုအဖြစ် ဖော်ပြကြပြီး အဆိုပါပြောင်းလဲမှုများသည် ပိုမိုကျယ်ပြန့်သော မိသားစုအသိုင်းအဝန်းထံ ပျံ့နှံ့သွားခဲ့သည်။ ပိုင်ဆိုင်မှုများသည် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပေးစွမ်းရုံ သာမက၊ အရေးကြီးသည်မှာ ၎င်းတို့၏ခင်ပွန်းများနှင့် အခြားမိသားစုဝင်များထံမှ ပိုမိုလေးစားမှုနှင့် ပံ့ပိုးကူညီမှုတို့ ရရှိစေခဲ့သည်ဟု အကျိုးခံစားခွင့်ရှိသူအများအပြားက ထုတ်ဖော်ပြောပြကြသည်။ ပရောဂျက်တွင် ပါဝင်ဆောင်ရွက် ခြင်းနှင့် အသေးစားလုပ်ငန်းတစ်ခု ထူထောင်ခြင်းသည် လူများစွာကို ပဋိပက္ခတွင်း ၎င်းတို့၏ အတွေ့အကြုံများ အကြောင်း ၎င်းတို့၏မိသားစု (အထူးသဖြင့်ခင်ပွန်းများ) နှင့် ပထမဆုံးအကြိမ် ပြောဆိုဆွေးနွေးရန် အခွင့်အလမ်း ပေးသည်။ အသေးစားစီးပွားရေးလုပ်ငန်းများသည် ပဋိပက္ခဒဏ်ခံရသော မိသားစုဝင်များအပေါ် အပြုသဘော ဆောင်သော သက်ရောက်မှုများလည်းရှိသည်။ ပဋိပက္ခအတွင်း ညှဉ်းပန်းနှိပ်စက်ခံရသည်ဟု သတင်းများထွက်ပေါ် နေချိန်မှစ၍ သားဖြစ်သူသည် လူသူအတွေ့မခံ အိမ်တွင်းပုန်း နေထိုင်ခဲ့ရကြောင်း၊ သို့သော် ယခုအခါ ၎င်း၏သား သည် သူမ၏လုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း လွတ်မြောက်လာသူတစ်ဦးက ဆိုသည်။

ဤအစီအစဉ်သည် ကျယ်ပြန့်သော အသွင်ကူးပြောင်းရေး တရားမျှတမှု အခင်းအကျင်းနှင့် ဆက်စပ်မှုရှိသည်။ ပြန်လည် ကုစားပေးလျော်ခြင်းလုပ်ငန်းစဉ် စတင် အကောင်ထည်ဖော်ရန် မျှော်လင့်ထားသည်ထက်ပို၍ အချိန် ကြန့်ကြာလာသည်နှင့်အမျှ၊ အသေးစားထောက်ပံ့ရေး ပရောဂျက်သည် အသက်ရှင်ကျန်ရစ်သူများအား မျှော်လင့်ချက် အရှုံးမပေးရန်နှင့် ၎င်းတို့ကို ပံ့ပိုးကူညီနေသည့် အဖွဲ့အစည်းများနှင့် ကူညီနေသူများသည် ၎င်းတို့နှင့်အတူ ရှိနေကြောင်း ယုံကြည်မှုရှိစေရန် တွန်းအားပေးခဲ့သည်။ အပြောင်းအလဲ တိုးတက်မှုများ မျက်မြင် ကြုံတွေ့ရပြီး တရားမျှတမှုရရှိစေသည့်အတွက် အားတက်မိကြောင်း ခွန်အားများတိုးလာကြောင်း တွေ့ဆုံမေးမြန်း ခဲ့သည့် အသက်ရှင်ကျန်ရစ်သူများက ဆိုကြသည်။ ဤသည်မှာ ပြန်လည် ကုစားပေးလျော်ခြင်း ရယူပိုင်ခွင့်၊ ခံစားခြင်းနှင့် ရှုံ့ချပြစ်တင်ခံရမည့် စိုးရိမ်ကြောက်ရွံ့စိတ်များ တိုက်ဖျက်တွန်းလှန်ရာတွင် အသက်ရှင် ကျန်ရစ်သူများအကြား မိမိကိုယ်ကို ယုံကြည်မှုတိုးပွားလာခြင်းများသည် *micrograntss* များ၏ စွမ်းအားနှင့် ပိုမိုကျယ်ပြန့်သော လူမှုရေး စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို ဖော်ပြသည်။

တစ်နည်းဆိုရသော် (တစ်ဦးချင်း၊ မိသားစုအလိုက်နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ) လူမှုရေး စိတ်ပိုင်းဆိုင်ရာ အကျိုးခံစားခွင့်များအပြင်၊ ဤပရောဂျက်သည် ကိုဆိုဗို လွတ်မြောက်ရေး စစ်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရသူများ အဆင့်အတန်းကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုရေး ကော်မရှင်မှပေးအပ်ထားသည့် ရှိပြီးသား ပြန်လည်ကုစားပေးလျော်ခြင်းများ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကျိုးသက်ရောက်မှုကို မြှင့်တင်ရန်အတွက်

လျော်ကြေးငွေများကို ဖွံ့ဖြိုးရေးအကူအညီနှင့် အတိအလင်း ချိတ်ဆက်ထားပုံပေါ်သည်။ လွတ်မြောက်လာသူများအား ၎င်းတို့၏လျော်ကြေး ရံပုံငွေများကို ရေရှည်တည်တံ့ခိုင်မြဲစွာ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းပေးကာ ပိုမို ကျယ်ပြန့်သော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု စဉ်ဆက်မပြတ် လုပ်ငန်းစဉ်များကို အားပေးလျက်ရှိသည်။

# နောက်ဆက်တွဲ ၅

## လူမှုမိတ်ဖွဲ့ခြင်း၊ မြောက်အိုင်ယာလန်

### ဖြစ်စဉ်ဖြစ်ရပ်လေ့လာမှု

Befriending လူမှုမိတ်ဖွဲ့ခြင်းသည် ယေဘုယျအားဖြင့် ဖွံ့ဖြိုးသည့် အနောက်တိုင်း လူမှုအဝန်းအဝိုင်းများတွင် ထင်ရှားသောဝန်ဆောင်မှုတစ်ခုဖြစ်ပြီး သက်ကြီးရွယ်အိုများ၊ ဉာဏ်ရည်ဉာဏ်သွေးအခက်အခဲရှိသူများ၊ လှုပ်ရှား သွားလာနိုင်မှု အကန့်အသတ်ရှိသည့် မသန်စွမ်းသူများအပါအဝင် အပယ်ခံနှင့် အထီးကျန်အုပ်စုများကို အလေးပေး ပံ့ပိုးခြင်းဖြစ်သည်။ (ဥပမာ၊ Scott နှင့် အခြားသူများ၊ ;2019 Tse and others၊ ;2021 Wiles and others, 2019 တွင်ရှု)။ ထို့အပြင် မြောက်အိုင်ယာလန်တွင် နိုင်ငံရေးပဋိပက္ခမှ အသက်ရှင်ကျန်ရစ်သူများကို လူမှုမိတ်ဖွဲ့ခြင်းဖြင့် လည်း ပံ့ပိုးကူညီခဲ့သည်။

လေ့ကျင့်သင်ကြားထားသော လူမှုမိတ်ဖွဲ့သူများသည် ဆွေမျိုးသားချင်း ဆုံးရှုံး သွားခဲ့ ရသူများထံ သွားရောက်ကာ ၎င်းတို့နှင့် ဖေးမကူညီသောဆက်ဆံရေးကို တည်ဆောက်ကြသည်။ မြောက်အိုင်ယာလန် လူမှုမိတ်ဖွဲ့ခြင်းတွင် အများ အားဖြင့် အိမ်များသို့သွားရောက် လည်ပတ်ခြင်း သို့မဟုတ် အုပ်စုလိုက်တွေ့ဆုံခြင်း သို့မဟုတ် စောင့်ရှောက်မှုဂေဟာ drop-in center များသို့ သွားရောက်ဆောင်ရွက်ခြင်းများ ပါဝင်သည် (Dillenburger, Fargas and Akhonzada, 2007a)။ ဤချဉ်းကပ်မှုအများစုသည် မူလက သူ့အလိုအလျောက် အသိုက်အဝန်းချိတ်ဆက်မှုများမှ ပေါက်ဖွားလာ ခဲ့သည်။ နောက်ပိုင်းတွင် ၎င်းကို ကျန်ရစ်သူအဖွဲ့အစည်းများ (ပဋိပက္ခကြောင့် သေဆုံးမှုများကိုသာ ဦးစားပေး အာရုံစိုက်ခြင်းမဟုတ်ဘဲ) ပရော်ဖက်ရှင်နယ်ပြုလုပ်လာခဲ့ကြပြီး၊ ထို့နောက် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ ပဋိပက္ခ၏သားကောင်များကို အထူးအာရုံစိုက်ကာ ဤနည်းလမ်းကို အသုံးပြုခဲ့သည်။ လူမှုမိတ်ဖွဲ့ခြင်းသည် ယေဘုယျအားဖြင့် အိမ်များသို့ သွားရောက်လည်ပတ်၍ ဥပမာ - ပုံစံများဖြည့်ခြင်း သို့မဟုတ် အခြားအသေးစား ပြင်ဆင်မွမ်းမံခြင်းများကဲ့သို့ အိမ်မှုကိစ္စအလုပ်များကူညီပေးခြင်း၊ နားထောင်ပေးခြင်း၊ အထူးသဖြင့် အထီးကျန် အသက်ရှင်ကျန်ရစ်သူများကို ဖေးမကူညီပေးသည် (Dillenburger, Fargas and Akhonzada, 2007a)။ ထိုရိုးရာ အစဉ်အလာ လူမှုမိတ်ဆွေများသည် ချစ်ရသူများသေဆုံးသည့် နှစ်ပတ်လည်အမှတ်တရ အထိမ်းအမှတ်နေ့များကဲ့သို့ အထူးနေ့ရက်များတွင်လည်း ထိခိုက်ထိခိုက်နစ်နာသူ victims များနှင့်ဆက်သွယ်ခြင်း၊ သတင်းစကားမေးခြင်း၊ အလွတ်သဘော သွားရောက်ဖေးမကူညီပေးကြသည်။ လူမှုမိတ်ဖွဲ့ခြင်းသည် အထီးကျန်ခြင်းကို တိုက်ဖျက်ရန်နှင့် အသက်ရှင်ကျန်ရစ်သူများကို ကွန်ရက်များပံ့ပိုးပေးရန် သို့မဟုတ် အချို့ကိစ္စများတွင် ပရော်ဖက်ရှင်နယ်ဝန်ဆောင်မှု များထံသို့ ချိတ်ဆက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။

အချို့သောအခြေအနေများတွင် လူမှုမိတ်ဖွဲ့ခြင်းသည် self-help groups ကိုယ်ထူကိုယ်ထအဖွဲ့များနှင့် ထိတွေ့ ဆက်ဆံခြင်းသို့ ဦးတည်ခဲ့သည်။ ရပ်ရွာစင်တာ၊ ဘာသာရေးအဆောက်အအုံ သို့မဟုတ် အခြားရိုးရာဓလေ့ ဆုံဆည်း ကျင်းပရာ နေရာကဲ့သို့သော ရင်းနှီးကျွမ်းဝင်သောနေရာတစ်ခုတွင် (လေ့ကျင့်သင်ကြားထားသည့် ပရော်ဖက်ရှင်နယ် တစ်ဦး ပါသည်ဖြစ်စေ သို့မဟုတ် မပါသည်ဖြစ်စေ) အသက်ရှင်ကျန်ရစ်သူ survivors များ စုဝေးတွေ့ဆုံပြီး အပြန်အလှန် မျှဝေ ပြောပြကြသည့် ရိုးရှင်းသောဖြစ်စဉ်တခုလည်း ဖြစ်နိုင်သည်။ ထို့အတူ လွတ်မြောက်လာသူ တစ်ဦးအား စစ်မေးခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းကဲ့သို့သော သီးခြားလုပ်ငန်းစဉ်တစ်ခုအတွင်း လူမှု အသိုက်

အဝန်းက ဝန်းရံပံ့ပိုးပေးခြင်းဖြင့် အခြားအသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အတူ ယှဉ်တွဲ၍ လူမှုမိတ်ဖွဲ့ ဝန်ဆောင်မှုများကို မြောက်အိုင်ယာလန်တွင် အကောင်အထည်ဖော်ခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်ရှိ ပဋိပက္ခသားကောင် victims of the conflict များအတွက် ဝန်ဆောင်မှုများ ပြန်လည်သုံးသပ်မှုတွင် လူမှုမိတ်ဖွဲ့ခြင်း၊ self-help groups ကိုယ်ထူကိုယ်ထအဖွဲ့များနှင့် ဖြည့်စွက်ကုထုံးများကဲ့သို့သော ရပ်ရွာလူမှုအသိုက်အဝန်း အခြေပြု ဝန်ဆောင်မှုများသည် အထိရောက်ဆုံး ဝန်ဆောင်မှုကဏ္ဍများဖြစ်ပြီး ယေဘူယျစိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ကျရောဂါ အခြေအနေများအပေါ် သိသာထင်ရှားသော တိုးတက်မှုများနှင့်ဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။ (Dillenburger၊ Fargas နှင့် Akhonzada၊2007 a နှင့်2007 b)။

အသက်ရှင်ကျန်ရစ်သူ survivors များကလည်း ၎င်းတို့ကို အရေးပါ အခရာကျသည်ဟု ခံယူကြသည်။ " အကြံဉာဏ်နှင့် သတင်းအချက်အလက်ပေးခြင်း၊ အနှိပ်ခံကုထုံး massage၊ အာရိုမာကုထုံး၊ အဖွဲ့လိုက်ကုထုံး၊ သက်သာရာဖွေရှာခြင်း/အပန်းဖြေ အနားယူခြင်း respite care/time-out၊ လူငယ်လှုပ်ရှားမှု youth work၊ ဇာတ်လမ်းဇာတ်ကြောင်း တင်ဆက်ခြင်း narrative work နှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း counselling ကဲ့သို့သော အခြားဝန်ဆောင်မှုအချို့အတွက် ရလဒ်များသည် ရှင်းရှင်းလင်းလင်းမရှိဟု ထိုသုံးသပ်ချက်တွင် တွေ့ရှိသည်။ ဆိုလိုသည်မှာ အချို့သောလူများသည် ဤဝန်ဆောင်မှုများကို အသုံးပြု၍ သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာသော်လည်း ဤဝန်ဆောင်မှုများကို အသုံးမပြုသော အခြားသူများသည်လည်း သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည်။ သို့သော် ဤဝန်ဆောင်မှုအားလုံးကို အင်တာဗျူး ဖြေဆိုသူများမှ အလွန်တန်ဖိုး ထားကြောင်း ဆိုကြသည် " (Dillenburger, Fargas and Akhonzada, 2007b, p. 204)။

သို့သော် စိတ်ဝင်စားစရာကောင်းသည်မှာ၊ မကြာသေးမီနှစ်များအတွင်း လူမှုမိတ်ဖွဲ့ခြင်း ဝန်ဆောင်မှုများသည် ၁၉၉၀ ပြည့်လွန်နှစ်များနှောင်းပိုင်းနှင့် ၂၀၀၀ ပြည့်လွန်နှစ်များ အစောပိုင်းကာလများကဲ့သို့ လွှမ်းမိုးမှုမရှိတော့ပေ။။ ထိခိုက်နစ်နာသူ victims များဟု ခေါ်သည့်ကဏ္ဍသည် တစနှင့်တစ ပို၍ ပရိဖက်ရှင်နယ်ဆန်လာပြီး အသိအမှတ်ပြုလက်မှတ် accreditation နှင့် စိတ်ပိုင်းဆိုင်ရာကုထုံးများဆီသို့ ပိုမိုခိုင်မာစွာ တွန်းအားပေးလာသည် (Gilligan, 2006)။ အချို့ကိစ္စများတွင် လူမှုမိတ်ဖွဲ့ခြင်းဝန်ဆောင်မှုများကို ပရော်ဖက်ရှင်နယ်" outreach workers ကွင်းဆင်းလုပ်သား" ဝန်ဆောင်မှုများဖြင့် အစားထိုးခဲ့သည်။ လူမှုအဖွဲ့အစည်းများမှ ပေးဆောင်သော ဝန်ဆောင်မှုများနှင့်အတူ ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများဆိုင်ရာ အစိုးရရံပုံငွေ အထောက်အပံ့ဝန်ဆောင်မှု [20] အပါအဝင် ပရော်ဖက်ရှင်နယ် စိတ်ကုထုံးနှင့် နှစ်သိမ့် ဆွေးနွေးခြင်း counsellingဝန်ဆောင်မှုများကို ထည့်သွင်းလာကြသည်။ ၂၀၀၂ ခုနှစ်အစောပိုင်းလောက်ကစ၍၊ မိတ်ဖွဲ့ခြင်းကဲ့သို့သော အဖိုးတန်သည့် ရပ်ရွာလူထုအခြေပြု ဝန်ဆောင်မှုများသည် ဘေးဖယ်ချောင်ထိုးခံရဖွယ်ရှိပြီး အပြုသဘောဆောင်သော ရပ်ရွာထောက်ပံ့ရေး ဝန်ဆောင်မှု ရန်ပုံငွေများကို နှစ်သိမ့်ဆွေးနွေးခြင်းအပါအဝင် ပရော်ဖက်ရှင်နယ်ဆန်သည်ဟုဆိုသည့် ဝန်ဆောင်မှုများဆီသို့ ဦးတည်သွားနိုင်သည်ဟု သတိပေးချက် ထွက်ပေါ်ခဲ့သည် (Clio Evaluation Consortium အကဲဖြတ်အဖွဲ့၊ ၂၀၀၂) ရပ်ရွာလူမှုအသိုက်အဝန်းဝင်အချင်းချင်း ပံ့ပိုးကူညီကြသည့် ဒေသခံအလေ့အထအပေါ်အခြေခံကာ လေ့ကျင့်သင် ကြားထားသည့် လူမှုမိတ်ဖက်များအား ကုန်ကျစရိတ် သက်သာစွာဖြင့် အသုံးပြု၍ တည်ဆောက်ထားသော လွတ်မြောက်လာသူ survivors များ၏ အဆင့်အတန်းမြင့်မားသည့် ဝန်ဆောင်မှု လူမှုမိတ်ဖွဲ့ခြင်း တန်ဖိုးစစ် တန်ဖိုးမှန်သည် အငြင်းပွားဖွယ်ရာ ဆုံးရှုံးလျက်ရှိသည်။

[20] victimsservice.org တွင်ရှု။

# နောက်ဆက်တွဲ ၆

## ဖြစ်စဉ်ဖြစ်ရပ်လေ့လာမှု

## မျိုးဆက်အသီးသီးအကြား လူမှု စိတ်ပိုင်းဆိုင်ရာလုပ်ငန်း၊ ဘူရွန်ဒီ [၂၁]

ဘူရွန်ဒီ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကို (Truth and Reconciliation Commission) ၁၉၆၂ ခုနှစ် ဇူလိုင်လ ၁ ရက် ဘယ်လ်ဂျီယံလက်အောက်မှ လွတ်မြောက်သည့် လွတ်လပ်ရေးမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက် အပစ်အခတ်ရပ်စဲရေးအထိ လူမျိုးစုအတွင်း ပဋိပက္ခများကို စုံစမ်းစစ်ဆေးရန် ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ သို့သော်လည်း တရားဝင်မှုနှင့် အစိုးရ အမှီခိုကင်းလွတ်လပ်မှု မရှိခြင်း၊ ကန့်သတ်ဘတ်ဂျက်များကြောင့် အခက်ကြုံရသည်။ လေးနှစ်သက်တမ်း ကုန်ဆုံးချိန်တွင် အနည်းငယ်သာအောင်မြင်ခဲ့ပြီး ဘူရွန်ဒီတစ်ဝှမ်းရှိ ထိခိုက်နစ်နာသူများနှင့် လူမှုအသိုက်အဝန်း အများစုအကြား မသိသလောက် နည်းပါးသည်။ ကော်မရှင်အသစ်ကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ပိုင်ခွင့်ကို ၁၈၈၅ ခုနှစ်ကာလများအထိ ချဲ့ထွင်ခဲ့သည်။ ကော်မရှင် ပိုမိုအသက်ဝင်ကြောင်း သက်သေပြနိုင် ခဲ့သော်ငြားလည်း ၎င်း၏ လွတ်လပ်အမှီခို ဩဇာကင်းမှုအပေါ် သိသိသာသာ ဝေဖန်မှုများ ရှိလာကာ အချို့က အာဏာရပါတီ၏ လက်ကိုင်တုတ် ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ [22] ကော်မရှင် အဓိကဗျူဟာများထဲမှ တစ်ခုသည် သင့်လျော်သော ပရိတိုကောလုပ်ထုံးလုပ်နည်းများ မပါဘဲ ကျွမ်းကျင်မှု အကန့်အသတ်ဖြင့် အစုလိုက် အပြုံလိုက်သတ်ဖြတ် မြှုပ်နှံထားသည့် သင်္ချိုင်းနေရာများ ပြန်လည်တူးဖော်ခြင်း ဖြစ်သည်။ ကော်မရှင်ခွင့်ပြုချက်ဖြင့် ထိုတူးဖော်မှုများသည် ၁၉၇၂ ခုနှစ် အကြမ်းဖက်မှု အပေါ်ကိုသာ သီးသန့်နီးပါး အာရုံစိုက်ခဲ့ပြီး၊ ထိုသည်မှာ အတိတ်နှင့် ပတ်သက်၍ တူညီသော ဟူတူဗားရှင်း *Hutu version* ရှုထောင့်အမြင်ကို ဆက်လက်ဆွဲကိုင်သည်ဟု လေ့လာသူအများအပြားမှ စွဲချက်ထုတ်ခဲ့ကြသည်။ အတိတ်ကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခြင်းဆိုသည်မှာ အများပြောဒဏ္ဍာရီဇာတ်လမ်း *collective myths* များသည် ကိုယ်ပိုင်လက္ခဏာသွတ်သွင်းခြင်း *constitutive elements of identity*၊ အကြောက်တရားနှင့် အကြမ်းဖက်မှု မောင်းနှင်အား *powerful drivers of fear and violence* များဖြစ်လာသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထင်ရှားသည့် ပြယုဂ်တခုမှာ ယခင်သမ္မတ တတိယသက်တမ်းကို ဆန့်ကျင်သည့် လူထုဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည့် ၂၀၁၅ အကျပ်အတည်း ဖြစ်သည်။ အတိတ်နှင့် ပစ္စုပ္ပန် အကြမ်းဖက်မှုများအပေါ် ဒေသခံပြည်သူများ၏ နားလည်သဘောပေါက်ပုံများကလည်း မီးမွှေးစေ့ဆော်မှုများဖြစ်စေခဲ့ပြီး ၂၀၁၅ မေလ မအောင်မြင်သည့် အာဏာသိမ်းမှုတွင် အထွတ်အထိပ်ရောက်ခဲ့သည်။ အာဏာရပါတီနှင့် ဆက်နွယ်သည့် နိုင်ငံရေးသမားအချို့က တူစီ Tutsi ဦးဆောင်သည့် ဆန္ဒပြပွဲများအဖြစ် သွတ်သွင်းရန် ကြိုးပမ်းအားထုတ်ခဲ့ကြသော်ငြားလည်း ၂၀၁၅

[21] ဤဖြစ်ရပ်လေ့လာမှုကို Burundi ရှိ Impunity Watch ရုံးမှ ဒါရိုက်တာ David Taylor နှင့် ပူးတွဲပြုစုသည်။

[22] https://www.justiceinfo.net/en/39395-burundi-a-truth-commission-as-political-diversion.html တွင်ရှု

အဖြစ်အပျက်များသည် အပြောင်းအလဲ မှတ်တိုင် တခုဖြစ်ခဲ့သည်။ (ဆန္ဒပြ လူငယ်အများစုမှာ ဟူတူနှင့် တူစီ မျိုးနွယ်နှစ်ခုစလုံးဖြစ်သည်။) သို့သော်လည်း အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်မှုစောင့်ကြည့် လေ့လာရေးအဖွဲ့ *Impunity Watch* သုတေသနပြုချက်များအရ လူငယ်များသည် ၎င်းတို့ ပတ်ဝန်းကျင်ရှိ နိုင်ငံရေးအုံကြွ မငြိမ်သက်မှု များကို နားလည်ပုံနှင့် ရှင်းပြရာတွင်လည်း လူမျိုးစွဲအပေါ် ဆက်လက်အခြေခံနေလေ့ရှိဆဲဖြစ်ကြောင်း၊ အတိတ်ဒဏ်ရာဆိုးမွေကို နောက်ခံထား ပြုမူနေကြကြောင်းနှင့် ထိုအကြောင်းအရာ ပြဿနာများကို နိုင်ငံရေးသမားများက ကြိုးကိုင်ချယ်လှယ်နေကြောင်း ဖော်ပြသည်။ (Impunity Watch၊2015 ၊)

ဤအခြေအနေတွင် ဘရွန်ဒီအရပ်ဘက်လူ့အဖွဲ့အစည်း Trauma Healing and Reconciliation Services (THARS) နှင့် ပူးပေါင်း၍ Impunity Watch သည် စိတ်ဒဏ်ရာ ကုစားခြင်း၊ လူမှု စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ မျိုးဆက်များအကြား မဟာဗျူဟာများကို ရပ်ရွာအဆင့်တွင် အကောင်အထည်ဖော်လျက်ရှိသည်။ ဤဗျူဟာများအတွက် လူငယ်များသည် အဓိကကျသည်။ ဤလုပ်ငန်းတွင် Bujumbura၊ Cibitoke နှင့် Muyinga ပြည်နယ်သုံးရှိ ရပ်ရွာလူမှုအသိုက်အဝန်း ၇၀ မှ “ခေတ်ပြိုင်သုတေသီများ peer researchers” ဟုလူသိများသော လူငယ် ၁၄၀ ဦး၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု ဆိုင်ရာ သုတေသန လည်းပါဝင်သည်။

ရည်ရွယ်ချက်မှာ လူငယ်များအား ၎င်းတို့၏ ရပ်ရွာအကြမ်းဖက်မှု သမိုင်းကြောင်းကို သုတေသနပြုရန် ပံ့ပိုးပေးပြီး အတိတ် အမှန်တရားရှာဖွေရေး လုပ်ငန်းစဉ် ဖော်ဆောင်ရန် ဖြစ်သည်။ နောက်ပိုင်းတွင် ထိုသမိုင်းများကို မတူညီသော မျိုးဆက်များအကြား ဆွေးနွေးမှု အခွင့်အလမ်း ပလက်ဖောင်းများ ပွင့်လာစေရန်နှင့် ရပ်ရွာလူထုက ဦးဆောင်သော အောက်မေ့ဖွယ် အစပျိုးမှုများအတွက် ပေါင်းကူးအဖြစ် အသုံးပြုခဲ့သည်။ လုပ်ငန်းစဉ်တလျှောက်လုံးတွင် တစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအမျိုးမျိုးဖြင့် ဝိုင်းရံပေးခဲ့သည်။

ဤလုပ်ငန်းစဉ်သည် အရင်းအမြစ်တစ်ခုအဖြစ် စုစည်းထားသော ရပ်ရွာအမှတ်တရ သမိုင်းစာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပြီး သင်ထောက်ကူ နည်းနိဿယတွဲများ အပါအဝင် အတိတ်ဇာတ်ကြောင်းရှုထောင့်အမြင်စုံကို မီးမောင်းထိုးပြ ထင်ဟပ်စုစည်းထားသည်။ ဤအစပျိုးမှုလုပ်ငန်းစဉ်တွင် လူငယ်များသည် passive recipients နားထောင်လက်ခံသူများ သက်သက်ထက်စာလျှင် အတိတ်ကို ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းသူများအဖြစ် ပါဝင်ကြသည်။ အဓိကအားဖြင့် လူငယ်များသည် မျိုးဆက်များအကြား ဆွေးနွေးမှုများနှင့် ရပ်ရွာအခြေပြု တရားမျှတမှု သို့မဟုတ် အမှတ်တရသမိုင်း လုပ်ငန်းစဉ်များကို တွန်းအားပေးကြပြီး၊ ထိုမှတဆင့် လူငယ်များနှင့် ပိုမိုကျယ်ပြန့်သောလူမှုအသိုက်အဝန်းများအတွင်း အတိတ်ကို ပိုမိုလွှမ်းခြုံ နားလည်လာစေရန် အထောက်အကူဖြစ်စေခဲ့သည်။ ၂၀၂၀ ခုနှစ် တစ်နှစ်တည်းတွင်၊ ဒေသန္တရလူမှုအသိုင်းအဝန်းအဆင့် မျိုးဆက်များအကြား အပြန်အလှန်ဆွေးနွေးမှု ၁၈၀ ပြုလုပ်ခဲ့သည်။ Nyubahiriza ပရိုဂရမ်အစီအစဉ်အောက် လူမှုအသိုက်အဝန်း ၇၀ နှင့် Akariho karavugwa အစီအစဉ်အောက် လူမှုအသိုက်အဝန်း ၆၀ တို့တွင် ဒေသအာဏာပိုင်များသည် စွမ်းရည်မြှင့်တင်ရေး သို့မဟုတ် စည်းရုံးလှုံ့ဆော် အလုပ်ရုံဆွေးနွေးပွဲများသို့ အခါအားလျော်စွာ ပါဝင်တက်ရောက်ခဲ့သည်။ လူ ၉၀၀ ကျော်ကို စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု ပံ့ပိုးပေးခဲ့ပြီး လူ ၄၅၀ ကျော်သည် မျိုးဆက်သစ် အပြန်အလှန်ဆွေးနွေးမှုများ နှင့် အောက်မေ့ဖွယ် အမှတ်တရ ဇာတ်ပြု၍ အပြန်အလှန်ချိတ်ဆက်သည့် ပြဇာတ်များတွင် ပါဝင်ခဲ့ကြသည်။ အောက်မေ့ဖွယ်အမှတ်တရ နေရာအခွင့်အလမ်းများ၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ဒေသခံ ရပ်ရွာအဆင့်တွင် အစပြုခြင်းများနှင့် စိတ်ဒဏ်ရာကုစားခြင်း လုပ်ငန်းစဉ်များကဲ့သို့သော အတိတ်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ယုံကြည်စိတ်ချရသည့် ဖိုရမ်များထားရှိခြင်းသည် လူမှုပေါင်းစည်းမှုကို မြှင့်တင်ရန် အထောက်အကူဖြစ်စေကြောင်း တွေ့ရှိရသည်။ ဤအရာအားလုံးသည် နိုင်ငံရေးကြိုးကိုင် ခြယ်လှယ်မှုကို ကန့်သတ်ဟန့်တားရန် ကူညီပေးပြီး အနာဂတ်အကြမ်းဖက်မှုများ မဖြစ်ပွားစေရန်

ကာကွယ်ပေးသည့် ခံနိုင်ရည်အား တည်ဆောက်ရာတွင် ရေရှည်အကျိုးသက်ရောက်မှု ဖြစ်ထွန်းစေသည်။

ထို့အပြင် လူငယ်အယောက် ၂၀၀ ကို လူမှုစိတ်ပိုင်းဆိုင်ရာ လက်ထောက်များအဖြစ် လေ့ကျင့်သင်ကြားခဲ့ပြီး Bujumbura ကျေးလက်၊ Cibitoke နှင့် Muyinga ရှိ လူမှုအသိုက်အဝန်းများတွင် နားထောင်ပေးခြင်းနှင့် အခြေခံပံ့ပိုးမှုများ ဝန်ဆောင်မှုပေးခြင်း၊ ခရိုင်အဆင့် စိတ်ပညာရှင်ထံ လွှဲပြောင်းခြင်းများ ဆောင်ရွက်ပေးကြ သည်။ ၂၀၁၉ ခုနှစ်တွင် Akariho kara vugwa အစီအစဉ်အရ လူမှုစိတ်ပိုင်းဆိုင်ရာ လက်ထောက်များသည် ကွင်းဆင်း လုပ်ငန်း ၂၉၅ ခုတွင် လူပေါင်း ၂၀,၀၀၀ ကျော်နှင့် ထိတွေ့ခဲ့သည်။ အကူအညီရယူခြင်းသည် စွမ်းဆောင်ရည်ထက် ကျော်လွန်သွားသော်ငြားလည်း စိတ်ကျန်းမာရေးနှင့် သက်ဆိုင်သည့် တားမြစ်ချက်များကို စိန်ခေါ်ထားသည်။ ဤလုပ်ငန်းသည် လူမှုစိတ်ပိုင်းဆိုင်ရာ နယ်ပယ်ဘောင်အဖြစ် သတ်မှတ်ထားသောကြောင့် အတိတ်ကို ကိုင်တွယ် ဖြေရှင်းရန် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေသည်။

